

၂၀၀၅ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ စာပေဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ
**"ဘဝပုံရိပ်အတိတ်စာပန်းချီ ဝတ္ထုတိုများ"**
ရေးသူ - မောင်စိုးထိုက် (သုံးဆယ်)

အဖ ဦးထွန်း၊ အမိ ဒေါ်အုန်းရီတို့မှ ၁၃၁၂ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့တွင် သုံးဆယ်မြို့တောင်ပန်းဆွဲရွာ၌ မွေးဖွားသည်။ သုံးဆယ်မြို့ ကြပ်ချောင်းရွာ အလယ်တန်းကျောင်းနှင့် မရမ်းကုန်း အ.ထ.က (၄) တို့တွင် ဆယ်တန်းအထိ သင်ကြားခဲ့သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ မိုးလေဝသဌာနနှင့် အထည်အလိပ်လုပ်ငန်းတို့တွင် တာဝန် ထမ်းဆောင်ခဲ့သည်။

ကျောင်းသားဘဝက ပန်းချီ၊ စာစီစာကုံး၊ တေးသီချင်း၊ သံချပ်နှင့် ကျပန်းစကားပြောပြိုင်ပွဲတို့မှ ဆုပေါင်း တစ်ရာကျော် ရရှိခဲ့သည်။

စာပေဗိမာန်စာမူဆုများအဖြစ် ၁၉၈၄ ခုနှစ်တွင် စာပဒေသာဆုနှင့် ၁၉၉၉ ခုနှစ်တွင် ကလေးစာပေ ဒုတိယဆုတို့ ရရှိခဲ့သည်။ တပ်မတော်နေ့ စာပေပြိုင်ပွဲများအဖြစ် ၁၉၉၉ ခုနှစ်တွင် ဝတ္ထုရှည် ပထမဆု၊ ၂၀၀၀ ပြည့်နှစ်တွင် ဝတ္ထုရှည် ဒုတိယဆုနှင့် ဆောင်းပါးဆု၊ ၂၀၀၁ ခုနှစ်တွင် ဝတ္ထုတို ဒုတိယဆုနှင့် ဆောင်းပါးဆု၊ ၂၀၀၂ ခုနှစ်တွင် ဝတ္ထုတို တတိယ ဆုနှင့် ၂၀၀၅ ခုနှစ်တွင် ဝတ္ထုရှည်ဆုများ ရရှိခဲ့သည်။ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးစာပေပြိုင်ပွဲဆုများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စာပေပြိုင်ပွဲဆုများလည်း ဆွတ်ခူးခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အဖြစ် ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်း ဦးစိုးရှိန် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၃၇၇၊ ၅၄ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။



၂၀၀၅ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေစာပေဆု

ဝတ္ထုတိုပေါင်းချုပ်

တတိယဆုရ

# ဘဝပုံရိပ်  အတိတ်စာပန်းချီဝတ္ထုတိုများ

မောင်စိုးထိုက် (သုံးဆယ်)


စီစဉ်တည်းဖြတ်သူ - ဦးညွန့်ဟံ (ညွန့်ဟံ -ကြူတော)
စာတည်း (တာဝန်ခံ)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀

**တန်ဖိုး ( ၃၅၀ ) ကျပ်**

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်
စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)က မှတ်ပုံတင်အမှတ်
(၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့်
ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

✡ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

✡ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။

✡ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

✡ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

✡ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

✡ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

✡ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာ့စိတ်ထား | ၁ |
| ၂။ | အသိမဲ့ သတိမဲ့ အချစ် | ၅ |
| ၃။ | ရှက်သင့်မှုရှက်လေကွယ် | ၁၅ |
| ၄။ | အချစ်ပြစ်ဒဏ်ခံပြီးအပြန် | ၂၆ |
| ၅။ | အူဝဲသံနှင့်အတူ | ၄၂ |
| ၆။ | ခင်ထားရေ သားတွေကို ပြောပေးပါ | ၆၄ |
| ၇။ | မျှော်နေမယ် မျှော်နေမယ် မောင်မောင်စစ်သားရယ် | ၇၉ |
| ၈။ | တစ်ယောက်အမှား၏ နောက်ကွယ်တွင် | ၉၄ |
| ၉။ | စွန့်လွှတ်စွန့်စားသူတို့ အောင်ပွဲ | ၁၀၃ |
| ၁၀။ | သွေးက စကားပြောနေသည် | ၁၁၉ |
| ၁၁။ | အမေ့ကရုဏာ | ၁၃၅ |
| ၁၂။ | အမေ့အမွေ | ၁၅၃ |
| ၁၃။ | အမေ့နို့ စေတနာ | ၁၆၀ |

# ဆရာ့စိတ်ထား

အမေက ကျွန်တော့်ကို ဆရာလေးကံညွန့်ထံတွင် စာသင်ရန် အပ်ပေးသည်။ မည်သူဖြစ်ဖြစ် ဆရာလေးကံညွန့်ထံတွင် မိမိကလေးအား ကျောင်းအပ်လျှင် မိဘတစ်ဦးဦးကိုယ်တိုင် (သို့) မိစုံဖစုံကလေးနှင့်အတူ ကိုယ်တတ်နိုင်သလောက် ငှက်ပျောတစ်ဖီးဖြစ်စေ၊ ဖယောင်းတိုင်ကလေး နှင့်ဖြစ်စေ၊ မတတ်နိုင်လျှင် နှုတ်ဖြင့်ဖြစ်စေ ကိုယ်တိုင်အပ်နှံပေးကြရသည်။ ဆရာလေး ကံညွန့်ကလည်း သူ့ထံရောက်လာသော ကလေးများအား "ဝ" လုံးတန်းမှ (၄) တန်းပညာအထိ နှစ်အလိုက် အဆင့်အလိုက် သင်ပေးမြဲဖြစ်သည်။ မိဘများအနေဖြင့် ဆရာလေးကံညွန့်ထံ အတန်း ပညာသင်ရန် အပ်နှံပြီးလျှင် သားသမီးများ လိမ္မာယဉ်ကျေးဖို့၊ စည်းကမ်း ရှိဖို့၊ ရိုသေလေးစားတတ်ဖို့ အထူးမသင်ရတော့၊ ဆရာလေးကံညွန့် တာဝန် ဟု သတ်မှတ်ထားကြဟန်တူသည်။ မိမိလယ်လုပ်ငန်း၊ ယာလုပ်ငန်း၊ မိမိ ကျွမ်းကျင်ရာလုပ်ငန်းများတွင် အချိန်ကုန်နေတတ်သည်။

အသက်လေးဆယ်အောက် ရွာသူရွာသားများကလည်း ဆရာလေး ကံညွန့်ထံမှ ထွက်ခဲ့ကြသူများဖြစ်ကြလေတော့ ကြောက်ချစ်ရိုသေကြပြီး သား၊ မိမိသားသမီး ဆရာလေးကံညွန့်ထံ အမြန်အပ်နိုင်ဖို့ကိုပင် တတမ်းတတ ရှိနေတတ်ကြသည်။

ဆရာလေးကံညွန့် ရွာထဲလာသည်ဟု ကြားရုံနှင့် မိဘကိုကူညီ လုပ်ကိုင်နေသူမှလွဲ၍ သူ့တပည့်မှန်သမျှ အိမ်ရှေ့တွင် အကြောင်းမဲ့ရပ်မနေ



ရဲ၊ ထိုင်မနေရဲ၊ ဆော့ကစားနေမိသူများက အိမ်ထဲပြေးဝင်ပုန်းနေရလောက် သည်အထိ ကြောက်ချစ်ရိုသေကြသည်။

ဆရာလေးကံညွန့်မှာ ငွေကြေးပစ္စည်းပိုပိုလျှံလျှံမရှိ၊ စားစရာပင် အနိုင်နိုင်၊ သို့သော် တပည့် (၂၀) (၃၀) လောက်ကို စာသင်ရ၊ စောင့် ရှောက်ရ၊ ထိန်းကျောင်းရနှင့် အချိန်ကုန်ပြီး ပျော်နေတတ်သည်။ သူ့ခြံထဲမှ သီးပင်လေးများကိုလည်း ပြုပြင်ဖို့ အချိန်လုရသေးသည်။ အိမ်ထောင် သည်များ ဖြစ်နေကြသည့် ရွာသူ/ရွာသား အချို့ကလည်း....

"ဆရာ.... ကျွန်မကို ဆရာ့တပည့် အရက်မူးပြီး ရိုက်တယ်၊ ကျွန်မ သူ့ကို မပေါင်းချင်တော့ဘူး" ဟု တိုင်သူက တိုင်တတ်သည်။

"ဆရာလေးကံညွန့်ရေ.... ဆရာ့တပည့်.... သာဝကြီး တစ်ယောက် ဆင်းရဲနေရှာတယ်။ သားသမီးများတော့ မစားလောက်ဖြစ်နေ ကြပြီ၊ ဆရာသွားပြီးအားပေးလိုက်ပါဦး"ဟု ပြောသူကပြောတတ်သည်။

တကယ်တော့ ဆရာလေးကံညွန့်က ရွာမှကလေးတွေရဲ့ ပညာရေး သာမက အသိပညာအလိမ္မာတိုးရေး၊ စာရိတ္တမပျက်ရေးပါ သင်ကြားသူမို့ ရွာထဲသို့ တစ်နေ့တစ်ခေါက်တော့ လျှောက်ဖြစ်အောင်လျှောက်သည်။ အိမ်ထောင်သည် တပည့်ဟောင်းတွေကရော လက်ရှိစာသင်ဆဲ တပည့် သစ်တွေပါ ဆရာလေးကံညွန့်ဟော့ဆိုလျှင် တုတ်တုပ်မျှပင် မလှုပ်ရဲကြ၊ ရိုသေကြမြဲပင်၊ ဆရာလေးကလည်း ရွာထဲလျှောက်ပြီး ဘယ်တပည့်ဆီက မျှ လက်ဝါးဖြန့်တောင်းသည့် အကျင့်မရှိခဲ့၊ သူ့ခြံထဲကထွက်သမျှ သစ်သီး များ ရာသီအလိုက် ဟင်းသီးဟင်းရွက်များကို တစ်ပွေ့တစ်ပိုက်ဖြင့်သာ ရွာထဲသို့ လာတတ်စမြဲဖြစ်သည်။

ရွာထဲတစ်ပတ်လျှောက်ပြီးလျှင် သူ့လက်ထဲသစ်သီးတွေ၊ ဟင်းသီး ဟင်းရွက်တွေ ကုန်ပြီသာမှတ်၊ လိုက်ရောင်းသည်မဟုတ်၊ တပည့်တွေထဲ

က ဆင်းဆင်းရဲရဲအလုပ်လုပ်ရပြီး အချိန်နဲ့မပြန်နိုင်လို့ သားသမီးတွေအတွက် နေ့ဝင်မိုးချုပ်မှ ထမင်းချက်ရ၊ ဟင်းချက်ရ ဖြစ်နိုင်လောက်သည့် အိမ်တွေကို သူ့ခြံထွက်ဟင်းချက်စရာများလိုက်ပေးခြင်းဖြစ်သည်။ မိဘတွေ လယ်ထဲ ကိုင်းထဲက ပြန်ရောက်တော့ အသင့်စားနိုင်အောင် အိမ်မှာကျန်နေသည့် ချက်တတ်ပြုတ်တတ်တဲ့ ကလေးရှိလျှင် ကြိုချက်ပြုတ်ထားနိုင်အောင် ဆရာလေးကံညွန့်က မှာကြားစီစဉ်ပေးလေ့ရှိသည်။ တစ်ရွာလုံးက သူ့လို ဆရာကို မရှိသေဘဲ ဘယ်ရှိပါ့မလား။

ဒါတင်ပဲလား၊ တပည့်တွေထဲက အချိန်တန်အရွယ်ရောက်လို့ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ကြပြီဆိုတော့လည်း ဆရာလေးကံညွန့် အိမ်ဦးခန်းတွင် ပါရစမြဲ၊ ဆရာလေးကံညွန့်မပါလျှင် စေ့စပ်မှုလက်မခံ၊ ပြန်အပ်မှုလက်မခံ ဖြစ်တတ်သည်။

ဟိုတပည့်က နေမကောင်းလို့၊ ဒီတပည့်က စီးပွားပျက်လို့နဲ့ သူ့မှာ နေ့ရှိသရွေ့ အားရတယ်မရှိ၊ ငွေကြေးတတ်နိုင်သူများက ဆရာလေးကံညွန့်ထံမှ အတန်းပညာအတော်အတန်ရပြီဆိုလျှင် မြို့ကျောင်းသို့ (အတန်းကျောင်းသို့) ပို့အပ်ကြသည်။

မြို့ရောက်တပည့်များအတွက်လည်း ဆရာလေးကံညွန့်စိတ်ပူနေတတ်မြဲ၊ စောင့်ရှောက်နေတတ်မြဲ။

ငယ်ငယ်တုန်းက အမေက ဆရာလေးကံညွန့်ထံမှာ ကျောင်းအပ်တော့ အမေ့ကို မကျေနပ်၊ ဆရာလေးကိုလည်း ကြောက်စိတ်ရှိနေလေတော့ ပိုဆိုးတော့သည်။ အရွယ်ရောက်လာတော့မှ ဆရာလေးကံညွန့်ရဲ့ စိတ်ဓာတ်နှင့် စေတနာက မည်သူမျှ လိုက်မမီပါလားဆိုတာ မြင်လာသည်။ အခကြေးငွေမရသည့်အပြင် တစ်သက်တာအတွက် သွန်သင်ပေးသည့်ဆရာ အဘယ်မှာ ရှိပါအံ့နည်း။



ယနေ့ကာလ ကျူရှင်တွေ မှိုလိုပေါက်၊ ငွေတန်ဖိုး အဆင့်အလိုက်၊ အာမခံသင်တန်းတွေပေါ၊ ဝိုင်းကျူရှင် (HOME) ကျူရှင်တွေကလည်း ပလူပျံနေတော့သည်။

ဆရာလေးကံညွန့်. . . . တစ်ယောက် လူ့ပြည်တွင်ရှိနေသေးလျှင် ကြေးစားစာပြနေမည်မထင်ပါ၊ ရောက်လေရာဘဝတွင် ဆရာ့စိတ်ထားဖြင့် စာတွေပြနေမည်ထင်ပါသည်။ ဆရာ မရှိမှ ဆရာ့တန်ဖိုး ပို၍ သိလာရသည်။

ဆရာ ကောင်းရာသုဂတိ ရောက်ပါစေ. . . .

ဆရာ ကောင်းရာသုဂတိ ရောက်နေမည်ဟု ယုံကြည်မိပါသည်။

ဆရာ့စိတ်ထား. . . .

တပည့်မရှား. . . .တစ်ပြားမရှိ

ပီတိကိုစား. . . .အားရှိပါ၏. . . . ဆိုသော ဆောင်ပုဒ်သည် ဆရာလေးကံညွန့်လို ဆရာများအား ရည်ညွှန်းဖွဲ့ဆိုခဲ့ခြင်းသာ ဖြစ်ပေမည်။ ယခုတော့ ဆရာမရှိတော့ပြီ၊ ဆရာ့ကျေးဇူးတွေကို ကျွန်တော်တို့ မဆပ်နိုင်တော့ပါ။ သို့သော် ကျွန်တော်တို့ ထာဝရဂါရဝပြုနေမိပါတော့သည်။

# အသိမဲ့ သတိမဲ့အချစ်

အဖေသည်လည်းကောင်း၊ အမေသည်လည်းကောင်း ကိုကိုနဲ့ ညီညီကို တိတိပပခွဲပြရန် ခက်ခဲနေတတ်သည်။ သို့ဆိုလျှင် အခြားသူများ အနေနှင့် ပို၍ပင်ခွဲမရနိုင်ပေ။ သို့သော် အမေကတော့ သူ့အထာနှင့်သူ ခွဲပြတတ်သည်။ အမေ့အနေနဲ့ သူမွေးထားသည့် သူ့သား အမြွှာတွေကို ဘယ်သူ အကြီး၊ ဘယ်သူ အငယ်၊ ကြီးသူက ကိုကို၊ ငယ်သူက ညီညီ ဖြစ်သည်ကို သိအောင်လုပ်ထားသည်။ မလုပ်လို့မဖြစ်။

ကိုကို့ကို အမေက တနင်္လာနေ့မှာ ဗိုက်နာပြီး တနင်္လာနေ့မှာပင် မွေးသည်။ ညီညီ့ကိုတော့ အင်္ဂါနေ့ကူးပြီးမှ မွေးသည်မို့ ညီညီက အင်္ဂါသား၊ ကိုကိုက ညီညီထက် ရက်အားဖြင့် တစ်ရက်ကြီးသည်မှ လွဲ၍ ရုပ်ပိုင်းဆိုင်ရာ တူညီသည့်အပြင် ကိုယ်အလေးချိန်နှင့် အမူအရာ လည်း တူနေကြသည်မို့ အမေသည်ပင်ခွဲ၍ မရ။

ခွဲမရတာကြောင့် အမေ့မှာ စိတ်မောရပေါင်းမနည်း။ စိတ်မောသော် လည်း အချစ်တွေက တိုးမြဲတိုးခဲ့သည်။ အဖေကတော့ ကိုကိုနဲ့ ညီညီကို ပုံစံတစ်မျိုးနဲ့ ခွဲခြားထားသည်။ ပုခက်ခွဲသိပ်သည့် အလေ့အကျင့်လုပ်ပြီး ကိုကို၊ ညီညီ မှတ်သည်။ ဘုရားစင်ဖက်က ပုခက်တွင် ကိုကို၊ အိမ်ရှေ့ခန်း ဘက် ပုခက်တွင် ညီညီ့ကို ထားသိပ်သည်။

အမေရဲ့အထာက သူများမသိနိုင်သည့် အထာဖြစ်သည်။ အမေက ကိုကိုနဲ့ ညီညီကို နို့တိုက်သည့်အခါ ကိုကို့ကိုညာ၊ ညီညီ့ကို ဘယ်ထားပြီး



ဘယ်တစ်လုံး၊ ညာတစ်လုံးတစ်ပြိုင်တည်းကို တိုက်သည်။ ကိုကိုသည် အမေ့နို့ကို စို့သည့်အခါ သွားဖုံးကျိတ်၍ အမေ့ကို ဒုက္ခပေး စို့လေ့ရှိသည်။ ညီညီသည် အမေ့နို့စို့သည့်အခါ အမေ့ကို မနာမကျင်အောင် စို့လေ့ရှိသည်။ သူမွေးသည့် သူ့သားတွေကို ကြာတော့လည်း သူ့အထာနှင့်သူ မှတ်မိနေပြီ ဖြစ်သည်။ အမေ့အနေနဲ့ ကိုကိုနဲ့ ညီညီကို ဤသို့ခွဲ၍ရသည်က နို့စို့ဘဝ။

အမြွှာတို့ သဘာဝ ဝတ်လျှင်ဆင်တူ၊ အသုံးအဆောင်ပစ္စည်းတူဖြစ် အောင် မိဘအုပ်ထိန်းသူများ၊ မိတ်ဆွေများက ဆင်သလေ့၊ လက်ဆောင် ပေးလေ့ရှိတတ်ကြသည်မို့ အမြွှာမို့ ရုပ်ချင်းဆင်ရသည့်အပြင် အသုံး အဆောင်များ တူပြန်သဖြင့် နို့ပြတ်တဲ့ ချစ်စရာ့အရွယ် ကလေးဘဝတွင် လည်း ခွဲမရသည့်အမြွှာဖြစ်ရပြန်သည်။ သို့သော် အမေသည် သူ့အတွက် သင်္ကေတအသစ်ကို ဂရုစိုက်ပြီး အမြန်ဆုံး ရှာရပြန်သည်။

အမေ့အတွက် အဖြေရပြီ။ ကိုကိုသည် ပစ္စည်းအသစ်ကို မက် သည်။ ဘာစားစား၊ ဘာလုပ်လုပ် ဦးဦးဖျားဖျား ဦးဆောင်စားလေ့၊ လုပ်လေ့ရှိသည်။ ညီညီသည် ကိုကို့ကို ဦးစားပေးလေ့ရှိသည်။ ဤသည် က အမေ့အမှတ်အသား။ အမေက ဤသို့ခွဲခြားမှတ်ချိန်တွင် အဖေက ကိုကိုနဲ့ ညီညီကို အလုပ်သွားချိန်၊ အလုပ်ပြန်ချိန်တွင် နှုတ်ဆက်အနမ်းပေးဖို့ ခေါ်လေ့ရှိသည်။ အဖေ့ရဲ့ ပထမဆုံး အနမ်းခံယူဖို့ ရောက်လာတတ်သူ သည် ကိုကိုဖြစ်ကြောင်း အဖေသိသည်။ နောက်ကျသူက ညီညီ။

ပုဂံဒေသမှာ ကိုကိုနှင့် ညီညီကို မသိမရှိ၊ သိကြသည်။ ကိုကိုနဲ့ ညီညီတို့ရဲ့အဖေသည် မြင်းလှည်းဆရာ၊ မြင်းလှည်းပိုင်ရှင် ဖြစ်သည့်အပြင် ပုဂံမှာမွေး ပုဂံသွေးမို့ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူဖြစ်သည်။ မြန်မာ့ ယဉ်ကျေးမှုတို့ စုဝေးရာ ပုဂံဒေသရှိ ဘုရား၊ ကျောင်းကန်စေတီပုထိုး သမိုင်းစုံသိသည်။ သိအောင်လည်း လေ့လာသည်။ လေ့လာရသမျှလည်း

တန်ဖိုးထားသည်။ အခြားသူများကိုလည်း ရှင်းခနဲ ထင်းခနဲ နားလည်သိရှိအောင် ပြန်ပြောပြနိုင်သည်။

မြန်မာလိုပင်မက အင်္ဂလိပ်ဘာသာစကားဖြင့် နိုင်ငံတကာကမ္ဘာလှည့်ခရီးသည်များကို နားလည်ကျေနပ်သည်အထိ ရှင်းပြနိုင်သည်။ သို့ကြောင့်လည်း ပုဂံဒေသကိုရောက်ရှိလာကြသော ကမ္ဘာလှည့်ခရီးသည်အချို့သည် “ကိုကို၊ ညီညီ” အလှမြင်းလှည်းယဉ်ကို မရအရ ရှာစီးကြသူများပင် ရှိလာသည်။

မြန်မာနိုင်ငံ၏ ပုဂံအလှလေ့လာပြီး ပြန်သွားကြသူများ၏ တစ်ဆင့်စကားအရ “ကိုကို ညီညီ” မြင်းလှည်းဆရာသည် သတ်မှတ်မြင်းလှည်းခဖြင့် ပုဂံဒေသသမိုင်းစုံ ရှင်းပြပေးလေ့ရှိသောကြောင့် စိတ်ချမ်းမြေ့မှုရှိကြောင်း၊ သူ့ရဲ့အလှ မြင်းလှည်းယဉ်သည် မြန်မာနိုင်ငံအနှံ့တွင် တွေ့ဖူးသော မြင်းလှည်းပုံသဏ္ဍာန်မျိုးမဟုတ်။ ဆန်းသစ်ထူးခြားလှသည်။ တွေ့နေကျမြင်းလှည်းတို့သည် ပုတိုတိုဖြစ်သည်။ ရထားလုံးခေါ် မြင်းလှည်းကလည်း ဗီရိုသေတ္တာနှင့် တူသည်။

“ကိုကို ညီညီ” အလှမြင်းလှည်းယာဉ် သည် အမိုးဖွင့်နောက်ဆုံးပေါ် ခေတ်မီမော်တော်ကားထက်ပင် ကြည့်ကောင်းသည်။ အမြင်ဆန်းသည်။ အမိုးအရှင်ဖြစ်သဖြင့် ညဘက်တွင်အမိုးဖွင့်ကာ ကောင်းကင်မှကြယ်လေးများကို ကြည့်ခွင့်ရသလို ပုဂံဒေသရှိ စေတီ ပုထိုးများအား လျှပ်စစ်ရောင်စုံမီး၊ ဆလိုက်မီးအလင်းအားများကြောင့် ကြည်ညိုဖွယ် ဖူးတွေ့လေ့လာခွင့်ရကြသည်ကို စကားလက်ဆောင်ပါးလိုက်ကြ၍လည်း “ကိုကို ညီညီ” အလှမြင်းလှည်းယဉ်ကို ကမ္ဘာလှည့်ခရီးသည်တို့ စုံစမ်းစီးနင်းကြခြင်း ဖြစ်ပေမည်။



“ကိုကို ညီညီ” မြင်းလှည်းသည် အလှမြင်းလှည်းယာဉ်ဟုဆိုသည်နှင့် လိုက်လျောညီထွေရှိပါသည်။ မြင်းကလည်း ကြော့ကြော့၊ လှည်းကလည်း မော့မော့။ မြင်းလှည်းဆရာကလည်း သော့သော့လေး မောင်းတတ်ပုံ။ လှည်းတစ်ခုလုံး မြန်မာ့ကျွန်းရဲ့ အလှအပပေါ်အောင် ပေါ်လစ်ရောင်ကတပြောင်ပြောင်၊ လှည်းပေါ်တွင် ကမ္ဘာလှည့်ခရီးသည်တို့ သက်သောင့်သက်သာစီးနိုင်အောင် ရေမြှုပ်ထိုင်ခုံပေါ်တွင် ကတ္တီပါအခင်းများပင် ခင်းထားပေးသေးသည်။

“ကိုကို ညီညီ” အလှမြင်းလှည်းယာဉ်လေးစီးပြီး ကောင်းကင်မှ လရောင်၊ ကြယ်ရောင်လေးများကိုကြည့်၊ တမာန့်လေးကိုရှူ၊ အမှောင်ထုအောက်တွင်တည်ရှိနေသော ပုဂံပုထိုးများကို လျှပ်စစ်မီးများ၏ ပံ့ပိုးမှုဖြင့် ကြည်ညိုလေ့လာခွင့် ရသူတိုင်းက ပုဂံကိုရောက်မှ လူဖြစ်ရကျိုးနပ်ပြီဟု တင်စားသူများက တင်စားကြသည်။

ပုဂံရောက်မှလူဖြစ်ရကျိုးနပ်သည်ဟု ယူဆကြသူများထဲတွင် ကမ္ဘာလှည့်ခရီးသည်များလည်း ပါပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာလှည့်ခရီးသည်တိုင်း မြန်မာပြည်ကိုရောက်လျှင် ပုဂံကိုမရောက် ရောက်အောင်သွားချင်၊ လာချင်ကြ၍ ဖြစ်ပါသည်။

အဖေသည် ပုဂံကိုချစ်သည်။ အမေ့ကိုချစ်သည်။ အဖေ့သား ကိုကိုနဲ့ညီညီကိုလည်း အသည်းတုံအူတုံ ချစ်ရှာသည်။ အဘယ်မျှချစ်သည်ကို အထူးမေးရန်ပင်မလို။ သူ့လုပ်ငန်းမှန်သမျှကို “ကိုကို ညီညီ” အမည်သာတွင်စေသည်။ ယခု အဖေ့အမည်ပင် လူသိမများတော့ပါ။ “ကိုကို ညီညီ”တို့ အဖေဟုသာ လူသိများနေတော့သည်။ ထိုသည်ကို အဖေသဘောကျနေပါသည်။ ပြုံးနေသည်။ ပီတိဖြစ်နေသည်။ ကျေနပ်နေပါသည်။

အဖေသည် မိသားစုနှင့် သားအမြွှာညီနောင်အတွက် အဖေ့တာဝန်ကျေရှာသည်။

- အဖေသည် သားသမီးတွေရဲ့ ကောင်းဆိုးနှစ်တန်ကို ပြေးမကြည့်ဘဲ တွေးကြည့်ရုံနဲ့သိနေသူဖြစ်သည်။
- အဖေ့ဘဝ အဘယ်မျှ နိမ့်ကျပင်ပန်းနေပါစေ၊ သားသမီးကို အထွတ်အထိပ်မှာနေနိုင်ဖို့ ကြိုးစားနေသူဖြစ်သည်။ သားသမီးတွေရဲ့အကြောကို မပြောဘဲသိနေသည့် စွမ်းအားရှင်လည်းဖြစ်သည်။
- ''အဖေ'' သည် တစ်ခါတစ်ရံ ဒေါသကို ရှေ့တန်းတင်တတ်သူဖြစ်သော်လည်း သားသမီးကို ရိုက်ဆုံးမဖို့ ကြံသည့်အခါ သေချာအောင် ချိန်ဆနေတတ်သည်။
- အဖေသည် ကြမ်းကြမ်းတမ်းတမ်း ရိုက်နှက်ဆုံးမတတ်သော ဖခင်မျိုးထက် သူ့ကိုယ်သူ စံနမူနာပြအဖြစ် သားသမီးကို ရှေ့ဆောင်ပြလေ့ရှိသည့် ''အဖေ'' ကောင်းတစ်ယောက်ဖြစ်သည်။
- ဤသတ္တလောကတွင် မိသားစုအတွက် သတ္တိအရှိဆုံးလူသည် အဖေသာဖြစ်မည်။
- ကျွန်တော်တို့တွေအမေ့ကို အချွဲပိုရဲသော်လည်း အဖေ့ရှေ့ရောက်လျှင် ကျိုးနွံသွားကြရသည်မှာ လေးစားဖွယ်ကောင်းသော အဖေ့ဂုဏ်ကြောင့်ဖြစ်သည်။
- အင်္ဂါမစုံသည့် သားသမီး၊ စီးပွားဥစ္စာမပြည့်စုံသည့် သားသမီးကို အဖေက ဖေးမနှစ်သိမ့် စွမ်းအားမြှင့်ပေးသည်။



- အဖေသည် သူ့မိဘနှင့် ဇနီးကို အချစ်ဆုံးပါဟု ပြောလေ့ရှိသော်လည်း သားသမီးကို ဦးစားပေးမှုရှိတတ်သည်။
- အဖေသည် မိသားစုအတွက် အရာရာစွန့်လွှတ်ရဲသည်။
- အဖေသည် အိုနာကျိုးကန်း ဒုက္ခိတဖြစ်နေလျှင်ပင် ရွှေပုံပေါ်တွင်နေသည့် သားသမီးကို ဖေးမလိုစိတ်ရှိနေမည်ထင်သည်။
- အဖေသည် သားသမီးအတွက် ဘဝကိုဖြစ်စေ၊ အသက်ကိုဖြစ်စေ ပေးဆပ်ရန် အသင့်ရှိနေသည်။

အဖေသာမက အမေကလည်း အမေ့တာဝန်ကျေပါသည်။

- အမေသည် သားသမီးက အပိရိဆုံးလိမ်ညာနေသော်လည်း မသိဟန်ဆောင်နေတတ်သည်။
- အဝေးတစ်နေရာမှာ သို့မဟုတ် မျက်ကွယ်မှာနေကြသည့် သားသမီးများ၏ ဆိုးကောင်းနှစ်တန်နိမိတ်ကို ကြိုသိနေတတ်သည်။
- ရက်ရက်စက်စက် ပြုမူလိမ်ညာနေသည့် သားသမီးကို သိလျက်နှင့် ပီတိပြုံး ပြုံးပြီးနေတတ်သည်။
- အမေသည် ဤသတ္တလောကတွင် သားသမီးများအတွက် သတ္တိအရှိဆုံးလူဖြစ်သည်။
- အမေသည် သားသမီးအကျိုးရှိမည်ဆိုလျှင် အသက်ပေးရန် ပထမဆုံးထွက်လာသူဖြစ်ပေလိမ့်မည်။
- သားသမီးရဲ့ ကောင်းဆိုးနိမိတ်ကြိုသိနေတာ သားသမီးနဲ့ နှလုံးသွေးဆက်နေ၍ ဖြစ်မည်။

- အင်္ဂါမစုံသည့်သားသမီး၊ စီးပွားဥစ္စာမပြည့်စုံသည့် သားသမီးကို နှစ်နှစ်ကာကာ၊ စူးစူးနစ်နစ် ပိုချစ်ပေးတတ်သည်။

အဖေနှင့် အမေသည် ကိုကိုနဲ့ ညီညီကို အဘယ်မျှ ချစ်ကြသည်ကို စာဖွဲ့၍ပင် ပြနိုင်မည်မထင်ပါ။

“ကိုကိုနဲ့ ညီညီ” သည် လူ့လောကသို့ ကောင်းသော မြတ်သောမိဘနှစ်ပါး၏သားများအဖြစ် ရောက်လာကြသည်။ “ကိုကိုနဲ့ ညီညီ”ကို အဖေတို့အမေတို့ အသည်းတုံအူတုံချစ်ကြသလို မိတ်ဆွေများကလည်း ချစ်ခင်ကြသည်ဟု “ကိုကိုနဲ့ ညီညီ” တို့က ခံယူထားသည်။ သို့သော် ကံကြမ္မာက အလှည့်အပြောင်းလုပ်လိုက်သည်လား။ အဖေက သားတွေကို အချစ်ကြီးလို့လားတော့ မပြောတတ်။ “ကိုကိုနဲ့ ညီညီ” တို့ လူတောမတိုးရဲတော့သည့်ဘဝသို့ ရောက်နေပြီဟုပင် ထင်နေရသည်။

“ကိုကိုနဲ့ ညီညီ လူ့ဘဝတွင် မတောင့်မတနေနိုင်ဖို့”

“ကိုကိုနဲ့ ညီညီ ပညာတတ်ကြီးတွေဖြစ်ဖို့”

“ကိုကိုနဲ့ ညီညီ ဂုဏ်သတင်းကြီးထွားနိုင်ဖို့” ဆိုသည့် ဦးတည်ချက်တွေနဲ့ အဖေသည် စီးပွားရေးကို နေ့ရောညပါ ရှာတော့သည်။ ရှာသည့် အတိုင်းလည်း စီးပွားတက်သည်။ တစ်ခါတရံ ရှာသည်ထက်ပင် ပို၍ရနေ သည်ဟု ထင်ရသည်။

အဖေ နေ့ရောညပါ စီးပွားရှာနေသဖြင့် အမေသည်လည်းကောင်း၊ အထက်တန်းကျောင်းသားအရွယ်ရောက်နေသည့် ကိုကိုနဲ့ ညီညီသည်လည်းကောင်း အဖေ့ကျန်းမာရေး ထိခိုက်သွားမှာကို စိုးရိမ်လာကြသည်။

မစိုးရိမ်လို့ မဖြစ်တော့။ အဖေ့ပုံသည် အရင်ကလို ပုဂံသားပုံမပေါက်။ ကျားကျားလျားလျား တောင့်တောင့်တင်းတင်း မရှိတော့၊ လျော့ရိလျော့ရဲ ပျော့တိပျော့ခွေ ပုံစံမျိုးဖြစ်နေပြီဖြစ်သည်။



အသောက်အစားကင်းတဲ့အဖေ၊ အပျော်အပါးမရှိတဲ့အဖေ၊ လောင်းကစားလည်းရှောင်တဲ့အဖေ၊ အဖေ ဘယ်လို ဘယ်လိုကြောင့်များ ယခုလိုဖြစ်ရသည်ကို “ကိုကိုနဲ့ ညီညီ” အနေနဲ့ တိတိပပ မသုံးသပ်နိုင်၊ မဆုံးဖြတ်နိုင်သော်လည်း….။ ကံကြမ္မာက အဖြေပေးပါတော့သည်။

သားသမီးအရေးရှေ့တန်းတင်ပြီး သားသမီးကို အချစ်ကြီးသည့်အဖေ၊ သူ့လုပ်အားကို အရင်းတည်ပြီး၊ သူ့စိတ်အားကို အရင်းတည်ကာငွေရှာသည့်အဖေ။ လောဘဇောေ၊ မောဟဇောဒဏ်ကို ခံနေခြင်းဖြစ်ကြောင်းအဖြေ တရေးရေး ပေါ်လာသည်။

ကမ္ဘာလှည့်ခရီးသည်အချို့သည် အဖေ့မြင်းလှည်းကို မရအရရှာပြီး ပုဂံအလှကို လေ့လာကြသည်။ ကမ္ဘာလှည့်ခရီးသည်များတွင် အမျိုးသားများပါသလို အမျိုးသမီးများလည်းပါသည်။ ပျို၊ ရွယ်၊ အို အရွယ် (၃) ပါး အစုံပါကြသည်။ အချို့သော ကမ္ဘာလှည့်ခရီးသည်တို့က ပုဂံအလှကို ရိုးသားစွာခံစားဖို့ ပုဂံနေပြည်တော်ကြီးကို ရောက်ဖူးသည်ကို ဂုဏ်ယူနိုင်ဖို့ လာကြခြင်းဖြစ်သည်။

အချို့က မြန်မာ့မျိုးချစ်စိတ်ဓာတ်ထက်သန်လှသည့် မြန်မာသူရဲကောင်းများ ပေါ်ထွန်းရာ မြန်မာတို့ရဲ့ပုဂံကို ပြိုပျက်စေရန်၊ ပုဂံမှာမွေးပုဂံသွေးကို သွေးနှောပြီး ပျက်စီးစေရန်ဟူသော ရည်မှန်းချက်များဖြင့် စစ်အေးတိုက်ပွဲဝင်ရန် လာကြခြင်းဖြစ်ဟန်တူပါသည်။

**မြန်မာတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ တစ်လင်တစ်မယား စနစ်ကို တန်ဖိုးထားသည်။ အနောက်နိုင်ငံသားအချို့သည် “လိင်” မှုကို တန်ဖိုးမထား၊ အပျော်သဘောထားကြသည်။ ၎င်းတို့ အကျိုးစီးပွားအတွက်ဆို ဘာမဆိုလုပ်မည့်သူများ၊ လုပ်ကြသူများဖြစ်သည်။**

သူတို့သည် အမှတ်တရအဖြစ် ပုဂံထွက်ပစ္စည်းများကို ဝယ်ကြသလို သူတို့ထံမှ ပစ္စည်းအချို့ကိုလည်း သင့်ရာဈေးဖြင့် ရောင်းချပေးဖို့ အဖေ့ကိုအကူအညီတောင်းသည်။ အသုံးချသည်။ သူတို့ပစ္စည်း အဘယ်မျှကောင်းကြောင်း အဖေ့ကို နမူနာပေး စားစေသည်၊ သုံးစေသည်၊ အဖေလည်း မြည်းရင်း စမ်းရင်း သူတို့ပစ္စည်းကို စွဲနေပြီမို့ သူတို့အလိုကို ဖြည့်ဆည်းနေရတော့သည်။

ပုဂံမှာမွေး ပုဂံသွေးကို သွေးနှောပြီး ပျက်စီးစေလိုသည့် ကမ္ဘာလှည့်ခရီးသည် အမျိုးသားအချို့က အဖေ့ကို အဖော်ရှာခိုင်းသည်။ နုနယ်ပျိုမြစ်သည့် ကမ္ဘာလှည့်ခရီးသွားအမျိုးသမီး အချို့က အဖေ့ကို အပျော်ရှာခိုင်းသည်။ အဖေ့ကိုလည်း ပျော်ခွင့်ပေးသည်ဟု သတင်းတွေထွက်နေသည်။ အဖေ့အနေနှင့် ငွေလည်းရသည်။ သူစွဲလမ်းနေသည့် မူးယစ်ဆေးကိုလည်း သုံးခွင့်ရနေသည်။ အမေ့ထက်နုငယ်သည့် သူလေးများနှင့်လည်း ထိတွေ့ခွင့်ရသည်။ ဒါကြောင့် အဖေရှာနေသည့်စီးပွားရေးသည် တစ်ခါတစ်ရံ ရှာသည်ထက်ပင် ပိုရနေခြင်း ဖြစ်မည်။

အဖေသည် ပုဂံနှင့် ပုဂံသားတို့ကို ချစ်သည်။

အဖေသည် အမေ့ကိုလည်း ငုံထားမတတ်ချစ်သည်။

အဖေသည် ကိုကိုနဲ့ ညီညီကို အသည်းတုံအူတုံချစ်သည်။ သို့ကြောင့်လည်း ‘‘ကိုကိုနဲ့ ညီညီ လူ့ဘဝတွင် မတောင့်မတနေနိုင်ဖို့’’ ‘‘ကိုကိုနဲ့ ညီညီ ပညာတတ်ကြီးတွေဖြစ်ဖို့’’ ‘‘ကိုကိုနဲ့ ညီညီ ဂုဏ်သတင်းကြီးထွားနိုင်ဖို့’’ ဆိုတဲ့ ဦးတည်ချက်တွေနဲ့ အဖေသည် စီးပွားရေးကို နေ့ရောညပါ ရှာခဲ့သည်။ ပုဂံနှင့် ပုဂံသား၊ ဇနီးနဲ့ သားတွေကို အချစ်ကြီးသည့် အဖေတစ်ယောက်၊ လောဘဇော၊ မောဟဇောတွေကို ရှေ့တန်းတင်ပြီး ငွေရှာမိခဲ့လို့ ပုဂံကို၊ အမေ့ကို၊ ကိုကိုနဲ့ ညီညီကို အဖေတကယ်ချစ်တာ



ဟုတ်ရဲ့လား အဖေလို့ မေးလိုက်ချင်ပါသည်။ အဖေသည် မြန်မာသူရဲကောင်းတို့ ပေါ်ထွန်းရာဒေသကို ပုဂံအလှနဲ့ ပုဂံသားတွေဘဝကို အိုးမဲသုတ်ခဲ့မိပြီ ဆိုသည်ကိုတော့ သတိမှရပါလေစ။

**မြန်မာသူရဲကောင်းတို့ ပေါ်ထွန်းရာဒေသ ပုဂံအလှနဲ့ ပုဂံသား ဘဝကို တန်ဖိုးထား၍ အမျိုးသားရေးတာဝန် ကျေပွန်စွာဖြင့် နယ်ချဲ့တို့၏ စစ်ရေးနည်း၊ စစ်အေးနည်း တိုက်ခိုက်မှုများကို မျိုးဆက်သစ်များအနေဖြင့် သတိမူ ကာကွယ် စောင့်ရှောက် ထိန်းသိမ်းနိုင်ကြပါစေ။**

# ရှက်သင့်မှ ရှက်လေကွယ်

## အခန်း (၁)

"ရွှေပြည့်ရေ မနက်ဖြန် တို့ခြံထဲက အုန်းတွေချပေးပါဦး"

"ကိုလေးရွှေပြည့်၊ အဖေက မှာလိုက်တယ်၊ ဂျမ်းတောတို့ မရမ်းချို ပင် ခူးပေးပါတဲ့။ မနက်ဖြန်နော်"

"ဟကောင်⋯⋯ ရွှေပြည့်၊ တို့ခြံက သရက်တွေ တက်ပေးပါဦး ကွာ။ အသီးတွေက အမြင့်မှာချည်း ပင်မှည့်ဖြစ်နေလို့ကွ"

စသည့် စသည့်အသံများအား မောင်ရွှေပြည့်ဟု ခေါ်ရမည့် အသက် (၁၆) နှစ်၊ (၁၇) နှစ်အရွယ် ကာလသားပေါက် ရွှေပြည့် တစ်ယောက် တစ်နေ့လျှင် (၁၀) ကြိမ်ထက်မက ကြားနေရသည်။

ဘယ်ဘဝက ကုသိုလ်ဟု ဆိုရမည်မသိ။ ကျေးလက်နေ ကျေးလက်မွေးဖြစ်လို့လည်း ဘုန်းတော်ကြီးကျောင်းပညာရေး ပထမကြီး တန်းလောက်သာ တက်ခဲ့ဖူးသည်။

ရွယ်တူ၊ ဒေါက်တူ၊ အသက်တူ အခြားသူငယ်ချင်းများလို လယ်ယာလုပ်ငန်းလည်း မကျွမ်းကျင်၊ ချောင်းနားနီးပါလျက်နဲ့ ရေလုပ်ငန်း လည်း စိတ်မဝင်စား။ ယာလုပ်ငန်းလည်း ဝင်မပါ။ မောင်ရွှေပြည့် နှစ်နှစ်သက်သက် လုပ်လေ့ရှိသည်က သစ်ပင်တက်ခြင်းအလုပ်ဖြစ်သည်။ ကလေးဘဝကတည်းက ဟိုအပင်တက်၊ ဒီအပင်တက်မို့⋯⋯



"ရွှေပြည့်ဟာလေ၊ မျောက်ရှုံးနေတာပဲ" ဟုကင်ပွန်းတပ်ခံရ သည်။ ကလေးဘဝကတည်းက သစ်ပင်တက်လာသူဆိုတော့ (၁၆) နှစ်သားအထိ သစ်ပင်တက်လုပ်သက်က (၁၀) နှစ်ကျော်ဟု ဆိုရလောက် သည်။

မောင်ရွှေပြည့်သည် သစ်ပင်တက်စားသူတော့ မဟုတ်၊ ဟိုအိမ်၊ သည်အိမ်၊ ဟိုခြံ၊ သည်ခြံတို့ရှိ သီးပင်စားပင်တို့ကို တက်ပြီး ခူးဆွတ် ပေးနေရသည်ကို ကျေနပ်နေတတ်သည်။ သစ်ပင်ပေါ်က ဆင်းလာလျှင် ခြံရှင်၊ သစ်ပင်ရှင်က လုပ်ခရယ်မဟုတ်ပေမယ့် သူ့ကို သစ်သီးဝလံများ ခွဲပေးတတ်ကြသည်။ ပေးပါဟူ၍ မောင်ရွှေပြည့်က တောင်းရိုးထုံးစံ မရှိ။ မောင်ရွှေပြည့်မှာ လူမြင်လျှင် ချစ်ခင်ပါစေဟူသော ဆုတောင်းပြည့်ခဲ့ ဟန်ရှိသည်။ သူ့ကို တွေ့ဖူးသူတိုင်း ကြီးရွယ်ငယ်ကျားမ မရွေး ခင်သွား တတ်သည်။ ရုပ်ရည်သန့်ပြန့်သလို စကားပြောချိုသာလိမ္မာလှသည်။

ထူးခြားသည်က ရွှေပြည့်ဟုခေါ်သည့် လူငယ်လေးသည် လူမှုရေး အလုပ် စေတနာ့ဝန်ထမ်းအလုပ်၊ အများအကျိုးရှိစေမည့်အလုပ်တို့ကို မညည်းမညူ လုပ်ပေးတတ်သည့် သူ့မွေးရာပါစေတနာက တတိယ အရွယ်ထိမပျောက်၊ တစ်ဘဝကူးသည်အထိလည်း ပျောက်မည်မထင်။

×× ×× ××

## အခန်း (၂)

"ဟော့⋯⋯ သုံးဘီး ငါ့ကို သာယာကုန်းထိပ်လိုက်ပို့စမ်း" ဟု ဆိုက်ကားကို သုံးဘီးဟု အော်ပြောနေသော အသက် ၇၅ နှစ်ခန့်ရှိ ဘိုးလေးရွှေပြည့်အား နောက်တီးနောက်တောက် ရွှန်းတီးရွှန်းပတ်ကလေး များက မဲ့ရွဲ့နေကြသည်။ ဘိုးလေးရွှေပြည့်က အပြစ်မဆို။ ကလေးရယ်မှ

မဟုတ်ပါဘူးလေ။ ငယ်၊ ရွယ်၊ ကြီး မည်သူမဆို ဘိုးလေးရွှေပြည့်ကို မထိတထိပြောင်တတ်သည်ကို ဘိုးလေး အကြိမ်များစွာ ကြုံတွေ့ခံစားဖူးသည်။ အနည်းဆုံး နှစ်ပေါင်း (၅၀) ကျော်လောက်ရှိလိမ့်မည် ထင်ပါသည်။

ယခု ဘာကြောင့် ဤကလေးများ ဤသို့ အော်ဟစ်နောက်ပြောင်သည်ကို ဘိုးလေးရွှေပြည့်သိသည်။ ဆိုက်ကားငှားပြီဆိုကတည်းက ဘိုးလေးရွှေပြည့်တစ်ယောက် တစ်ရွာရွာကို သွားပြီးဆေးကုဖို့ဆိုသည်ကို ကလေး၊ လူကြီး ရိပ်မိကြသည်။ သုံးဆယ်မြို့ တောင်ပန်းဆွဲရွာသာမက သုံးဆယ်မြို့ကို ဗဟိုထားပြီး မိုင် (၂၀) ပတ်လည်ရှိ ရွာမှန်သမျှတွင် မော်တော်ကားဆိုသည်ကို တစ်ခါတစ်ရံမှသာ မြင်ဖူးကြသည်။ သုံးဘီးဆိုသည်မှာ သုံးဆယ်မြို့မှာ မရှိ မတွေ့ဖူးကြသေး။ တစ်ချိန်က ရန်ကုန်မြို့ပေါ်တော့ အတော်ကလေးထင်ပေါ်ခဲ့သည်။ ဘိုးလေးရွှေပြည့်သည် ကျေးလက်ကျေးရွာတွင် နေသော်လည်း သူ့အသုံးအနှုန်းက မြို့ဆန်ချင်၍ ဆိုက်ကားကို သုံးဘီးဟုခေါ်လိုက်ခြင်းဖြစ်မည်။ တကယ်စဉ်းစားကြည့်တော့ ဘိုးလေးရွှေပြည့်ခေါ်တဲ့ ဆိုက်ကားကလည်း သုံးဘီးပဲ ရှိနေသည်ကို တွေ့ရသည်။

ဘိုးလေးရွှေပြည့် သုံးဘီးဟုခေါ်ခေါ် ဆိုက်ကားဟုခေါ်ခေါ် ဘိုးလေးထံသို့ ဆိုက်ကားတစ်စီးတော့ လေးလေးစားစားနှင့် ရောက်လာတတ်သည်။ ဘိုးလေးကို တောင်ပန်းဆွဲရွာသူရွာသားများသာ လေးစားကြသည်မဟုတ်။ ပန်းဆွဲရွာကို ဗဟိုထားပြီး (၇) မိုင်ပတ်လည်အတွင်းရှိ ရွာကြီးရွာလေးများမှ ရွာသူရွာသားများကလည်း လေးစားတတ်ကြသည်။ လေးစားကြပါလျက် အနီးကလေးများ ဘာကြောင့် နောက်တီး နောက်တောက် ပြောပါလိမ့်။



ဘိုးလေးက ဆရာဝန်လည်းမဟုတ်၊ တိုင်းရင်းသမားတော်ကြီးလည်း မဟုတ်ပါဘဲနှင့် ဟိုရွာဒီရွာကိုလိုက်ပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ဆရာလုပ်နေသည်ကြောင့်လည်း ဖြစ်ပေမည်။ ဆိုက်ကားကြီး မြင်ပါလျက် သုံးဘီးဟုခေါ်ဆိုလေ့ရှိသောကြောင့်လည်း ဖြစ်ပေသည်။

တိုက်ပဲ တိုက်ဆိုင်လွန်းပါသည်။

“ဒေါက်တာရမ်းကု မပုယောက်ျား”

“ခေါ်တော့သုံးဘီး စီးတော့ဆိုက်ကား” ဆိုသည့် သံချပ်လိုလို၊ သီချင်းလိုလို ဆိုသံပြောသံလေးသည် သူ့ခေတ်သူ့အခါက အလွန်တွင်ကျယ်နေသည်။ ထူးခြားသည်က အဆိုပါ သံချပ်သီချင်းကလေးမှာ ပါတဲ့အတိုင်း ‘ဒေါက်တာရမ်းကု....မပုယောက်ျား’ အပြောခံရသော ဘိုးလေးရွှေပြည့်သည် ဒေါ်ပုစိန် (မပု) ၏ လင်ယောက်ျားအစစ်အမှန်လည်း ဖြစ်သည်။

ဤဒေသအတွက် လမ်းပန်းဆက်သွယ်ရေး အဓိကယာဉ်မှာ ဆိုက်ကားဖြစ်သည်။ အဝေးခရီးအတွက် လှည်းကြုံ၊ မိုးအခါ သုံးဆယ်ချောင်းဖြတ်ဖို့ လှေ (သို့) ဖောင်ငယ်ဖြစ်သည်။ ဆိုက်ကားကို ဘိုးလေးက မြို့ဆန်ဆန် သုံးဘီးဟုတင်စားခေါ်လေ့ရှိသည်။

တကယ်တမ်းခေါ်ရမည်ဆိုလျှင် ဘိုးလေးရွှေပြည့်ဟုခေါ်၍ မဖြစ်ပါ။ သို့သော် တစ်မြို့လုံး တစ်နယ်လုံးက အစဉ်အဆက် ဘိုးလေးရွှေပြည့်ဟု နှုတ်ကျိုးခေါ်ဆိုကြရာမှ လိုက်ခေါ်မိကြခြင်းဖြစ်ပါသည်။ ဤနယ်မြေတစ်ဝိုက်မှာတော့ ဘိုးလေးရွှေပြည့်နှင့် ကင်းသူခပ်ရှားရှားဟု ပြောကြသည်။

ဤနယ်တစ်ဝိုက်ကဘိုးလေးကို ဘာကြောင့် လေးစားကြသနည်း။ သိလိုကောင်း သိလိုကြပေမည်။ အဓိကတော့ ဘိုးလေးရွှေပြည့်၏ ရွှေချည်

ငွေချည်ကို ရစ်ပတ်နှောင်ဖွဲ့သည့် မေတ္တာစေတနာအားကြောင့်ဟု ဆိုရမည်ဖြစ်ပါသည်။

× × × × × ×

ဘိုးလေးရွှေပြည့်သည် သူ့ဝသီအတိုင်း သုံးဘီးခေါ် ဆိုက်ကားစီးပြီး သာယာကုန်းကျေးရွာထိပ်သို့ အရောက်လာ။ သာယာကုန်းကျေးရွာထိပ်မှလှည်းကြုံဖြင့် အေးသာယာရွာအရောက် လိုက်လာခဲ့ပြန်သည်။ အေးသာယာရွာတွင် ငယ်သူငယ်ချင်း ဦးသာဗျော့မှ သူ့မြေးမလေး "ကြွေရုပ်" ကျန်းမာရေးအတွက် တိုင်ပင်လိုသဖြင့် ဖိတ်ကြားထားသောကြောင့် ဘိုးလေးရွှေပြည့် ကိုယ့်စရိတ်ကိုယ်ခံ၊ ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်ခန္ဓာကိုယ်အပင်ပန်းခံပြီး အရောက်လာခဲ့ခြင်းဖြစ်သည်။ ငယ်သူငယ်ချင်းနှစ်ယောက် ဆုံကြတော့ ဦးသာဗျော့က ဝမ်းသာအားရ ကြိုဆိုရှာသည်။

ဦးသာဗျော့၏ ခြံကျယ်ကြီးအတွင်းရှိ မရမ်းချိုပင်အောက်ကွပ်ပျစ်တွင် နှစ်ဦးသား ရေနွေးကြမ်းသောက်၊ ကြံသကာအမြည်းနှင့် စကားလက်ဆုံကျပြီးသည်နှင့် ဦးသာဗျော့မြေးလေး "ကြွေရုပ်" ၏ ကျန်းမာရေးအကြောင်း ဆွေးနွေးဖို့ဆီ စကားစရောက်သွားတော့သည်။

"ရွှေပြည့်ရာငါ့မြေးလေးကြွေရုပ်ဟာ ကြွေရုပ်လေးတစ်ရုပ်လိုလှပတင့်တယ်တာ မင်းသိပါတယ်နော်"

"အေးလေကွာ… သိတာပေါ့။ ဒီကလေးမလေး ချောချက်လှချက်ကတော့ ပါရမီထူးတဲ့ကလေးလို့တောင် ဆိုနေကြတာငါသိပါတယ်။ ခုကြွေရုပ်က ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ အဖြေမှန်ကို တို့သိဖို့လိုနေပြီ။ ကြွေရုပ်က ဘာဖြစ်တယ်ဆိုတာ ဖွင့်မပြောဘဲ မှိုင်နေတယ်။ တစ်ခါတစ်ခါ မျက်ရည်



ကျနေတယ်။ သူ့အဖေနဲ့အမေကလည်း ဘာလုပ်လို့လုပ်ရမှန်း မသိဖြစ်နေတယ်ကွာ"

"ဟ… ဒါက မိန်းကလေးကိစ္စ ဖြစ်ချင်ဖြစ်မှာပေါ့။ သူ့အမေကိုသားအမိချင်း မေးကြည့်ခိုင်းပေါ့ကွ။

"တို့လည်း အဲဒီလိုဆုံးဖြတ်ပြီး သူ့အမေ 'ဂျမ်းတော'ကို ချော့မေးခိုင်းတာပေါ့"

'အေး… ဟုတ်ပြီ။ အဲဒီလိုမေးတော့ ကြွေရုပ်က ဘာပြောလဲ'

**"ကြွေရုပ်က အပျိုမလေးဖြစ်နေပြီလေကွာ။ အဖေတင်မကဘူး၊ အမေကိုပါရှက်နေလို့ မေးမရဖြစ်နေတယ်"**

'ဟာ… မဟုတ်သေးပါဘူးကွာ'

"အေး… အဲဒါကြောင့် ခက်နေတာပေါ့။ ဒါပေမယ့် ကံကောင်းတယ် ရွှေပြည့်ရေ။ ကြွေရုပ်လေး ရေချိုးနေတုန်း သူ့အမေ ဂျမ်းတောကအမှတ်မထင် ကြွေရုပ်ရင်လျားထားတဲ့ ရင်ညွန့်အပေါ်နားမှာ မပေါ့တပေါ်ပွေးကွက်တစ်ကွက် မြင်လိုက်ရတယ်လို့ တို့ကိုပြောလာတယ်။ အဲဒါကြောင့် မင်းနဲ့တိုင်ပင်ချင်လို့ မှာလိုက်ရတာ"

"ပွေးမှန်ရင်တော့ သိပ်ပူစရာမလိုပါဘူး"

"ပွေးမဟုတ်ရင် ဘာဖြစ်နိုင်လို့လဲ"

"အနာကြီးရောဂါ ဖြစ်မှာစိုးလို့။ ဒါပေမဲ့ မပူပါနဲ့ကွာ။ ခုခေတ်မှာခေတ်မီ M D T လို့ခေါ်တဲ့ဆေးတွေ ကျန်းမာရေးဌာနတိုင်းမှာ ရှိနေပြီ။ အခမဲ့ စမ်းသပ်ကုသပေးနေပါပြီကွာ"

"တို့ မျိုးရိုးမရှိပါဘူးကွာ"

“ဟ… ဒါမျိုးက မျိုးရိုးနဲ့မဆိုင်ဘူး မင်းမှတ်ထား။ အနာကြီးရောဂါဟာ ကူးစက်ရောဂါတစ်မျိုးကွ။ ကံနာ၊ ဝဋ်နာ၊ မျိုးရိုးလိုက်ရောဂါ၊ ကာလသားရောဂါ၊ မီးယပ်ကွက်၊ နတ်ကွက်စတဲ့ ရောဂါမဟုတ်ဘူးကွ။ ခုခေတ်မှာ ပေါ်နေတဲ့ MDT ဆေးနဲ့ကုသရင် လုံးဝပျောက်ကင်းတယ်။ ဆေးကုသလို့ မိမိကိုယ်တိုင် ရောဂါပျောက်မယ်။ တခြားသူတွေကိုလည်း ရောဂါမကူးစက်နိုင်တော့ဘူး။ ဆေး စောစောစီးစီးစားရင် စောစောပျောက်ကင်းမယ်။ ကိုယ်အင်္ဂါ ချွတ်ယွင်းမှုလည်း မဖြစ်တော့ဘူး။ အဲဒီဆေးကို ကျန်းမာရေးဌာနတိုင်းမှာ အခမဲ့ ရယူနိုင်တယ်။ ဆေးလည်းကုသပေးတယ်။ ဆေးမစားမီ ကိုယ်အင်္ဂါချွတ်ယွင်းမှုများရှိရင်လည်း ချွတ်ယွင်းပြီးအင်္ဂါ ဆက်လက်ရှိနေပေမယ့် ရောဂါမပျောက်တာ မဟုတ်ဘူး။ လူနာအနေနဲ့ ရောဂါ ပိုးများသေပြီး ရောဂါပျောက်ကင်းပြီကွ။ အဲဒီလို ရောဂါကင်းစင်တဲ့အတွက် မိမိပတ်ဝန်းကျင်မှာ တင့်တယ်စွာ နေထိုင်နိုင်တာပေါ့ကွာ”

“ဟ… တယ်ဟုတ်ပါလား ရွှေပြည့်ရာ။ မင်းဆီက ဗဟုသုတတွေ ရနိုင်တယ်ထင်လို့ ခုလိုဖိတ်ပြီး မေးရတာပါ”

“ဒါ ငါရဲ့ မေတ္တာစေတနာပါ။ ငါ့ဘဝတစ်လျှောက် ထိတွေ့ခံစားခဲ့ရတဲ့ ဇနီးသည် မပုစိန်ရဲ့ဘဝကို မင်းလည်း သိပြီးသားပဲ သာဖျောရာ။ ငါတို့ခေတ်တုန်းက ခုခေတ်လို ဆေးမျိုးတွေမရှိလို့ တို့ဘဝအကျည်းတန်ခဲ့ရတာ။ အဲဒီ ဒုက္ခဆင်းရဲမှုဒဏ်တွေ ဘယ်လောက်ကြီးမားတယ်ဆိုတာ ငါအသိဆုံးပါ။ ငါ့လို မခံစားရအောင်ပါ။ ကိုယ့်စရိတ်ကိုယ်စား အပင်ပန်းခံပြီး ဒေါက်တာရမ်းကုလို့ အပြောအဆိုခံပြီး ရောဂါသည်တွေ ဆေးခန်းရောက်ရေး ကူညီနေတာပါကွာ”

“ဟကောင် ရွှေပြည့် ဒါဆို ငါ့မြေးလေးရဲ့ရောဂါက အနာကြီးရောဂါများ ဖြစ်နေမလား။ သနားပါတယ်ကွာ။ သူ့ခမျာ ရှက်ရှာမယ်၊ ဒါကြောင့် မှိုင်နေတာ၊ မျက်ရည်ကျတာများလားကွာ”



“ဒီလို အလွယ်ပြောလို့မဖြစ်ဘူးကွ။ သေသေချာချာ စမ်းသပ်ရမယ်။ သူ့တစ်ကိုယ်လုံးကို လေ့လာရမယ်”

“သူ့တစ်ကိုယ်လုံးကို သူအကြည့်ခံရမှာ ရှက်နေရှာလို့ မှိုင်နေတာ၊ ငိုင်နေတာဖြစ်မှာပေါ့ ရွှေပြည့်ရာ။ ပြီးတော့ မင်းက ယောကျ်ား။ ငါ့မြေးလေးက အပျိုပေါက်လေး”

“ဟကောင်ရ ငါကြည့်မယ် မပြောပါဘူး။ သူ့တစ်ကိုယ်လုံးအရေပြားရှိသမျှနေရာကို ကြည့်ကိုကြည့်ရမယ်။ တစ်ခဏရှက်ရမှာ တစ်ဘဝနဲ့ မလဲချင်စမ်းပါနဲ့ကွာ။ ငါလေ့လာထားတဲ့ ဗဟုသုတပြောပြမယ်။ အဲဒီအတိုင်း စမ်းသပ်အဖြေရှာတတ်ရင် ကျန်းမာရေးဌာနဝန်ထမ်းတင်မဟုတ်ဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ မည်သူမဆို စမ်းသပ်လို့ရတယ်။ ကဲကွာ … ငါပြောတဲ့အတိုင်း ကြွေရုပ်အမေကကြွေရုပ်ကို စမ်းသပ်ပြီးအဖြေရှာမယ်။ အနာသိရင် ဆေးရှိတယ်ကွ။ လူ့လောကမှာ လူတိုင်းလူ့ဝန်းကျင်မှာ နေနိုင်ရမယ်။ အနာကြီးရောဂါကြောင့် စွန့်ပစ်ခံရရင် တစ်ဘဝလုံးစိတ်ဆင်းရဲရမယ် သာဖျော။ ငါကိုယ်တွေ့ ခံစားရတာ မင်းသိပါတယ်ကွာ”

“ဟုတ်ပေသားပဲ လုပ်ပါဦးကွာ။ ငါ့မြေးမလေးကို ဘယ်လိုစမ်းသပ်ရမှာလဲကွာ။ မင်းပြောတဲ့အတိုင်း သူ့အမေကို ငါပြောပြမယ်။ သူတို့ သားအမိချင်းဆိုတော့ ဘာရှက်စရာလိုလဲ။ ဟုတ်သားပဲ… ဟုတ်ပေသားပဲ”

“ကဲ… နားထောင် ငါပြောပြမယ်။ လူနာကို အလင်းရောင်ကောင်းမွန်စွာရရှိတဲ့နေရာ အခန်းမှာ လူနာရဲ့ အရေပြားကို တစ်ကိုယ်လုံး စစ်ဆေးပါ။ ဒါပေမယ့် လူနာရဲ့ ကာယိန္ဒြေကို ဂရုပြုလေးစားရမယ်။ အရေပြားရှိ အကွက်တွေ ယားယံခြင်းရှိ မရှိ မေးမြန်းပါ။ ယားယံတဲ့ အကွက်ဖြစ်တယ်ဆိုရင် အနာကြီးရောဂါအကွက် မဟုတ်တော့ဘူး။ အရေ

ပြားရှိ အကွက်တစ်ကွက် နှစ်ကွက်ဟာ ထုံခြင်းရှိ မရှိကို စမ်းသပ်စစ်ဆေးပါ။ ထုံနေကြောင်း တိကျထင်ရှားစွာ တွေ့ရှိမယ်ဆိုရင် အနာကြီးရောဂါအကွက်ပဲ။ ဒါဆိုရင် ဆေးကုသနိုင်ဖို့ ကြိုးစားပြီး ကျန်းမာရေးဆေးခန်းကို ပို့ပေးရမယ်။ ခေတ်မီ MDTဆေးစားပြီး/ မပြီး မေးမြန်းပါ။ လွန်ခဲ့တဲ့ကာလက အနာကြီးရောဂါနဲ့ ပတ်သက်တဲ့ ကုသမှုခံယူခဲ့ဖူးသလား မေးပါ။ MDTဆေးကို အညွှန်းအတိုင်း ကုသခံယူဖူးသူ ဖြစ်လျှင် ဘယ်လိုဆေးမျိုးသောက်ခဲ့သလဲမေးပါ။ ရောဂါအမျိုးအစားအရ ဆေးအပြည့်အဝစားပြီးသူ ဖြစ်ရင် ဆေးဆက်လက် ကုသပေးဖို့မလိုပါဘူး။ ခြေ၊ လက်၊ မျက်နှာနဲ့ မျက်စိများမှာ သိသာထင်ရှားတဲ့ ကိုယ်အင်္ဂါချို့တဲ့မှုများ တွေ့ရှိရခြင်းရှိမရှိ။ စစ်ဆေးဖို့လိုပါတယ်။ အနာကြီးရောဂါ ဟုတ်မဟုတ် သံသယရှိတယ်။ ဒါမှမဟုတ် သေချာပြီဆိုရင် ဆေးကုသပေးနိုင်ဖို့ လူနာကို အနီးဆုံးကျန်းမာရေးဌာနကို သွားရောက်နိုင်ရေးအတွက် တိုက်တွန်းကူညီပေးဖို့ အထူးလိုအပ်ပါတယ်။ သူငယ်ချင်း အခု ငါပြောတဲ့အတိုင်း မင်းရဲ့မြေး ကြွေရုပ်ကလေးကို သူ့အမေနဲ့ ကြည့်ရှုစမ်းသပ်ခိုင်း။ သေချာရင် မြို့ပေါ်မှာရှိတဲ့ ကျန်းမာရေး ဆေးခန်းကို ငါကိုယ်တိုင် ကူညီပို့ပေးမယ်။ ငါလည်း ကုသိုလ်ရတာပေါ့”

“မင်းရဲ့စိတ်ထားကတော့ အလွန်မွန်မြတ်လှတယ် ရွှေပြည့်ရာ”

“ကိုယ်ချင်းစာစိတ်နဲ့မို့ ငါအထူးလေ့လာထားတာပါ။ ထပ်ပြောစရာရှိတယ်။ သာဗျောရေ။ အကွက်တိုင်းကို အနာကြီးရောဂါလို့ ပြောလို့မရဘူး။ ထုံမနေဘူး။ ထိ၊ နာ၊ ပူ၊ အေး ကို သိတဲ့အကွက်များ၊ မွေးကတည်းက ပါရှိလာတဲ့ (ဝမ်းတွင်းပါ) အမှတ်များ၊ ယားယံတဲ့အကွက်များ၊ ဆွတ်ဆွတ်ဖြူနေတဲ့ အနက်ရောင်ရှိတဲ့ နီညိုရောင်နဲ့ ငွေရောင်တောက်နေတဲ့ အကွက်များ၊ ငါးကြေးခွံလို ထနေတဲ့အကွက်များ ပေါ်လာလိုက်၊



ပျောက်သွားလိုက် မကြာခဏဖြစ်တတ်တဲ့ အကွက်များဟာ အနာကြီးရောဂါ လုံးဝမဟုတ်ဘူး။

“ကောင်းလိုက်တဲ့ အကြံဉာဏ်တွေပဲ ရွှေပြည့်ရာ။ မင်းဟာ ဘုန်းတော်ကြီးသင်ပညာရေး ပထမကြီးလောက် အောင်ပေလို့ပဲ အတန်းပညာဘွဲ့တွေရရင် မင်းဒီထက်တော်မှာ”

“အတန်းပညာဘွဲ့ရရမရရ၊ ခေတ်ပညာတတ်တတ် မတတ်တတ်၊ ဗဟုသုတရှာသူအတွက် ဗဟုသုတရတတ်ပါတယ်။ ရတဲ့ဗဟုသုတကို စေတနာပါပါ၊ မေတ္တာရှိရှိ ဖြန့်တတ်ဖို့ပဲ။ ငါဆေးအကြောင်း နားမလည်ပါဘူး။ ဆေးလည်းမကုတတ်ဘူး၊ လူတွေက ဒေါက်တာရမ်းကုလို့ ကျီစားနောက်ပြောင်နေတဲ့ဒဏ်ကို ငါနေ့တိုင်းခံနေရတယ်။ ဘယ်အထိ ခံရမယ်ထင်သလဲ။ ငါအသက်ဝိဉာဉ်ချုပ်တဲ့အထိ ခံရမှာပဲ။ သူတို့တွေ ကျီစားနောက်ပြောင်တဲ့ဒဏ် ငါမခံနိုင်လို့ ငါ့စေတနာ ငါ့မေတ္တာ ဖြတ်တောက်လိုက်ရင် ငါနဲ့ ငါရဲ့ဇနီး မပုစိန် (မပု) တို့ ခံစားရတဲ့ဘဝမျိုး လူသားထဲက လူသားအချို့ ခံစားပူလောင်နေရမှာကို ငါမလိုလားဘူး။ ဒါကြောင့် အနောက်အပြောင်ခံပြီး ငါလေ့လာထားတဲ့ ခေတ်မီဆေးကုသမှု နည်းစနစ်တွေကို အပင်ပန်းခံ၊ အမောခံဖြန့်ဝေအကြံဉာဏ်ပေးနေတာပါ။ လူသားတိုင်း လူ့ဝန်းကျင်မှာ ဝင်ဆန့်နေနိုင်ဖို့ ပါပဲကွာ”

“စေတနာ မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ် ရွှေပြည့်ရာ”

“သာဗျောရေ”

“ဟေ…လကွာ”

“နှုတ်တစ်ရာ စာတစ်လုံးတဲ့ကွ။ ခုငါပြောတာတွေကို မင်းမှတ်မိချင်မှ မှတ်မိမယ်။ ဟောဒီ ဘုတ်အုပ် (စာအုပ်) ထဲမှာ ငါ့အတွေ့အကြုံနဲ့ ခေတ်မီတိုးတက်တဲ့ ဆေးဝါးတွေရဲ့ အကျိုးအာနိသင်တွေကို ငါစုဆောင်းပြီး

မှတ်ထားတာတွေရှိတယ်။ ငါ့စကားထက် တာသွားမယ်။ အဲဒီမှတ်စုတွေကို သေသေချာချာဖတ်ပါ။ ယုံယုံကြည်ကြည်နဲ့ မင်းမြေးနဲ့အတူ လူနာတွေကို ဆေးကုသဖြစ်အောင် စည်းရုံးရင်း ကုသိုလ်ယူပါကွာ။ မင်းဖတ်ပြီးရင်တော့ ငါ့ကို ပြန်ပေးပါ”

“စိတ်ချပါကွာ။ မင်းကို ကျေးဇူးတင်ပြီးရင်း တင်နေတယ် သူငယ်ချင်းရာ”

“နေမညိုခင် ငါပြန်မယ်။ လှည်းကြုံမရရင် ခက်နေမယ်ကွ။ မနက်ဖြန်ကျတော့ မင်းမြေးမလေးရဲ့ ခန္ဓာကိုယ်ပေါ်က တွေ့သမျှ အကွက်တွေရဲ့ အခြေအနေ အဖြေကို ငါ့ဆီအကြောင်းပြန်ကွာ။ လိုအပ်တာမှန်သမျှ ငါကူညီပါရစေ”

“သာဓုဗျာ... သာဓု.... သာဓု သူငယ်ချင်း။ ခြံပြင်မှာ မင်းကို လိုက်ပို့ဖို့ ငါ့သားလှည်းယာဉ်နဲ့ စောင့်နေတယ်။ မနက်ဖြန် ငါကိုယ်တိုင် မင်းဆီကို လာပြောမယ် သူငယ်ချင်း”

သူငယ်ချင်းနှစ်ယောက် စကားလက်စသတ်ပြီး လမ်းခွဲခဲ့ကြပေမယ့် ဦးသာဗျောက ဘိုးလေးရွှေပြည့်ပေးခဲ့သော ဘုတ်အုပ်ကလေးတကိုင်ကိုင်နှင့် ဖတ်ချင်စိတ်များက တာစူနေတော့သည်။ အလားတူ ဖိုးလေးရွှေပြည့်ကလည်း သူ့စိတ်စေတနာ မေတ္တာအကျိုးရှိပါစေလို့ ဆုတောင်းနေမည်ထင်ပါသည်။

# အချစ်ပြစ်ဒဏ် ခံပြီးအပြန်

“ဟဲ့သား.... မင်းကို လူမုန်းများနေပြီနော်”

ကျွန်တော့်ကို မုန်းနေသူတွေ များနေတယ်လို့ အိပ်ရာထဲ အမြဲလိုနေပြီး အသက် (၇၀) ကျော် ဇရာထောင်းနေပြီဖြစ်တဲ့ ကျွန်တော့်အမေက ကျွန်တော့်ကို အသိပေးသည်။ အမေသည် သွေးကြောင် သွေးနည်းသူမဟုတ်သဖြင့် လူမုန်းများနေမှုကြောင့် သူ့သား ကျွန်တော်သေမှာ အနာတရဖြစ်မှာစိုးရိမ်၍ သတိပေးနေခြင်း မဟုတ်ကြောင်း ကျွန်တော်နားလည်လိုက်ပါသည်။ အသိပေးတာတော့ဖြစ်မည်၊ အသိပေးခြင်းဖြင့် ရှောင်သင့်ရှောင်နိုင်ရန် လိမ္မာပါးနပ်စွာ နေထိုင်ပြုမူတတ်စေရန် ဖြစ်ပါလိမ့်မည်။

ကျွန်တော့်ကို မုန်းနေသည့် လူအချို့၏ သတင်းဝါဒ ဖြန့်မှုက ပျံ့လွင့်နေသဖြင့် အိပ်ရာထဲလဲနေသည့် အမေသိနေခြင်းဖြစ်ပေမည်။

ကျွန်တော့်ကို မုန်းနေတာ ဘယ်လိုလူတွေပါလိမ့်၊ ဘယ်လိုအဆင့်အတန်းက လူတွေပါလိမ့်၊ လူတွေအားလုံးက မုန်းနေပြီဆိုရင်တော့ အများနှင့်တစ်ယောက်မို့ ကျွန်တော်မှားတာ ဖြစ်နိုင်သည်။ ပြန်စဉ်းစားကြည့်တော့ ကျွန်တော် လုံးဝအမှား မလုပ်မိပါ။ ထို့ကြောင့် လုပ်သင့်တာ လုပ်ရဦးမည်။ လုပ်ကို လုပ်မည်ကို အမေရိပ်မိပုံပေါ်လို့လည်း-

“ဟဲ့သား.... လူမုန်းများ နေပြီနော်” လို့ အသိပေးလာခြင်းဖြစ်မည်။

×× ×× ×× ××

ကျွန်တော်သည် လူငယ်များ ဗလငါးတန်ပြည့်ဝရေးကို ရှေးရှုဆောင်ရွက်နေရသည့် လူငယ်စည်းရုံးရေးကော်မတီ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်နေရသူဖြစ်ပါသည်။ တစ်နေ့ ကျွန်တော့်ရုံးခန်း၊ ကျွန်တော့်စားပွဲရှေ့ ဧည့်ထိုင်ခုံများတွင် ရောက်ရှိနေသူများမှာ ကျွန်တော်နေသည့် ရပ်ကွက်ထဲက ပဲပြုတ်သည် ဒေါ်ပု၊ ရွှေဆိုင်နှင့် ရွှေပန်းထိမ်ဆရာ ဦးကိုကို၊ -------ဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့် အခြားအလွှာစုံမှ ပုဂ္ဂိုလ်ကြီး ငယ် ကျားမ ခုနစ်ဦးခန့် ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်အံ့အားသင့်သွားရသည်။ တိတိကျကျ ပြောရမည်ဆိုလျှင် ရောက်ရှိနေသော ပုဂ္ဂိုလ်တို့သည် ကျွန်တော့်ရပ်ကွက်မှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တစ်မြေထဲနေ၊ တစ်ရေထဲသောက် တစ်ရပ်ထဲကြီးပြင်းခဲ့ကြသည့် ရပ်ဆွေရပ်မျိုးများဖြစ်သည်။ သူတို့ဘာကြောင့်များ ယခုလို ကျွန်တော့်ရုံးခန်းကို ရောက်ရှိပါလိမ့်ဟု ကျွန်တော်တွေးနေစဉ်မှာပင် ရွှေဆိုင်နှင့် ရွှေပန်းထိမ်ဆရာ ဦးကိုကိုက-

"အချိန်လည်း သိပ်မရှိတော့.... တိုတိုပဲပြောပါရစေ ဦးစိုးရှိန်၊ ကျွန်တော်တို့ရဲ့ ကလေးတွေကို မူးယစ်ဆေးဝါးသုံးသယမှုနဲ့ ရဲစခန်းကို ရောက်နေပါတယ်။ ကလေးတွေက ဦးစိုးရှိန်မျက်စိအောက်မှာ ကြီးလာကြတာ.... ဘယ်တုန်းကများ ဒီလိုကိစ္စရှိခဲ့ဖူးလို့လဲ.... ကလေးတွေကို လွှတ်ပေးဖို့ ရဲကို မေတ္တာခံပေးပါ" ဟုတောင်းဆိုလာသည်။

ဥပဒေကို ဥပဒေနှင့်အညီ ထုချေဖို့၊ လိုက်နာဖို့ သူတို့မစဉ်းစားတော့ဘဲ သားသမီးအတွက်သာ တွေးနေပုံရသည်။ ကျွန်တော့်အနေနှင့် မကူညီနိုင်ဘူးဆိုလျှင် သူတို့ကျေနပ်မည်မဟုတ်၊ ကူညီဖို့ဆိုတာကလည်း ဥပဒေကိုချိုးဖောက်၍ မဖြစ်နိုင်။ ဘာပဲပြောပြော ဖြစ်စဉ်အမှန်သိရှိရေး ဦးစွာဆောင်ရွက်ရမည်။ ပြီးမှ ကျွန်တော့်မိတ်ဆွေများ စိတ်ချမ်းမြေ့စေရေးအတွက် တတ်နိုင်သမျှကူညီရမည်။ တစ်ခါတစ်ရံ တတ်နိုင်သမျှ ကူညီ၍



ပင် မရနိုင်လောက်သောအကြောင်းတရားများ ရှိတတ်သည်ကို အကူအညီတောင်းသူများက လက်မခံချင်ကြ၊ ထိုအခါမျိုးဆို ကျွန်တော့်ကို အမုန်းကြီးမုန်းကြပေမည်။ ဘာမျှမတတ်နိုင်၊ အကူအညီတောင်းသူတိုင်းက သူတို့ဆန္ဒပြည့်ရေးသာ ရှေ့တန်းတင်တတ်ကြသည်။ ဒါလည်း စိတ်ဆိုး၍မဖြစ်။ သူတို့မှာက သောကမီးဟပ်နေပြီကိုး....

"ကျွန်တော်.... မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူးကို အခြေအနေမေးပြီးတော့ ဥပဒေနှင့်အညီ ကူညီပေးပါ့မယ်" ဟုပြောလိုက်မိသည်။ ပြောသာ ပြောလိုက်ရသည်။ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေကလည်း-

## ပုဒ်မ (၆-ခ) လက်ဝယ်တွေ့ရှိခြင်း

မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး (၅) နှစ်မှ အများဆုံး ထောင်ဒဏ် (၁၀) နှစ်အထိ (သို့မဟုတ်) ယင်းထောင်ဒဏ်နှင့် ငွေကျပ်တစ်သောင်းအထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးနှင့် ပစ္စည်းများ၊ ယာဉ်များ၊ မြေနှင့် အဆောက်အအုံများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

## ပုဒ်မ (၁၀-ခ) ရောင်းဝယ်ခြင်း

မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး (၁၀) နှစ်မှ အများဆုံးနှစ်အကန့်အသတ်မရှိ ထောင်ဒဏ်နှင့် ငွေဒဏ်တစ်သောင်းကျပ်အထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးနှင့် ပစ္စည်းများ၊ ယာဉ်များ၊ မြေနှင့် အဆောက်အအုံများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

## ပုဒ်မ (၁၁) အားပေးကူညီခြင်း

မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား ကျူးလွန်ခြင်းကို အားပေးကူညီလျှင် (သို့မဟုတ်) ကျူးလွန်ရန် အားထုတ်လျှင် (သို့မဟုတ်) ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။

## ပုဒ်မ (၁၄ က-ခ-ဂ-ဃ) သုံးစွဲခြင်း

(က) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ အမြဲသုံးစွဲနေသူများသည် အစိုးရကသတ်မှတ်သော ကာလအပိုင်းအခြားအတွင်း၌ သတ်မှတ်သည့်နေရာ၊ သတ်မှတ်သည့်ဌာနများတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသော မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးအမြဲသုံးစွဲသူများအား ဆေးဝါးစွဲနေခြင်းမှ ကုသပေးခြင်းနှင့် ပတ်သက်၍ အစိုးရသည် ညွှန်ကြားချက်များကို ထုတ်ပြန်ပြီး လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ရုံဖန်ရံခါ သုံးစွဲသူများအား ကုသပေးခြင်းနှင့်ပတ်သက်၍ အစိုးရသည် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဃ) မည်သူမဆို ဤပုဒ်မအရထုတ်ပြန်ထားသော ညွှန်ကြားချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင် ထောင်ဒဏ်အနည်းဆုံး (၃) နှစ်မှ အများဆုံး (၅) နှစ်အထိ ချမှတ်ခြင်းခံရမည်။

လို့ ပြဋ္ဌာန်းထားသည်မို့ ကလေးတွေ ဘယ်ပုဒ်မနှင့် ငြိစွန်းနေပါ လိမ့်၊ ဘယ်ပုဒ်မနဲ့မှ မငြိစွန်းပါစေနဲ့လို့ ဆုတောင်းမိသူက ကျွန်တော်ဖြစ်ပါ သည်။



ကျွန်တော် အတွေးလွန်သွားခိုက်မှာပင်–

"မေးရင်လည်း ခုမေးပေးပါ.... ကျွန်တော်တို့ကလေးတွေ အချုပ် ခံရရင် လူငယ်တွေ အညွှန့်တုံး၊ မိဘတွေပါ သိက္ခာကျကုန်မယ်" ဟု သားသမီးဇောကပ်နေသော ဦးကိုကိုက ဒေါသသံအပြည့်နှင့် ပြောလာပြန် သည်။ ထို့ကြောင့်လည်း သူတို့တွေ အကျေနပ်ဆုံးဖြစ်အောင် ကျွန်တော် ပြောမှဖြစ်မည်မို့–

"ကျွန်တော့်တာဝန်ကိုက လူငယ်တွေ ဗလငါးတန်ပြည့်ဝဖို့ ဆောင်ရွက်နေရသူပါ၊ တာဝန်ချိန်မှာ တာဝန်ထမ်းဆောင်ပေမယ့် ဦးတို့ အဒေါ်တို့ရဲ့ သားသမီးတွေနဲ့ ကျွန်တော် အတူစား အတူသွားနေတာ တစ်ရပ်ကွက်လုံးသိပါတယ်။ ပြဿနာဖြစ်လာပြီဆိုတော့ ပြဿနာကို အဖြေရှာဖြေရှင်းတာအကောင်းဆုံးပါ။ စိတ်အေးအေးထားပါ၊ ဒီကလေး တွေ အညွှန့်တုံးတာ၊ မိဘတွေရဲ့ ဂုဏ်သိက္ခာကျတာမျိုးဆို ကျွန်တော်လည်း ဘယ်လိုဝမ်းသာနိုင်ပါ့မလဲ၊ ကျွန်တော်အဖြေရှာပါ့ရစေ၊ ရဲစခန်းကို ပြန်သွားကြပါ။ ကလေးတွေအတွက် လိုအပ်တာဖြည့်စွမ်းပြီး ကျွေးမွေး စောင့်ရှောက်ပါ၊ အားပေးနှစ်သိမ့်ပါ၊ အချိန်ရပါသေးတယ်၊ ကျွန်တော် ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးပါ့မယ်။ ဦးတို့ အဒေါ်တို့ ပြောသလို မူးယစ်ဆေးဝါး မသုံးရိုးအမှန်ဆိုလျှင် ဘာအချုပ်မှ မကျစေရပါဘူး၊ ဒါပေမယ့် ဥပဒေအရစစ်ဖို့၊ ဆေးဖို့ လိုအပ်ရင်တော့ စိတ်ရှည်သည်းခံပြီး ဖြေရှင်းပါ၊ ဆရာ ဦးဝင်းဗိုလ်က ဌာနအကြီးအကဲ ညွှန်ကြားရေးမှူး တစ်ယောက်အနေနဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေကို ထိန်းပြီး နှစ်သိမ့်ပေးပါ ဆရာ၊ ကျွန်တော် အကောင်းဆုံးစီစဉ်ပေးပါ့မယ်" ဟု ပြောလိုက်သဖြင့် ဦးကိုကိုတစ်ယောက် စိတ်သက်သာရာ အထိုက်အလျောက်ရသွားပုံရှိ ပါသည်။

မကြာပါ ဦးဝင်းဗိုလ် ဦးဆောင်ပြီး ဧည့်သည်အားလုံး ရဲစခန်းသို့ ထွက်သွားကြသည်။ ကျွန်တော်လည်း မြို့နယ်ဒုရဲအုပ် စခန်းမှူးဦးစိုးလှအား ဖုန်းဆက်ပြီး အကျိုးအကြောင်းမေးမြန်းရန် ရုံးကို ချိန်းလိုက်ပါသည်။

×× ×× ×× ××

“ဒါဆို.... ကိုစိုးလှရေ ခင်ဗျားတို့ သတင်းရတဲ့ကလေးက လွတ်သွားပြီ သူငယ်ချင်းသဘော၊ လူငယ်သဘော၊ အတူနေလူငယ်တွေကို ဖမ်းလာတာဆိုတော့ သူတို့မိဘတွေရဲ့ ဂုဏ်သိက္ခာ၊ လူငယ်တွေရဲ့ စိတ်ဓာတ်ထိခိုက်ပျက်ပြားသွားမှာ ကျွန်တော်စိုးရိမ်တယ်၊ အမှုဖွင့်ပြီး သလား”

“မဖွင့်ရသေးဘူးဆရာ၊ လောလောဆယ် မြို့နယ်မှူးကလည်း အစည်းအဝေးသွားနေပါတယ်။ ပြန်လာတဲ့အခါ မြို့နယ်မှူးကို တင်ပြပြီးမှ မြို့နယ်မှူးမှတ်ချက်အရ အမှုဖွင့်ဆိုမှ ဖွင့်မှာပါ”

“မြို့နယ်မှူးလည်း လူငယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စာရိတ္တာမြင့်မားရေးကို ဦးစားပေးမှာပါ၊ ဒီကလေးတွေ မူးယစ်ဆေးဝါး အမှန်တကယ် သုံး၊ မသုံးနဲ့ ကလေးတွေရဲ့ နောက်ကြောင်းအခြေအနေ ကိုစိုးလှ အမြင်ကို ပြောစမ်းပါဗျာ”

“ရဲစခန်းမှတ်တမ်းမှာတော့ ဖမ်းလာမိတဲ့ကလေးတွေ မူးယစ်ဆေးဝါးသုံးစွဲတဲ့ လက္ခဏာမရှိပါဘူး၊ ဒါပေမယ့် သတင်းအရ သွားဖမ်းလို့ လွတ်သွားတဲ့ကလေး မောင်တင်အောင်က သေချာပေါက် သုံးစွဲတဲ့ကလေး ပါ ဆရာ....”

“သတင်းရတယ်ဆိုတော့ ဘယ်သူက သတင်းပေးတာလဲ ကိုစိုးလှ”



“မူးယစ်ဆေးဝါး သုံးစွဲနေတဲ့ မောင်တင်အောင်ရဲ့ ငယ်ကျွမ်းဆွေ၊ ငယ်ချစ်၊ ငယ်ပေါင်း သေတာတောင် မခွဲကြေးလို့ ကတိပြုထားကြတဲ့ ကလေးမလေးပါ”

“ကိုယ့်ချစ်သူကို ထောင်ထဲပို့ဖို့ သူကိုယ်တိုင် သတင်းပေးတာ အံ့ဩစရာပဲ”

“သိပ်ချစ်လို့ပါတဲ့ ဆရာ”

“ပိုပြီးစိတ်ဝင်စားစရာ ကောင်းလာတယ်ဗျာ”

“ဒါ့ထက် စိတ်ဝင်စားစရာကောင်းတာရှိသေးတယ် ဆရာ”

“ဘာများပါလိမ့် ကိုစိုးလှ”

“မောင်တင်အောင် အဖေက လူကြီးလူကောင်း အကြီးအကဲ တစ်ယောက်ပါ၊ ဒါပေမဲ့ သူ့သားကို သူကိုယ်တိုင် မူးယစ်ဆေးစွဲရောဂါ ကုသရေးဌာနမှာ မှတ်ပုံတင်ပေးပြီး အမွေပြတ် စွန့်လွှတ်ထားတယ်လို့ မောင်တင်အောင်ရဲ့ ချစ်သူကပြောသေးတယ် ဆရာ”

“ဗျာ.... ကိုစိုးလှ ပြောမှ စိတ်ဝင်စားစရာတွေက ပိုပြီး ပေါ်ပေါ် လာပါလား၊ ဖခင်က သူ့သားကို နွေးနွေးထွေးထွေးရင်အုပ်မကွာ ပြုစုဆုံးမ ရမယ့်အစား အမွေပြတ်စွန့်လွှတ်တယ်ဆိုတော့....” ကျွန်တော်စကားစ ရပ်လိုက်ချိန်မှာပဲ....”

“မောင်တင်အောင်အဖေက မောင်တင်အောင်ကို သိပ်ချစ်တာပဲတဲ့ ဆရာ” အဲဒါလည်း မောင်တင်အောင် ကောင်မလေးက ပြောတာဆရာ”

**“သိပ်ချစ်တဲ့ သူတွေကတောင် မူးယစ်ဆေးသုံးစွဲမှုကို မနှစ်သက်လို့ ဥပဒေနဲ့အညီဆုံးမဖို့ သက်ဆိုင်ရာကို အကြောင်းကြားသေးရင် ကျွန်တော်တို့ကလည်း သင့်တင့်တဲ့ အစီအမံ လုပ်ရမှာပေါ့ဗျာ...**

"ကဲ... ကိုစိုးလှ ခင်ဗျားတို့ခေါ်ထားတဲ့ ကလေးတွေက သတင်းပေးခံရတဲ့ လူစာရင်းထဲမှာလည်း မပါဘူး၊ သတင်းပေးခံရတာက မောင်တင်အောင် တစ်ယောက်ထဲ၊ မောင်တင်အောင်ကိုလည်း လက်ရမမိဘူး၊ မိရင်လည်း ဆေးဝါးကုသဖို့ မှတ်ပုံတင်ထားသူဆိုတော့ ဖမ်းဆီးချုပ်နှောင်ခွင့်မရှိဘူး၊ ဆေးကုသနိုင်ဖို့ စီစဉ်ပေး ဆောင်ရွက်ပေးရုံပဲရှိတယ်၊ ကိုစိုးလှ စခန်းပြန်ပါ၊ မြို့နယ်မှူးများကို တင်ပြကြည့်ပါဗျာ၊ အမှုမဖွင့်ဘဲ ဆောင်ရွက်လို့ရ/မရ၊ ရရင် ကျွန်တော့်ကို အကြောင်းကြားပါ၊ ကျွန်တော် ကိုယ်တိုင်လာပြီး အာမခံထုတ်ပါ့မယ်။ စစ်ဆေးရန် လိုအပ်တဲ့အခါပြန်ပို့ပေးပါ့မယ်၊ တစ်ခါတည်း မှာလိုက်ပါရစေ၊ ကလေးတွေကို မလိုအပ်ဘဲ ချုပ်နှောင်မထားပါနဲ့၊ ကလေးတွေရဲ့မိဘတွေကို စိတ်အေးချမ်းသာနဲ့နေဖို့ ပြောပေးပါဗျာ"

"ဟုတ်ကဲ့ ဆရာ... ကျွန်တော်အားလုံး စီစဉ်ပေးပါ့မယ်"

"ကျေးဇူးပဲ ကိုစိုးလှရေ"

ကျွန်တော် ဒုရဲအုပ် ကိုစိုးလှနဲ့ တွေ့ပြီးပြီမို့ ပြဿနာ အခြေခံလည်း သိခွင့်ရပြီ၊ ကျွန်တော့်အနေနဲ့ ဖြေရှင်းရန် နည်းလမ်းလည်းတွေ့ပြီ...

လူငယ်ဆိုတာ အဖော်မင်တတ်စမြဲ ဖြစ်သည်။ မောင်တင်အောင်နဲ့ ဆက်နွယ်ပြီး ကျန်သူငယ်ချင်း လူငယ်တွေပါ မူးယစ်ဆေးဝါးသုံးစွဲမှုပြုလာကြရင် ဘယ်လိုဆက်လုပ်မလဲ၊ ယနေ့ စခန်းရောက်နေတဲ့ ကလေးတွေကို ကျွန်တော့်အနေနဲ့ ဥပဒေဘောင်အတွင်းက အာမခံထုတ်ပေးလိုက်လျှင် ကလေးတွေရဲ့ မိဘအားလုံး ပျော်လိုက်ကြမည့်ဖြစ်ခြင်း၊ အရှည်မတွေးလျှင်တော့ စိတ်ချမ်းမြေ့စရာ၊ အရှည်တွေးလျှင် ကလေးတွေဥပဒေကို လေးစားတတ်မှု အားနည်းသွားနိုင်သည်။ အကြောင်းပေါ်လျှင် မိဘတွေက ရှင်းပေးလိမ့်မည်ဆိုသောစိတ်ဝင်သွားလျှင် နောင်အနာဂတ်အတွက် အလားအလာမကောင်း၊ အကောင်းဆုံးဖြစ်အောင် ကျွန်တော် စဉ်းစားရပါမည်။



ကျွန်တော်ရုံးဆင်းအပြန် အိမ်ပြန်ရောက်တော့ စိတ်လက်ပေါ့ပါးနေသလို ခံစားမိသည်။ သောကမီးဝင်နေသည့် မိဘတွေ၊ အထိုက်အလျောက် ချမ်းမြေ့သွားကြလိမ့်မည်ဟု ခံစားရ၍လည်း ကျွန်တော်စိတ်လက်ပေါ့ပါးသွားရခြင်းဖြစ်ပါသည်။ သို့သော် မိဘတွေ အားလုံးက ကျွန်တော့်ကို နှစ်နှစ်ကာကာကြီး ကျေနပ်ကြလိမ့်မည် မထင်ပါ။ အလားတူ "သဲမာ" ကိုလည်း မုန်းနေကြမည်ထင်ပါသည်။ မုန်းကာမှ မုန်းပါရော "သဲမာ" ကတော့ "အသည်းမာမာ" နဲ့ကို အမုန်းခံလိုက်ခြင်းဖြစ်ဟန်တူပါသည်။

×× ×× ×× ××

"သဲမာရယ်.... နင်ငါ့ကိုတကယ်မချစ်ဘူးဆိုတာ ခုမှပဲ ရှင်းရှင်း သိရတော့တယ်"

"ဘာပြောတယ် တင်အောင်.... ငါက နင့်ကို တကယ်မချစ်ဘူးဟုတ်လား၊ ကလေးဘဝကနေ ဒီအရွယ်အထိ အတူနေ၊ အတူသွား အတူစားပြီး ချစ်လာခဲ့ကြတဲ့ ချစ်သူတွေမှာ တကယ်မချစ်ဆိုတာ ရှိနိုင်သေးလို့လား တင်အောင်"

"တကယ်ချစ်ရင်.... နင်ငါ့ကို ခုလက်ထပ်ပါလား"

"ဟဲ့.... တင်အောင်.... ချစ်တာနဲ့ လက်ထပ်တာက ညီမျှခြင်းချတွက်သလို တွက်လို့မရဘူး၊ တွက်ထုတ်ဖို့လည်း သီအိုရီ မရှိဘူး၊ လက်ထပ်ခြင်းသာ ဘဝအသစ်ကို ထူထောင်ခြင်းလို့ ငါနားလည်တယ်၊ ခု... တို့က မိဘအုပ်ထိန်းမှုအောက်မှာ မှီခိုအားထားနေရတဲ့ဘဝ၊ လက်ထပ်လိုက်တဲ့အခါ ကိုယ့်ဘဝကိုယ့်အိမ်ထောင်ကို ထူထောင် ရုန်းကန်ရတဲ့ဘဝ ဖြစ်မယ်၊ နင်နဲ့လက်ထပ်ရင် အိမ်ထောင်သည်ဘဝကို ဘယ်လိုထူထောင်မှာလဲ"

‘‘နင်စကားတတ်တိုင်း ပြောမနေနဲ့၊ လူငယ်အိမ်ထောင်သည်တိုင်း နင်တွက်တဲ့ ‘‘ပေတံ’’ နဲ့တိုင်းပြီးမှ လက်ထပ်ကြတာမဟုတ်ဘူး၊ တစ်ခါတစ်ရံ မတော်တဆ အိမ်ထောင်ကျတာ၊ တစ်ခါတစ်ရံ မိဘတွေပေးစားလို့ အိမ်ထောင်ကျတာ၊ တစ်ခါတစ်ရံ နှစ်ကိုယ်တူအချစ်မျှနဲ့ ထမင်းရည်အတူယက်မယ်ဆိုပြီး အိမ်ထောင်ကျတာတွေ ဒုနဲ့ဒေး သဲမာရဲ့’’

‘‘ဟုတ်ပါပြီ၊ အဲဒီ သုံးမျိုးထဲက ဘယ်အမျိုးအစားနဲ့ နင်က ငါ့ကို လက်ထပ်ချင်တာလဲ’’

‘‘နှစ်ကိုယ်တူချစ်အမျှနဲ့ ထမင်းရည်အတူလျက်နိုင်ရမှာပေါ့’’

‘‘ဘာ.... မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူပြီး ထမင်းရည်အတူလျက်ဖို့ အဆင့်လောက်ပဲ ကျွေးဖို့ စဉ်းစားနေတဲ့ နင့်ကို ငါလဲ လက်မခံနိုင်ဘူး.... ဘယ်မိန်းကလေးကမှလည်း လက်ခံမှာ မဟုတ်ဘူး တင်အောင်’’

‘‘ဒီအချိန်မှာ မိဘကစွန့်လွှတ်ခံထားရတဲ့ ငါလိုကောင်ကို နင်က ပြောရက်ပြီပေါ့... နင်ငါ့ကိုတကယ်ချစ်ရင် ငါနဲ့အတူ အငတ်ခံရဲရမှာပေါ့’’

‘‘မဆိုင်လိုက်တာ တင်အောင်ရယ်’’

‘‘အေး.... ဒါဆိုလည်း ပြီးရော ငါ့ဘဝနဲ့ငါ ကြုံသလိုနေ၊ ကြုံသလိုစားပြီး ဖြစ်ချင်တာဖြစ်နေတော့မယ်’’

‘‘အဲဒါဆို နင်လည်း ငါ့ကို တကယ်မချစ်လို့ပဲ’’

‘‘ဘာပြောတယ်’’

‘‘နင် ငါ့ကို တကယ်ချစ်ရင် ယောကျာ်းကောင်းတို့ စိတ်ထားနဲ့ ကိုယ့်ဇနီးမယားဖြစ်လာမယ့်သူအတွက် ကြိုတင်ပြင်ဆင်သင့်တယ်၊ သားစဉ်မြေးဆက်အတုယူလောက်တဲ့လူ၊ စံနမူနာပြဖွယ်ဖြစ်လောက်တဲ့လူ၊



မိဘကနှင်ချ၊ စွန့်လွှတ်ခံရတဲ့လူမျိုး မဖြစ်တဲ့လူ.... ဖြစ်အောင် မကြိုးစားသင့်ဘူးလား’’

‘‘တော်တော်.... တော်တော့.... ငါ့မိဘတွေက ငါ့ကို သူတို့သားလို့ ထင်ပုံလည်းမပေါ်ဘူး၊ တကယ်လည်း မချစ်ဘူး၊ ပြီးတော့ နင်လည်း ငါ့ကို တကယ်မချစ်ဘူးလို့ ငါတစ်သက်တာ မှတ်ထားလိုက်ပြီ’’

‘‘နင်မိဘကို မပြစ်မှားနဲ့၊ နင့်ကို စွန့်လွှတ်လိုက်တာ သူတို့က နင့်ကိုချစ်လို့ပဲ.... နင်က သူတို့ကို ပြန်ချစ်ပြပြီး သူတို့မျှော်လင့်တဲ့ လူတော်လူကောင်း ဖြစ်အောင်လုပ်ပြရမယ့်အစား၊ စိတ်ဆင်းရဲအောင်လုပ်လို့ ချစ်ပါလျက်နဲ့ စွန့်လွှတ်ကြတာ၊ ငါလည်း နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ တစ်နေ့ နင်သိရစေမယ်၊ ငါ့နာမည်.... သဲမာတဲ့ တင်အောင်’’

×× ×× ×× ××

တကယ်တမ်းပြောကြစတမ်းဆိုရင်တော့ ကျွန်တော့်ရပ်ကွက်ထဲမှာ တင်အောင်တို့လို လူငယ်လေးတွေက ကျွန်တော်နှင့် မစိမ်းကြပါ၊ သူတို့တွေ နံနက်ပိုင်း၊ ညနေပိုင်း ရပ်ကွက်ပိုင်ဘောလုံးကွင်းမှာ ဘောလုံးကန်တိုင်း အချိန်ရလျှင်ရသလို ကျွန်တော်အားပေးမြဲဖြစ်သည်။ လူငယ်သဘာဝ လူခွဲ ဘောလုံးအပျော်ကစားလေ့ရှိသည်။ ပွဲပြီးတော့ နိုင်သူရှုံးသူတွေ စကားအနိုင်လု ပြောကြ၊ စကြ၊ နောက်ကြ၊ ပြီးတော့ လက်ဖက်ရည်ဆိုင် (သို့) အအေးဆိုင် တစ်ဆိုင်မှာ ပျော်ပျော်ပါးပါးသောက်ကြနှင့် ပျော်နေလိုက်ကြသည်မှာ ချစ်စရာလူငယ်လေးများဖြစ်သည်။ အနိုင်အရှုံးသည် အဓိက မဟုတ်၊ တက်လူတွေဖြစ်တဲ့ ဒီလူငယ်တွေ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေး အထောက်အကူဖြစ်စေမယ့် ခုလို စုပေါင်းလေ့ကျင့်ကစားနေကြတာကို နေ့စဉ်မြင်တွေ့ရတဲ့သူတိုင်း ကျေနပ်ပီတိ

ဖြစ်နေကြမည်ထင်ပါသည်။ ခုလို မမျှော်လင့်တဲ့အကြောင်းတရားနဲ့ ရုံးရောက်၊ ဂါတ်ရောက်ဖြစ်ခဲ့သည်ရှိသော် ကလေးတွေအတွက် အတွေး အခေါ်အယူအဆ ညှိုးမှိန်သွားနိုင်သည်။ မိဘများဂုဏ်သိက္ခာညှိုးနွမ်း သွားနိုင်သည်။ သို့ဆိုလျှင် ကျွန်တော် ဘာများကူညီနိုင်မည်နည်း။

“အမြုတေရှိရာ အမြုတေစု” စကားလေးသတိရလိုက်မိသည်။ ဟုတ်ပြီ.... ကျွန်တော်တို့ မြို့နယ်အစီအစဉ်ဖြင့် နွေရာသီ အားကစား သင်တန်းမျိုးစုံဖွင့်ထားသည်။ သူတို့လေးတွေကို ဘောလုံးသင်တန်းပို့ပေး လိုက်လျှင် သင်တန်းစည်းကမ်းနှင့်အညီ နေတတ်၊ စားတတ်၊ လေ့ကျင့် တတ်ပြီး၊ အကျိုးတစ်ခုခုရနိုင်မည်မှာ သေချာလှသည်ဟု ကျွန်တော်စဉ်းစား မိပါသည်။ ဒါကြောင့်လည်း ကျွန်တော်ရုံးမဆင်းမီကတည်းက မြို့နယ်မှူး နှင့် တိုင်ပင်ပြီး အမှုမမြောက်မယ့်အတူတူ လူငယ်တွေအားလုံးကို အားကစားလေ့ကျင့်ရေးစခန်း ပို့ပေးလိုက်သည်။

မောင်တင်အောင်ကိုလည်း နောက်ဆက်တွဲထပ်ပို့ပေးလိုက်သည်။ မောင်တင်အောင်ကတော့ “သဲမာ” ကို လုံးဝအခဲမကျေဟု ကြိမ်းသွား သေးသည်။ မည်သို့ပင်ဆိုစေ “ငါလည်း နင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာ တစ်နေ့ နင်သိစေရမယ်၊ ငါ့နာမည် သဲမာတဲ့ တင်အောင်” ဟူသော စကားလေးက တင်အောင်အတွက်၊ သူတို့ချစ်သူနှစ်ဦးအတွက်၊ သူတို့က မွေးဖွားလာမယ့် သားစဉ်မြေးဆက်အတွက်၊ လမ်းမှားကို ရောက်ဖို့ လမ်းဆုံရောက်နေတဲ့ လူငယ်တွေအတွက်.... နှလုံးသားနဲ့ရင်းပြီး အမုန်းခံ လိုက်သည်ကို တင်အောင် စဉ်းစားမိပုံ မပေါ်သေးချေ။

×× ×× ×× ××

“နှစ်စဉ် နွေရာသီအားကစားသင်တန်းပေါင်းစုံ သင်တန်းဆင်းပွဲနေ့ သည် ကျွန်တော်တို့ မြို့နယ်အတွက် အားကစားအောင်ပွဲနေ့ဟုပင်



ဆိုရလောက်အောင် စည်ကားလေ့ရှိသည်။ အားကစားအလိုက် ဂျူဒို၊ ကရာတေး၊ ပြေးခုံပစ်၊ ကျွမ်းဘား၊ ခြင်းလုံး ထူးချွန်သူများ၏ သရုပ်ပြမှုများ ကလည်း အလွန်ကြည့်ကောင်းကြသည်။ ကွင်းပတ်လည်တွင် သင်တန်း သူ၊ သင်တန်းသား၊ မိဘဆွေမျိုးများ အားပေးနေမှုကလည်း ခြိမ့်ခြိမ့်သဲ စည်ကားနေသည်။ နှစ်စဉ်ပြုလုပ်နေကြ ထူးချွန်အားကစားသမားများ၏ သရုပ်ပြပွဲများပြီးဆုံးသည့်နောက် ညနေပိုင်းတွင် ထူးချွန်ဘောလုံးအသင်း သားများနှင့် မြို့နယ်ဘောလုံးလက်ရွေးစင်အသင်းတို့ အားပြိုင်ပွဲကလည်း နှစ်စဉ်အထင်ကရရှိလှသည်။ ဒီနှစ်ကတော့.... ကျွန်တော့်အတွက် ပို၍ စိတ်ဝင်စားဖွယ်နှစ်ဟု ဆိုရမည်။ ကျွန်တော်ပို့ပေးမိသည့် ဘောလုံး သင်တန်းသားများအနက် မည်သူတွေ ထူးချွန်အသင်းတွင် ပါဝင်လေမည် နည်းဟု စိတ်လော စိတ်စောနေမိသည်။ ကျွန်တော် တစ်ယောက်ထဲ စိတ်လော စိတ်စောနေမည်ဟုတော့ မဆိုလိုချင်ပါ။ အားကစားသင်တန်း သူ၊ သင်တန်းသားအားလုံး၏ မိဘတွေလည်း သူတို့သားသမီးတွေကို ထူးချွန်စာရင်းတွင် ပါစေချင်ကြမည် ထင်ပါသည်။ ထို့အတူ-

သဲမာအသိစိတ်မှာ မောင်တင်အောင်ကို ပါစေချင်မည်ထင်ပါ သည်။ မြို့နယ်လက်ရွေးစင်အသင်းကိုတော့ ပရိသတ်က ရင်းနှီးပြီး ဖြစ် သည်။ အဖြူရောင်တူညီဝတ်စုံဝတ်ထားသည့် မြို့နယ်လက်ရွေးစင်အသင်း ကွင်းလယ်တွင် နေရာယူထားပြီး နွေရာသီဘောလုံးသင်တန်း ထူးချွန် အသင်းက အနီရောင်တူညီဝတ်စုံဖြင့် ကွင်းတွင်းဝင်လာကြပြီ....

“ဟိုမှာ.... သားလေးမင်းလူပါတယ်တော့်” ဟု တစာစာ အော်နေသော ကျွန်တော့်ရပ်ကွက်ထဲမှ ပဲပြုတ်သည် ဒေါ်ကြီး အသံ-

နံပါတ် (၃) က ဇော်ဦးမဟုတ်လား.... ဒါမှ ငါ့သားကွ” အော်ဟစ်နေသူက ဦးကိုကို၊ ကန်စွန်းရွက်သည်၊ ဘဲဥသည်၊ ငါးစိမ်းသည်၊

သူဌေးသူကြွယ်တို့ကလည်း သူတို့သားများ ယနေ့ပွဲကစားခွင့်ရသည်ကို ဂုဏ်ယူနေကြသည်။

"ကိုစိုးရှိန်ကို သိပ်ကျေးဇူးတင်တယ်ဗျာ" ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောလိုက်သံကြားရသဖြင့် တင်အောင်တစ်ယောက် ထူးချွန်အားကစားသမားအဖြစ် ထွက်လာသည်ဟု ကျွန်တော်တွက်လိုက်မိပါသည်။ မှန်ပါသည်။ ထွက်လာသူ နံပါတ် (၉) တင်အောင် ဖြစ်သည်။ အားပေးမည့်သူ ပရိသတ်လေးဖက်လေးတန်ကြားတွင်-

"သဲမာ....ပါ ပါလေစ၊ သဲမာ လာပါလေစ" ကျွန်တော့်အတွေး ဖြစ်ပါသည်။

ဘောလုံးပွဲစတင်ပါပြီ။

မြို့နယ်လက်ရွေးစင်အသင်းကို နိုင်ဖို့ဆိုသည်မှာ မလွယ်ပါ။ မြို့နယ်လက်ရွေးစင်အသင်းကလည်း သင်တန်း ထူးချွန်သူများကို လက်တွဲခေါ်ဖို့ အစွမ်းပြကစားသလို မျိုးဆက်သစ်လူငယ်များကလည်း အနိုင်ယူနိုင်ရန် ကစားကြသည်။ ဘောလုံးပွဲမှာ အကြိတ်အနယ် ရှိလှသည်။ ကြည့်သူရင်တုန်၊ ကန်သူမောဟိုက်နေချိန်မှာတွင်ပင်-

"ဂိုး"

ပရိသတ်အသံ ဝက်ဝက်ကွဲသွားသည်။ အဖြူရောင်အသင်းက ဂိုးသွင်းလိုက်ခြင်းဖြစ်သည်။ အတွေ့အကြုံသမ္ဘာက စကားပြောပါသည်။ ထူးခြားသည်မှာ မြို့နယ်လက်ရွေးစင်အသင်းကို အချိန်တော်တော်များများ ကြံ့ကြံ့ခိုင်ခိုင် ခံစစ်၊ တိုက်စစ်ကစားနေသည့် ထူးချွန်အသင်းကို ဂိုးများများ ရရေးအတွက် ပရိသတ်က ပိုအားပေးသည်။ တက်လူတွေ အားရှိစေလို၍ ဖြစ်ပါမည်။



ကျနေဆိုသော်လည်း နေကပူလှသည်။ ပရိသတ်တွေမှာ ချွေးတွေ ရွှဲနေသည်။ အားကစားသမားတွေလည်း ရေချိုးထားသလားထင်ရသည်။ ဘောလုံးသည် ကွင်းအတွင်း အငြိမ်မနေ၊ ပရိသတ်မျက်လုံးများကလည်း ရှေ့နောက်တောင်မြောက် စက်ဝန်းလှည့်သလို လှည့်နေရသည်။ အားမလိုအားမရဖြစ်နေသူက ပရိသတ်၊ ကွင်းလယ်တွင် အသက်စွန့်ရပါစေဟု ဆုံးဖြတ်ထားသူမှာ အားကစားသမားများဖြစ်သည်။ ဘတစ်ပြန်၊ ကျားတစ်ပြန် အပြန်ပြန်အလှန်လှန် ကန်ကြရင်း ပွဲပြီးရန် တစ်မိနစ်အလို လောက်တွင်-

"ဂိုး"

ဟူသော အသံနှင့်အတူ ပရိသတ်တို့ စိတ်မထိန်းနိုင်ဘဲ ကွင်းထဲသို့ ပြိုဆင်းဝင်ကုန်ကြသည်။ တာဝန်ရှိသူများက ထိန်းပေးကြသည်။ ချေပဂိုး ဂိုးသွင်းသူက အနီရောင်အသင်း နံပါတ် (၉) ဖြစ်သည်။ ဘောလုံးအနိုင်ရခြင်းမဟုတ်သော ချေပဂိုးဖြင့် သရေကျခြင်းကို ဖန်တီးနိုင်မှုသည်ကပင် အောင်မြင်မှုဖြစ်ပါသည်။

တင်အောင်ကို သူ့ကစားဖော်များကလည်း ပင့်မြှောက်ပွေ့ချီဂုဏ်ပြုသည်။ ပရိသတ်ကလည်း အတင်းတိုးဝင်ဂုဏ်ပြုသည်။ အမွေဖြတ်စွန့်လွှတ်ထားသည့် သူ့ဖခင် ဦးဝင်းဗိုလ်သည်ပင် ယောက်ျားတန်မဲ့ သားဖြစ်သူကို ပွေ့ဖက်ပြီး အားပေးအနမ်းဖြင့် ဂုဏ်ပြုသည်။ တင်အောင်တစ်ယောက် မိဘမေတ္တာ၊ ဆရာသမားကျေးဇူး၊ ချစ်တဲ့သူရဲ့ စေတနာကို မြင်လိုက်ပုံရသည်။

"ခွင့်လွှတ်ပါ ဖေဖေရယ်" ဟု နှုတ်ကမဆိုသော်လည်း သူ့ရုပ်၊ သူ့ခန္ဓာ၊ သူ့မျက်နှာက ညွှန်းဆိုပြနေပါသည်။

ပရိသတ်ထဲတွင် “သဲမာ” ရှိနေပါလျှင် အဘယ်မျှ ပျော်နေပါမည်နည်း”

“သဲမာ” မျှော်လင့်ချက်တွေ အဘယ်အထိ မြင့်တက်နေပါမည်နည်း”

“တင်အောင်” တစ်ယောက် သဲမာရဲ့အချစ်ကို တန်ဖိုးထားလာမိတော့သည်။

သဲမာရဲ့ အချစ်ပြစ်ဒဏ်ကို တင်အောင်ဘဝအတွက် လောကနိဗ္ဗာန်ရောက်စေဖို့ဆိုသည်ကို တင်အောင်မိဘနဲ့ တင်အောင် နားလည်သဘောပေါက်သွားပြီ ဖြစ်ပါသည်။

ဖြ ဖြ ဖြ ဖြ ဖြ

# အူဝဲသံနှင့်အတူ

ဘွားလေး၏ ဆွေစဉ်မျိုးဆက် အတော်များများလည်း ရေကြည်ရာမြက်နုရာ ရှာဖွေစားသောက်ရင်း အိမ်ထောင်သားမွေးဖြင့် တစ်အိုးတစ်အိမ်ထူထောင်ကာ တစ်နယ်တစ်ကျေးတွင် နေထိုင်လျက်ရှိကြသည်။ ရန်ကုန်တွင် နေကြသူများကြသည်။ သာယာဝတီ သုံးဆယ်မြို့ပေါ်ထိ ရောက်သူများလည်း ရောက်ကုန်ပြီဖြစ်သည်။

တစ်ကယ်တမ်းခေါ်ရမည်ဆိုလျှင် ဘွားလေးလုံမ ဟုခေါ်၍ မဖြစ်တော့ပါ။ သို့သော် တစ်မြို့လုံးတစ်နယ်လုံးက အစဉ်အဆက် ဘွားလေးလုံမဟု နှုတ်ကျိုးခေါ်ခဲ့ကြရာမှ ကျွန်တော်တို့အရွယ်တွေကပါ လိုက်ခေါ်မိခြင်းဖြစ်ပါသည်။ ကျွန်တော်တို့တွေနှင့် ဘယ်လိုဆွေမျိုးတော်ပြီး ဆွေမျိုးစပ်ရမည်ကိုပင် မသိနိုင်တော့ပါ။ သို့သော် သာယာဝတီ သုံးဆယ်နယ်တစ်ဝိုက်မှာတော့ ဘွားလေးလုံမနှင့် ဆွေမျိုးကင်းသူခပ်ရှားရှားဟု ပြောကြသည်။ ဘွားလေးလုံမက မွေးဖွားရာဒေသဖြစ်သည့် ပန်းဆွဲရွာဒေသကိုယနေ့အထိမခွာ။

အနည်းဆုံး တစ်နှစ်တစ်ကြိမ်တော့ ဘွားလေးလုံမကို လာရောက်ကန်တော့ကြတာများသည်။ မလာနိုင်သည့်အဆုံး ကန်တော့ပစ္စည်းလေးပို့ကြသည်။ တစ်နှစ်တစ်ကြိမ် ကန်တော့တာ၊ မကန်တော့တာ အသာထား။ မည်သူမဆို ဒီဒေသတွင် ဘွားလေးလုံမက ခေါ်ခိုင်းလိုက်သည်ဆိုလျှင် မည်သူမှ အကြောင်းကြီးငယ်ကိစ္စမှတစ်ပါး မလာဘဲနေဝံ့သူမရှိ။ မလာ

ရောက်သူမရှိ။ ရပ်ကွက်၊ ကျေးရွာလူကြီးများပင် မလာဘဲ မနေနိုင်။ အဘယ်ကြောင့်ဆိုသော် ဘွားလေးလုံမနှင့် ထိုပုဂ္ဂိုလ်များက ဆွေသား ကင်းသူများမဟုတ်ကြ၍ ဖြစ်သည်။ ကြောက်ချစ်ရိုသေ၍ဖြစ်သည်။ ဂါရဝ ထားကြ၍ ဖြစ်သည်။

အကယ်၍ အကြောင်းကြောင်းကြောင့် ဘွားလေးလုံမ အမှာရှိပါလျက် လာရောက်မှုပျက်ကွက်ပါက ဘွားလေးလုံမသည် ထိုပုဂ္ဂိုလ်ရှိရာသို့ တောက်တောက် တောက်တောက်နှင့် တစ်ယောက်တည်း ရောက်လာလိမ့်မည်။ (သို့မဟုတ်) လမ်းတွင်တွေ့သော တစ်ဦးဦးက လိုက်ပို့ပေးမည်။ ဤအသက်အရွယ်ရောက်သည်အထိ ဖျတ်လတ်နေဆဲ၊ စိတ်မြန်နေဆဲ ဖြစ်သည်။

ဘွားလေးလုံမသည် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးရရှိအောင် တိုက်ပွဲဝင်သူတွေထဲတွင် ကုမ္မာရီအသင်းဝင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဘွားလေးလုံမတို့ခေတ်က လွတ်လပ်ရေးတိုက်ပွဲတွင် တော်လှန်ရေး ရဲဘော်များဦးဆောင်သော တပ်မတော်သားများ စခန်းချရာနေရာ တောင်ပန်းဆွဲရွာတွင် တည်ထောင်ပေးခဲ့သော အသင်းတိုက် (စာကြည့်တိုက်) တွင် ဘွားလေးလုံမတို့ စုရုံးညှိနှိုင်းကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ပါဝင်ခဲ့ကြသည်။

တော်လှန်ရေးရဲဘော် မြန်မာ့မျိုးချစ်များသည် တောင်ပန်းဆွဲရွာ အသင်းတိုက်အနီးရှိ ဘုန်းတော်ကြီးကျောင်းအား အသင်းကျောင်းအဖြစ် တွင်စေခဲ့သည်။ ယနေ့တိုင် အသင်းကျောင်း (ဘုန်းတော်ကြီး) ကျောင်းမှာ ဘာသာသာသနာအကျိုး ဆောင်ရွက်နေဆဲဖြစ်သည်။ တစ်ခေတ်တစ်ခါ



ထင်ပေါ်ကျော်ကြားခဲ့သော အသင်းကျောင်းကြီးသည် ယနေ့တိုင် သာသနာပြုလုပ်ငန်းများဖြင့် ထင်ပေါ်လျက်ရှိသည်။

ဘွားလေးလုံမသည် ယခင်ကလည်း မျိုးချစ်စိတ်ပြင်းထန်သည်။ သက်တော်ရှည်ဘွားလေးအဖြစ် ရှိနေစဉ်မှာလည်း အမျိုးဂုဏ်၊ ဇာတိဂုဏ် မပပျောက်ရေးအတွက် ဆောင်ရွက်နေချင်သူဖြစ်ပါသည်။ စိတ်ဓာတ်က မော်ကွန်းထိုးလောက်ပါသည်။

×× ×× ×× ××

သုတဆေးကျမ်းအဆိုတွင် အရွယ် (၁၀) ပါးရှိသည်ဟု ဆို၏။ မွေးစမှသည် (၁၀) နှစ်အထိ မန္ဒသက အကျိုးအပြစ် မသိမိုက်၏။ (၁၀) နှစ် မှ (၂၀) နှစ်အထိ ခိဍ္ဍာဒသက ပျော်ပါးလွန်ကျူးသောအရွယ်၊ (၂၀) နှစ်မှ (၃၀) နှစ်အထိ ဝဏ္ဏဒသက အလှရှိသမျှ အစွမ်းကုန်လှသော အရွယ်၊ (၃၀) နှစ်မှ (၄၀) နှစ်အထိ ဗလဒသက ခွန်အားအကောင်းဆုံး အရွယ်၊ (၄၀) နှစ်မှ (၅၀) နှစ်အထိ ပညာဒသက ပညာအကြီးဆုံးအရွယ်၊ (၅၀) နှစ်မှ (၆၀) နှစ်အထိ ဟာယနဒသက ခွန်အား၊ အသိပညာ၊ ရုပ်ရည်တစ်နှစ်ထက်တစ်နှစ် ဆုတ်၏။ (၆၀) နှစ်မှ (၇၀) နှစ်အထိ ပဗ္ဘာရဒသက အရေရှုံ့သောအရွယ်၊ (၇၀) နှစ်မှ (၈၀) နှစ်အထိ ဝင်္ကဒသက ခါးကုန်းသောအရွယ်၊ (၈၀) နှစ်မှ (၉၀) နှစ်အထိ မောမူဟဒသက တွေဝေမိန်းမောသော သူငယ်ပြန်၏။ (၉၀) နှစ်မှ (၁၀၀) နှစ်အထိ သယနဒသက အိပ်ရာထဲမှာ လဲနေသောအရွယ်ဟု ဖွင့်ဆိုထားသည်ကို မှတ်သားဖူးပါသည်။

ဘွားလေးလုံမကို အသက် (၄၀-၅၀) တန်းဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ မဟုတ်ပါ။ ဘွားလေး ဤဝါကျွတ်မည့် သီတင်းကျွတ်လပြည့်နေ့တွင် အသက် (၁၀၀) ရာပြည့်ဘွားဘွားဖြစ်ပါမည်။

ဘွားလေးလုံမ ဘာကြောင့် အိပ်ရာထဲ လဲမနေပါလိမ့်၊ ဘာကြောင့် တွေဝေမိန်းမောမနေပါလိမ့်၊ ဘာကြောင့် အသိပညာတွေ မဆုတ်ယုတ်ပါလိမ့်၊ အသားအရေတော့ တွန့်နေပြီ၊ သို့သော် ဘွားလေးလုံမ အသိပညာတွေ ယခင့်ယခင်ကထက် ပိုပြီး တိုးပွားနေသည်။ အမြင်တွေပိုပြီး စူးရှလာသည်။

ဆွေစဉ်မျိုးဆက်အပါအဝင် တစ်မြို့လုံးက ဘွားဘွားကြီးလုံမဟု မည်သူကမှမခေါ်၊ ငယ်သူကရော ရွယ်လတ်တွေရော အသက် (၇၀) တန်း ဝန်းကျင်တွေကပါ ဘွားလေးလုံမ ခေါ်ကြရာက အမျိုးများရော သူစိမ်းများပါ နှုတ်ကျိုးပြီး ဘွားလေးလုံမဟု ခေါ်ကြခြင်းဖြစ်ပါသည်။

တချို့ကပြောကြသည်။ ဘွားလေးလုံမ သူငယ်ပြန်နေပြီ။ လုပ်မှားကိုင်မှားမဖြစ်အောင် ကြုံရာလူက ဝိုင်းစောင့်ရှောက်ရန် မှာကြားကြသူများလည်း ရှိလာပြီ၊ ပြောမယ်ဆိုလည်း ပြောစရာ-

"ဟဲ့···· သာအောင်၊ နင်က ရပ်ကွက်လူကြီးလုပ်နေပြီး၊ ရပ်ကွက်စာဖတ်ခန်းတောင် ဖြစ်အောင်လုပ်မပေးနိုင်ဘူးလား၊ ငါက စာကြည့်တိုက် စာဖတ်ခန်းမှာသွားပြီး စာဖတ်ချင်တယ်။ လူငယ်တွေကိုလည်း စာဖတ်စေချင်တယ်။ အမြန်ဆုံး စာဖတ်ခန်းဖြစ်အောင်လုပ် ဒါပဲ"

"ဟိုကောင်··· ဖိုးနုံ၊ နင်ဟာလေ နာမည်နဲ့လိုက်အောင် နုံလှချေလား···၊ စပါးကောင်းတုန်း စုစုဆောင်းဆောင်းရှိတုန်း တီဗီလေး ဘာလေး ဝယ်ပါလား၊ တတ်နိုင်ရင်အောက်စက်လေးပါဝယ်ပေါ့···၊ စပါးရောင်းလိုက် မိန်းမမျက်နှာလုပ် ရွှေဝယ်ပေးလိုက်၊ အဝတ်အစားဝယ်ပေးလိုက်နဲ့ တယ်··· ငါမပြောလိုက်ချင်ဘူး၊ နင့်မှာသားတွေ သမီးတွေနဲ့၊ နင့်သား သမီးတွေ တောမှာနေရတယ်ဆိုပေမယ့် အသိတွေ အမြင်တွေတိုးဖို့လိုတယ်၊



အမြင်မရှိရင် အသိကန်းကုန်လိမ့်မယ်၊ နင်လယ်လုပ်ရင်း ပိုးထိသေတော့မှ နောင်တရမနေနဲ့၊ နင်နောင်တရမယ့်အချိန်ဆို နောက်ကျသွားပြီမှတ်"

ဘွားလေးလုံမသည် စာဖတ်သည်။ တီဗီကြည့်သည်။ ဆရာတော်ကြီးများထံ သြဝါဒနာခံသည်။ ဘွားလေးလုံမတွင် အသက် (၁၀၀) ဆိုသော အတွေ့အကြုံများကလည်း အသိဉာဏ်တွေ အလိုလိုပြည့်နေစေသည်။

ဘွားလေးလုံမက တစ်နှစ် တစ်ကြိမ်လောက်သာ ဆုံသောကလေးများ၊ လူငယ်များအား သူ့ဘဝအတွေ့အကြုံများကို ပြောပြတတ်လေ့ရှိသည်။ ခေတ်အမျိုးမျိုးကိုမှီသူဆိုတော့ ဘွားလေးမှာ သူကြုံခဲ့တဲ့ဗဟုသုတတွေ၊ အသိတွေက တစ်ပုံတစ်ပင်ဖြစ်သည်။ ခုတလော ဘွားလေးလုံမ တစ်ခုခုကို စိတ်အလိုမကျ ဖြစ်နေသည်လားမသိ။ သူ့အိမ်ထဲမှာသူနေပြီး သူခေါ်ချင်သောသူများကိုခေါ်ကာ သူ့ရဲ့ရှေးအိမ်ကြီးအောက်ထပ်ကို စိတ်တိုင်းကျရှင်းလင်းခိုင်းနေကြောင်း ကြားရသည်။

ကျွန်တော်တို့က တွက်ကြည့်ကြသည်။ လာမည့် သီတင်းကျွတ်လပြည့်နေ့သည် ဘွားလေးလုံမရဲ့ နှစ် (၁၀၀) ပြည့် မွေးနေ့ဖြစ်သည့်အတွက် ကောင်းကောင်းကျွေးမွေးဖို့ ကြိုတင်ပြင်ဆင်နေသည်ဟု တွက်ကြသည်။ သို့မဟုတ် အသက်ကြီးလာသဖြင့် ရှင်းရှင်းလင်းလင်းနေလို၍ ရှင်းခိုင်းတာလည်း ဖြစ်နိုင်သည်။ တွက်ကြည့်တာတွေဟာ မှန်ဖို့မလွယ်လှ။ သို့သော် တစ်နေ့မဟုတ်တစ်နေ့ ဘွားလေးထံမှ အသံထွက်လာမည်ဟု အားလုံးလက်ခံထားကြသည်။

အားလုံးလက်ခံထားသည့်အတိုင်း မကြာပါချေ။ ရပ်ကွက်လူကြီးဖြစ်သည့် ကိုသာအောင်ကို ဘွားလေးလုံမက သူ့အိမ်သို့လာရန်ခေါ်ခိုင်းကြောင်း သတင်းကြားရသည်။ ကိုသာအောင်လည်း မလာရဲ လာရဲနှင့်

လာရသည်။ ကိုသာအောင်မလာရဲသည်က အခြားမဟုတ်။ ပြီးခဲ့တဲ့ တစ်ပတ်ခန့်က ကိုသာအောင်မိန်းမ မငွက်ထော်အား ရွာဦးဘုန်းတော်ကြီး ကျောင်းတွင် ဆရာတော်များရှေ့မှာ ဘွားလေးလုံမကမောင်းချပြီး အိမ်ပြန် ခိုင်းခဲ့သည့်အကြောင်းက ရှိခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ကိုသာအောင်မယားက ဘွားလေးလုံမကို လုံးဝမကျေနပ်။ ရက်ကွက်လူကြီးကတော်ဖြစ်သည့်အပြင် အများသူငါရှေ့၊ ဆရာတော်များရှေ့မှ ရက်ရက်စက်စက် ပက်ပက်စက်စက် ပြောဆိုမောင်းချ ခံရသဖြင့် ရှက်သည်ကတစ်ကြောင်း၊ ခေတ်ကိုနားမလည်သည့် အဘွားကြီး ဟု မြင်သည်ကတစ်ကြောင်းတို့ကြောင့် ဘွားလေးကို မငွက်ထော် မကျေ နပ်နိုင်။ လင်ယောကျ်ားလုပ်သူကို ပြောဆိုတိုင်တန်းသော်လည်း ဘွားလေး လုံမကို မည်သူမျှပြန်ပြောဝံ့သူ မရှိကြ။ ပြန်ပြောရိုးထုံးစံလည်း မရှိ။ ကိုသာအောင်လည်း စဉ်းစားပါသည်။ ဘွားလေးလုံမ သူ့မိန်းမကို ပြောလိုက်သည့်စကား၊ မတရားပြောတာလား… စစ်ပိုင်းကြည့်လိုက်တော့ ထ မရိုက်တာကျေးဇူးတင်ဟု သူ့မိန်းမကိုသူဆုံးမလိုက်သည်။ ဘွားလေး လုံမရှေ့ ဒီလိုလုပ်လို့ကတော့ ဘယ်သူမှသက်သာလိမ့်မည်မဟုတ်။

“တစ်လမှာ (၄) ကြိမ် ဥပုသ်သီတင်းစောင့်ကြတဲ့အချိန် (၉) ပါးသီလလုံသင့်တယ်။ ကိုယ့်ကိုကိုယ် ကံလုံအောင် မထိန်းနိုင်ရင် ဥပုသ် လာမစောင့်နဲ့…၊ အိမ်မှာပဲနေ…။ ဒါ… ဘုန်းကြီးကျောင်း၊ တီဗီထဲမှာပါ တဲ့ ဖက်ရှင်ရှိုး၊ မော်ဒယ်ရှိုး၊ ကာရာအိုကေရှိုးမဟုတ်ဘူး…။ မျက်ခုံးမွေးနဲ့ မိတ်ကပ်နဲ့၊ ဘရာစီယာနဲ့၊ ဖက်ရှင်နဲ့။ တယ်လေ… ငါပြောလိုက်ရ မကောင်းဘူး။ ကောင်မ…နန့်ချင်ရင် ဘုန်းကြီးကျောင်းမလာနဲ့၊ နင့် ယောကျ်ားခွင့်ပြုရင် စတိတ်ရှိုးသွားဆို”

“(၅၅၀) နိပါတ်တော်လာ မုဒုလက္ခဏဇာတ်တော်မှာ မုဒု လက္ခဏာ မိဖုရားရဲ့ နူးညံ့လှတဲ့ရူပကာလေး အရင်သူမြတ်မြင်မိလို့



သူ့မှာရှိတဲ့သမာဓိပျက်ခဲ့ရတယ်။ ဒါတောင် မုဒုလက္ခဏာမိဖုရား လော်လီ တာမဟုတ်ဘူး။ မတော်တဆတိုက်ဆိုင်သွားတာ၊ နင်တို့လို ကောင်မမျိုး ဝတ်ပုံစားပုံသာ အဲဒီကိုယ်တော်မြတ်မြင်သွားရင် သမာဓိပျက်ရုံတင် မဟုတ် ဘူး၊ အဝီစိတောင် ကျသွားနိုင်တယ်…။ ကောင်မ မြန်မြန်ပြန် …။ နင့်ယောကျ်ားကိုလည်း ပြောလိုက်၊ မကျေနပ်ရင် ငါ့လာဖမ်းလှည့်လို့”

အဲဒီလို ဘွားလေးလုံမပြောလိုက်ကြောင်း မငွက်ထော်က ကိုသာ အောင်ကို ပြန်ပြောခဲ့စဉ်ထဲက တစ်နေ့မဟုတ်တစ်နေ့ ဘွားလေးလုံမက ကိုသာအောင်ကို ခေါ်လိမ့်မည်ဟု ကိုသာအောင် တွက်ပြီးသားဖြစ်သည်။ ခေါ်လည်းခေါ်ခဲ့ပြီဖြစ်သည်။ ကိုသာအောင် ဘွားလေးလုံမရှေ့ရောက်တော့ ထိုင်ရမလို ထရမလိုဖြစ်နေတုန်း ဘွားလေးက–

“သာအောင်လား… ထိုင်… ဘွားလေး ဘာကြောင့်ခေါ်တယ် လို့ မင်းထင်သလဲ…” ကိုသာအောင် ဘာပြောရမည်မသိဖြစ်နေသဖြင့်–

“မင်းဖြေရခက်နေသလား… ခေါ်တယ်ဆိုကတည်းက ပြောစရာ ရှိလို့၊ ခိုင်းစရာရှိလို့ပေါ့… ပြောစရာရှိတာ အရင်ပြောမယ်” ကိုသာ အောင် ရင်တွေခုန်ချင်သလို ဖြစ်နေသည်။ ဆူတော့မလား၊ ကြိမ်းတော့ မလား၊ တွက်ဆနေရသည်။ ဘာပြောပြော နားထောင်ရုံမှတစ်ပါး အခြား မရှိ။

“နောက်အပတ် သီတင်းကျွတ်လပြည့်နေ့ဆို ဘွားလေးအသက် (၁၀၀) ပြည့်ပြီ၊ မင်းတို့ ဘာစီစဉ်ထားကြသေးလဲ…၊ စီစဉ်စေချင်လို့ ပြောတာမဟုတ်ဘူးနော်…၊ အမှန်ပဲပြော…၊ ဘာမှအစီအစဉ်မရှိဘူးဆိုရင် လည်း ဘွားလေးလုံမ အစီအစဉ်ပြောမယ်၊ မင်းတို့ ရပ်ကွက်လူကြီးတွေ ဘွားလေးလုံမသားချင်းတွေအနေနဲ့ တစ်ခုခုစီစဉ်ပြီးသားဆိုရင်လည်း ပေါင်းစပ်ရအောင်ပါ”

ကိုသာအောင် ဘာစပြောရမည်မသိအောင် ဖြစ်နေတော့သည်။ အမှန်အခြေအနေက ဘာမျှစီစဉ်ထားခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ သို့သော် ဘွားလေးလုံမ၏ မြစ်အဆင့်ရှိသော တူ၊ တူမများမှမွေးသော မြစ်ဖြစ်သူ သုံးဆယ်မြို့ပေါ်နေ ဆရာလေးဦးညွန့်အုန်းက ယခုနှစ် ဘွားလေး လုံမ၏မွေးနေ့ နှစ်တစ်ရာပြည့်မွေးနေ့တွင် ဘွားလေး၏ဆွေမျိုးမိတ်သင်္ဂဟ များမှ ရာပြည့်ပွဲအဖြစ် အနယ်နယ်အရပ်ရပ်ရောက်နေသော ဆွေမျိုးမိတ် သင်္ဂဟများ စုဆုံကန်တော့ပွဲပြုလုပ်ရန် အစီအစဉ်ရှိကြောင်း နားစွန်နားဖျား ကြားထားသောကြောင့်-

"ဘွားလေး.... မြို့ပေါ်က ဆရာလေးညွန့်အုန်းကတော့ ရာပြည့်ပွဲ အဖြစ်လုပ်ဖို့ စီစဉ်နေတယ်လို့ ပြောပါတယ်....၊ အသေးစိတ်တော့ မသိရသေးပါဘူး" ကိုသာအောင်မှ ဖြေမိလိုက်သည်။ ဘွားလေးလုံမ ကလည်း ပြုံးစိစိလုပ်နေပြီးမှ-

"စိန်ချစ်-မသိန်းလား ညွန့်အုန်းလား....၊ သူက ကျောင်းဆရာဆို တော့ လုပ်တတ်ကိုင်တတ် ဆောင်ရွက်တတ်မှာပါ။ အေး.... သာအောင်၊ သူကအဝေးမှာနေတာ၊ နင်က ငါနဲ့တစ်ရွာတည်းနေတာ၊ သူများက လာလုပ်ရတယ်ဆိုတာ နင်ဂုဏ်ရှိလှပြီထင်သလား...၊ ညွန့်အုန်းကို နင် အကြောင်းကြားလိုက်...၊ ဒီနှစ် ဘွားလေးလုံမရဲ့ရာပြည့်မွေးနေ့ပွဲကို ဘွားလေးလုံမကိုယ်တိုင် စီစဉ်ပြီးပြီလို့ပြောလိုက်၊ ဘယ်တူ၊ တူမဆွေစဉ် မျိုးဆက်တွေဆီကမှ ကန်တော့ခံပစ္စည်း လက်မခံဘူး၊ ဘွားလေးကို တကယ်လေးစားတဲ့သူတွေ.... လက်ချည်းလာကန်တော့နိုင်တယ်"

"ဘွားလေးပိုင် ရွာပြင်က သရက်တောကြီးကို ရတဲ့ဈေးနဲ့ရောင်း ပြီးပြီ။ ပိုတဲ့ငွေကို ဆရာတော် (၁၀၁) ပါးအတွက် သင်္ကန်းဝယ်ထားပြီးပြီ။ ပိုတဲ့ငွေကို ရန်ကုန်မှာနေတဲ့ ဘွားလေးမြစ်တစ်ယောက်ကို တီဗီတစ်လုံးနဲ့



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေတဲ့ စာအုပ်တွေနဲ့ ဗဟုသုတ ဖြစ်ဖွယ်ရာ စာအုပ်တွေ၊ ကလေးတွေအတွက် ကာတွန်းကအစ ဖတ်ချင်စဖွယ်တွေ ဝယ်ခိုင်းထားပြီးပြီ...၊ ဘွားလေးမွေးနေ့မတိုင်မီ တစ်ရက်ကြိုရောက် မယ်"

"ဘွားလေးအိမ်အောက်ထပ်ကို ရှင်းထားပြီးပြီ...၊ စာဖတ်ခန်း လုပ်ဖို့ပါ....၊ ဘွားလေးလုံမရဲ့ ရာပြည့်မွေးနေ့မှာ ဘွားလေးပိုင်တဲ့ ဟောဒီ ခြံ၊ ဟောဒီအိမ်နဲ့ ဒီအိမ်ထဲမှာ ဖွင့်ထားမယ့် စာဖတ်ခန်း၊ ပြီးတော့ အများ ပြည်သူကြည့်ရှုပြီး အတုခိုးသင့်တာ၊ ပညာယူသင့်တာယူဖို့ ထားထားတဲ့ တီဗီကို အပြီးအပိုင်လှူမယ်...၊ ဒါပေမယ့် ဘွားလေးမသေခင် ဒီ အဆောက်အဦနဲ့ စာဖတ်ခန်းလေးမှာ ဆက်နေမယ်...၊ ဘွားလေး ကိုယ်တိုင် စာကြည့်တိုက်မှူး/ စာဖတ်ခန်းထိန်းအဖြစ် ဆက်လုပ်ပေးမယ်၊ ကွယ်လွန်သွားရင်တော့ မင်းတို့ဆက်လက်ထိန်းသိမ်းကြဖို့လိုတယ်"

"အဲဒီတော့.... မင်းအသိပေးသင့်တဲ့ပုဂ္ဂိုလ်တွေ၊ ဖိတ်သင့်တဲ့ လူတွေကို အသိပေးပါ၊ ဖိတ်ပါ...၊ သီတင်းကျွတ်လပြည့်နေ့ နံနက် (၇) နာရီမှာ သီလယူပြီး ရေစက်ချလှူမယ်။ မုန့်ဟင်းခါးဆွမ်းကပ်မယ်၊ လှူပုဂ္ဂိုလ်တွေကိုလည်း မုန့်ဟင်းခါးကျွေးမယ်၊ ရွာလုံးကျွတ်မီးခိုးတိတ် ပေါ့...၊ ရွာခံမဟုတ်တဲ့ အဝေးကလာတဲ့ဧည့်သည်တွေကို ရွာခံတွေက ဧည့်ဝတ်ကျေအောင် တာဝန်ယူကြပေတော့..."

"အဲဒီနေ့ နေ့လယ်ပိုင်းမှာ ဘွားလေးလုံမရဲ့ ရာပြည့်အထိမ်းအမှတ် ဘဝအတွေ့အကြုံတွေကို ပြောပြမယ်...၊ မပြောလို့မဖြစ်တော့လို့ပါ...၊ ဘွားလေးလုံမ လူ့ပြည်မှာ ကြာကြာနေဖို့ အကြောင်းမရှိတော့ပါဘူး၊ ခုတောင် သက်တမ်းလွန်နေပြီ၊ ဘာကြောင့် ဒီစိတ်ကူးအကောင်အထည် ဖော်ရသလဲဆိုရင်... သာအောင်..."

“ခင်ဗျာ”

ကိုသာအောင် အမှတ်မထင် လန့်ဖြန့်ပြီး ထူးမိသည်။

“မင်းမိန်းမကို ဆရာတော်ကျောင်းက မောင်းချလိုက်တဲ့အချိန်က စခဲ့တာပဲ”

ကိုသာအောင် ဘာမှမပြောနိုင်တော့ပါ။ လေးစားချစ်ကြောက်၍ လည်းကောင်း၊ မကောင်းတာဆို ဘယ်တုန်းကမှ မပြော၊ ကောင်းတာကို သာ ညွှန်ပြလေ့ရှိတဲ့ ဘွားလေးမို့လည်း စောဒကတက်ရန် အကြောင်းမရှိ။

“ဟဲ့… သာအောင်၊ ငါပြောတာတွေ ကြားရဲ့လား”

“ဟုတ်… ဟုတ်ကဲ့၊ ကြားပါတယ် ဘွားလေး”

“ကြားရင် ငါပြောတဲ့အတိုင်း လုပ်သင့်တာတွေလုပ်ပေတော့…၊ စီမံသင့်တာတွေ စီမံပေတော့” ဘွားလေးလုံမ ဤမျှသာပြောပြီး ကိုသာအောင်ကို ပြန်ခိုင်းလိုက်သည်။

×× ×× ×× ××

ယနေ့ သီတင်းကျွတ်လပြည့်နေ့ဖြစ်သဖြင့် ဘွားလေးလုံမ၏ ခြံကျယ်ကြီးထဲတွင် နံနက်ပိုင်းက ဆရာတော်များကို ဆွမ်းကပ်၊ သီလယူ လှူဒါန်းသမျှအတွက် ရေစက်ချ အမျှဝေ သာခုခေါ်ကြသည်မှာ ပီတိသော မနသ ဖြစ်ကြရပါသည်။ စားရေးသောက်ရေးအတွက်ကြောင့်မဟုတ်။ ဘွားလေးလုံမလှူသည့် စာဖတ်ခန်းကို လာရောက်လေ့လာကြခြင်းက များသည်။

တိုက်တိုက်ဆိုင်ဆိုင် မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့ရုပ်မြင်သံကြား တို့မှ ထုတ်လွှင့်ချိန်နှင့်လည်း တိုက်ဆိုင်နေသဖြင့် ဘွားလေးလုံမ၏မြစ်များ



က အလှည့်ကျ မြဝတီပြလိုက်၊ မြန်မာ့ရုပ်မြင်ဖမ်းပြလိုက်မို့ ပရိသတ်မှာ အားရဝမ်းသာဖြစ်နေကြပေသည်။ ဧည့်ပရိတ်သတ်များပျော်ရွှင်နေကြသလို ဘွားလေးလုံမလည်း ပီတိဖုံးနေသည့်အပြုံးနှင့် တပြုံးပြုံးရှိနေပေသည်။ တီဗီအစီအစဉ်တွေပြီးလို့ သိပ်မကြာမီပင် အသံချဲ့စက်ကြီးဆီမှ ဖိတ်ကြားသံ ကို ကြားနေကြရပေသည်။ ထိုအသံသည်ကား မြို့ပေါ်တွင် အခြေချနေထိုင် သော ဘွားလေးလုံမ၏မြစ်ဖြစ်သူ ဆရာဦးညွှန့်အုန်း၏အသံဖြစ်သည်။

“ဧည့်ပရိသတ်ကြီးခင်ဗျား….မကြာမီအချိန်တွင် ဘွားလေးလုံမ ရာပြည့်ကန်တော့ပွဲအား ပြုလုပ်နိုင်ရန် သတ်မှတ်နေရာများတွင် နေရာယူကြ ပါရန် အသိပေးကြေညာအပ်ပါသည်”

အံ့ဩစရာကောင်းလှသည်။ အသံချဲ့စက်ကလည်း အလွန်ကောင်း သည်။ အက်ကိုးသံများဖြင့် စီစီညံနေသည်။ အသံတိုးတိုးကလေးပြောတာ တောင် ညံနေအောင်ကြားရသည်။ ဤသို့သော စက်ကောင်းကောင်း ရအောင် ဆရာလေးညွှန့်အုန်း စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ မစီစဉ်၍လည်း မဖြစ်၊ ဘွားလေးလက်ရှိနေသည့် ခြံကပင် တစ်ဧကလောက်ရှိသည်။ တစ်ဧကလောက်တွင် သစ်ပင်ရိပ်များက မဏ္ဍပ်ထိုးဖို့မလိုလောက်အောင် အရိပ်ကောင်းလှသည်။ ဘွားလေးကို ချစ်သည့်ပရိသတ်၊ လေးစားကြသည့် ဆွေမျိုးဉာတကာတွေက ဘွားလေး တစ်ခြံလုံးပြည့်နေသည်။ ကျေးလက်အလှူ၊ တောအလှူတို့သည် ဟန်ပန် တွေနှင့် ရှုံးမထုတ်ကြ၊ အရှိအတိုင်း ပြင်ဆင်ကျွေးမွေးသည်။ အဆင်ပြေ သလို နေထိုင်စားသောက်ကြသည်။

ယခုလည်းကြည့်ပါဦး၊ ဘွားလေးလုံမခြံကြီးအတွင်း ဧည့်ပရိသတ် က နံနက်တိုင်း အဆင်ပြေသလို နေထိုင်စားသောက်ပြီး မွန်းမလွဲမီ ဘွားလေးကို ကန်တော့ရန် နေရာယူကြတော့လည်း အနယ်နယ်ကရောက်

လာကြသူတွေ၊ ရန်ကုန်မြို့မှ ရောက်လာသူတွေကိုတော့ ဒေသခံတွေက ဦးစားပေးပြီး ဆရာတော်ကျောင်းမှငှားထားသော နီးချောဖျာအချပ် (၁၀၀) လောက်ပေါ်တွင် ထိုင်ခွင့်ပေးထားကြသည်။

ဒေသခံရွာခံများကတော့ ကောက်ရိုးခင်း၊ သက်ငယ်စခင်း၊ ထန်းရွက်ခင်းဖြင့် ကြုံသလိုနေရာယူပြီး ဘွားလေးကို ကန်တော့ရန် လက်အုပ်လေးများချီထားကြသည်။ အားလုံးက ခြံကြီး၏မြေပြင်ပေါ်တွင် ထိုင်ကြသော်လည်း ဘွားလေးကိုတော့ တောစရိုက်၊ ကျေးလက်စရိုက် ခြံထဲတွင်ရှိလေ့ရှိထရှိသော ကွပ်ပျစ်ပေါ်တွင် နေရာယူစေပါသည်။

ဆရာလေးညွှန့်အုန်းက လူစုံလောက်ပြီကို ခန့်မှန်းမိသဖြင့် ဘွားလေးအား ကန်တော့ပွဲစခွင့်ပြုရန် လက်အုပ်ချီပြောရာ ဘွားလေးလုံမ တစ်ယောက် ဧည့်ပရိသတ်ကြီးအား မျက်စိတစ်ဆုံးကြည့်၊ ပီတိတွေဖုံးနေပြီး မချိပြုံးများလည်း ပါနေသည်ဟု ဆရာလေးညွှန့်အုန်း တွက်ဆနေမိသည်။ ဆရာလေးပြောသည်ကို ချက်ချင်းအဖြေမပေးဘဲ ဧည့်ပရိသတ်ကို အားရအောင်ကြည့်ပြီး ဘွားလေးနှင့် အနီးဆုံး နီးချောဖျာနှင့် နေရာရသူများထဲမှ အချို့သော မြို့နေလူငယ်မောင်မယ်တို့ ဘွားလေးရှေ့တွင် ရိုရိုသေသေ ထိုင်၍ မရလောက်အောင် အနေခက်သည်ကို ဘွားလေးရိပ်မိဟန်တူပါသည်။ ထို့ကြောင့်လည်း ဘွားလေးက–

"မောင်ညွှန့်အုန်းရေ… မြန်မြန်စတော့၊ နို့မဟုတ်ရင် ခမြာတွေ လောကငရဲလို့ထင်ပြီး ပြစ်မှားကုန်ကြလိမ့်မယ်"

ဘွားလေးလုံမ ဘာကိုဆိုလိုသည်ကို ဆရာလေးညွှန့်အုန်း ရိပ်မိပါသည်။ ထို့ကြောင့်လည်း–

"ဧည့်ပရိသတ်များခင်ဗျား….၊ ဘွားလေးလုံမ သက်ရာပြည့် ကန်တော့ပွဲကို အစီအစဉ် (၃) ရပ်နဲ့ ပြုလုပ်ပါမယ်။ ပထမဦးဆုံးအစီအစဉ်



ကတော့ ကျွန်တော်နဲ့အတူ ဘွားလေးကို တူ၊ တူမများနှင့် မြေးမြစ်တီတွတ်များက ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြစ်မှားမိပါက ခွင့်လွှတ်ပါရန် တောင်းပန်ကန်တော့မှာဖြစ်ပါတယ်…၊ ဒုတိယအစီအစဉ်ကတော့ ဘွားလေးလုံမက ဆုပေးခြင်း၊ ဆုံးမဩဝါဒစကားပြောခြင်းဖြစ်ပါတယ်…။ နောက်ဆုံးအစီအစဉ်ကတော့ ဘွားလေးကို ရာပြည့်ကန်တော့ပွဲ နှုတ်ဆက်ကန်တော့ပြီး မိမိနေထိုင်ရာဒေသအသီးသီးကို ပြန်ကြဖို့ပဲဖြစ်ပါတယ်"

ဆရာလေးညွှန့်အုန်းက အစီအစဉ်များကို အသိပေးကြေညာပြီးသည်နှင့် တစ်ဆက်တည်းမှာပင်–

"ဧည့်ပရိသတ်ကြီးခင်ဗျား… ယခုအချိန်ကစပြီး ဘွားလေးလုံမကို ကန်တော့ရန်အတွက် ရိုရိုသေသေထိုင်ကြပြီး လက်အုပ်ကလေးများ ချီထားကြပါ…"

ဆရာလေးစကားဆုံးတာနဲ့ ဘွားလေးက သူ့ရှေ့ပတ်ဝန်းကျင်မှာ ရှိတဲ့ မြို့ကလူငယ်လေးများ အနေအထိုင်ခက်နေသည်ကိုကြည့်ပြီး ပို၍ပြုံးနေတော့သည်။ ဆရာလေးညွှန့်အုန်းကဆက်ပြီး–

"ကျွန်တော်ကဦးဆောင်ပြီး တိုင်ပေးတာကို လိုက်ဆိုပြီး ဘွားလေးကို… ကန်တော့မှာဖြစ်ပါတယ်၊ အားလုံးလိုက်ပြီးဆိုပေးကြပါ" ဟု ဆရာလေးညွှန့်အုန်းကပြောပြီး တိုင်ပေးပါတော့သည်။

"ဘွားလေးလုံမအား… ကျွန်တော်၊ ကျွန်မတို့သည်"

"ဘွားလေးလုံမအား… ကျွန်တော်၊ ကျွန်မတို့သည်"

"ကာယကံ… ဝစီကံ… မနောကံဖြင့်"

"ကာယကံ… ဝစီကံ… မနောကံဖြင့်"

"ပြစ်မှားခဲ့သည်ရှိသော်"

"ပြစ်မှားခဲ့သည်ရှိသော်"

"ခွင့်လွှတ်ပါရန်"

"ခွင့်လွှတ်ပါရန်"

"ရှိသေစွာ… ရှိခိုးကန်တော့ပါသည်"

"ရှိသေစွာ… ရှိခိုးကန်တော့ပါသည်" ဟု ဝန်ချကန်တော့ကြပြီးသည်နှင့် ဆရာလေးညွှန့်အုန်းမှပင် အစီအစဉ်အရ ဘွားလေးလုံမက ဆုပေးရန်နှင့် ဩဝါဒစကားပြောကြားပေးရန် ဘွားလေးအား ဖိတ်ကြားရာ ဘွားလေးလုံမမှ–

"အခုလို… ဘွားလေးလုံမကို ကန်တော့ကြတဲ့အတွက် တူတွေ၊ တူမတွေ၊ မြေးမြစ်တီတွတ်တွေအားလုံး ကျန်းမာကြပါစေ…၊ ချမ်းသာကြပါစေ…၊ ပညာပြည့်ဖြိုး တန်ခိုးထက်မြက်၊ ပြည့်နှက်ဥစ္စာ၊ ရူပါဖြောင့်မတ်၊ ဘေးကပ်မကြုံ၊ နတ်လူဘုံသို့ ရောက်ပါစေ‥"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ" ဟု သံပြိုင်လိုက်ဆိုသံမှာ ဘဝဂ်သို့တိုင်ခဲ့လေပြီ။

"ကဲ…ကဲ ကန်တော့တဲ့လူက ကန်တော့တဲ့အတွက် ကန်တော့ခံတဲ့လူက ကန်တော့တဲ့လူကို အပြစ်လည်းခွင့်လွှတ်ရတယ်။ ပြီးပြည့်စုံတဲ့လိုအင်ဆန္ဒရရှိအောင်လည်း မေတ္တာရှေ့ထားပြီး ဆုတွေပေးရတယ်။ ဒါဟာအစဉ်အလာ လက်ခံလာတဲ့ ယဉ်ကျေးမှုတစ်ရပ်ပဲ။ ယဉ်ကျေးမှုဟာ အထူးအရေးကြီးတဲ့အကြောင်း ဒီနေ့ဘွားလေးလုံမ မင်းတို့လေးတွေကို ဆုံးမစကားအဖြစ် ပြောခဲ့ချင်တယ်"

"ဘာကြောင့် ပြောချင်တာလဲဆိုတော့ စောစောက မင်းတို့လေး



တွေက ယဉ်ကျေးမှုနဲ့အညီ ကန်တော့တော့ ဘွားလေးကလည်း ယဉ်ကျေးမှုနဲ့အညီ မင်းတို့လေးတွေကို ဆုပေးတယ်။ ဘွားလေးပေးတဲ့ ဆုတကယ်ရရင် မင်းတို့လေးတွေပဲ ခံစားရမယ်။ မင်းတို့လေးတွေဝန်ခံသွားကြတာကြားလိုက်မိတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြစ်မှားမိရင် ခွင့်လွှတ်ဖို့ဘွားလေးကို ခွင့်ပန်ကန်တော့ကြတယ်။ ဘွားလေးက သက်ရှိဆိုတော့မင်းတို့ပြစ်မှားမိသည်ရှိသော် မြင်နိုင်ကြားနိုင်တယ်"

"ဒါပေမယ့်… မင်းတို့လေးတွေ ပြစ်မှားမိတဲ့အပြစ်ကန်တော့ရုံလောက်နဲ့ မလုံလောက်တဲ့အပြစ်ကို မင်းတို့လေးတွေ ဘယ်လိုပြောဆိုကန်တော့တောင်းပန်ကြမလဲ….၊ မင်းတို့လေးတွေလည်း ကိုယ်ကျူးလွန်တဲ့အပြစ် ကိုယ်မသိဖြစ်နေတော့ တောင်းပန်ဖို့ သတိရကြမှာမဟုတ်ဘူး" ဘွားလေးလုံမ အနည်းငယ်နားပြီး ဆက်ပြောပါသည်။

"မြန်မာလူမျိုးစစ်ရင်… နိုင်ငံနဲ့ လူမျိုးချစ်ရမယ်၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးရမယ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းရမယ်၊ အဲဒါမြဲမြဲမှတ်ထား….၊ လက်အုပ်ချီကန်တော့ရုံနဲ့ လုံလောက်ပြီမထင်နဲ့…၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတွေကို ကန်တော့မယ်ဆိုရင် အနေအထိုင်ယဉ်ကျေးရမယ်၊ အပြောအဆိုယဉ်ကျေးရမယ်၊ ဝတ်ပုံစားပုံယဉ်ကျေးရမယ်၊ မြဲမြဲမှတ်ထား… ရှေးစကားပုံရှိတယ်၊ အနေအထိုင်မယဉ်ကျေးလို့ ကိုယ်အမူအရာရိုင်းစိုင်းကြမ်းတမ်းရင် အဖယုတ်တယ်တဲ့….၊ အပြောအဆို (နှုတ်) ကြမ်းရင် အမိယုတ်တယ်တဲ့…၊ ကဲ… မှတ်ကရော၊ မိမိအပြစ်ကြောင့် မိဘဂုဏ်ထိခိုက်တယ်၊ ယဉ်ကျေးမှုကို ထိခိုက်တယ်၊ ဝတ်ပုံစားပုံမယဉ်ကျေးရင်လည်း အမျိုးဂုဏ်နိမ့်ကျစေတယ်"

"ဘွားလေးလက်တွေ့ပြောမယ်နော်…၊ ခုဘွားလေးကို လာကန်တော့ကြတဲ့အထဲမှာ မြို့ပေါ်က ကလေးတွေယောကျ်ားလေးတွေရော၊

မိန်းကလေးလည်း ကျုံ့ကျုံ့ထိုင်မရ၊ ဘယ်ထိုင်ရမလဲ…၊ စကတ်နဲ့ကိုး…၊ ဒါထက်ဆိုးတာက စကတ်ကလည်း ဒူးခေါင်းအထက်တစ်ထွာလောက်ပဲ လုံတယ်။ စကတ်ရှည်ပါတယ်ဆိုတဲ့ မိန်းကလေးတွေကလည်း စကတ်ဘေးခွဲ၊ ရှေ့ခွဲ၊ နောက်ခွဲနဲ့ ဘယ်မလဲ အရှက်ဖုံးတယ်ဆိုတဲ့ ယဉ်ကျေးမှု၊ ယောကျ်ားလေးတွေလည်း ဘောင်းဘီဖင်ကျပ်နဲ့ ဘယ်လို ဆောင့်ကြောင့်ထိုင်လို့ရတော့မလဲ"

"မှတ်ထားကြ… ယဉ်ကျေးမှုပျောက်ရင် လူမျိုးပျောက်မယ်၊ လူမျိုးပျောက်ရင် တိုင်းပြည်ပျောက်မယ်၊ တိုင်းပြည်ပျောက်တာနဲ့ တို့နိုင်ငံတော်ကြီး သူ့ကျွန်ဘဝပြန်ရောက်ပြီမှတ်" ဘွားလေးစကားအရှိန်ရလာ၍လားမသိ။ သူ့ခမျာ မမောနိုင် မပန်းနိုင်ပေ။

ဘွားလေးတို့ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရတယ်။ လွတ်လပ်ရေးရအောင် ကြိုးပမ်းတဲ့အထဲမှာ ဘွားလေးတို့လည်း ပါခဲ့တယ်။ ဘယ်လိုပါခဲ့သလဲဆိုတော့ မြန်မာမိန်းကလေးတွေ ကိုယ်နိုင်ရာဝန်နဲ့ပါခဲ့တယ်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးတွေထဲမှာ အလွတ်လပ်ဆုံးနဲ့ အခွင့်အရေးအရဆုံးလို့ ထင်ရှားတဲ့ မြန်မာအမျိုးသမီးတွေဟာ ပထမကမ္ဘာစစ် အပြီးမှာ အမျိုးသားတွေနဲ့အတူ ဒိုးတူပေါင်ဖက် အသင်းအပင်းတွေဖွဲ့စည်းပြီး အမျိုးပညာ၊ ဘာသာ၊ သာသနာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ကြတယ်"

"မြို့ရောနယ်ပါ ကုမ္မာရီအသင်းတွေ မြောက်မြားစွာရှိတဲ့အနက် ဗုဒ္ဓဘာသာကလျာဏယုဝကုမ္မာရီအသင်း၊ မြန်မာမိန်းမများအသင်း၊ ဒါနသုခအသင်း၊ မြန်မာအမျိုးသမီးများ နေရှင်နယ်ကောင်စီ စတဲ့ အသင်းကြီးတွေဟာ ထင်ရှားကြတယ်… မြန်မာအမျိုးသမီးများအသင်းတွေရဲ့ အဓိကဆောင်ရွက်ချက်တွေကတော့… အသင်းတိုက်မှာ အသင်းသူတွေအတွက် စာဖတ်ခန်းများဖွင့်လှစ်ခြင်း၊ မြန်မာအမျိုးသမီးများ လူမျိုးခြားယောကျ်ားကို



လက်မထပ်ဘဲ ဗုဒ္ဓဘာသာမြန်မာအချင်းချင်းသာ လက်ထပ်ရန်နှိုးဆော်ခြင်း၊ ဗုဒ္ဓဘာသာမြန်မာအချင်းချင်း ကူညီရိုင်းပင်းရန် ဟောပြောခြင်း၊ ဗုဒ္ဓဘာသာစာပေ ပရိယတ္တိပြန့်ပွားထွန်းကားရန် ဆောင်ရွက်ခြင်း၊ အမျိုးသားကျောင်းပညာရေးကိစ္စကို ကူညီဆောင်ရွက်ခြင်း၊ မြန်မာပြည်ဖြစ် အဝတ်အထည်များကိုဝတ်ဆင်ရန် တိုက်တွန်းခြင်း၊ ယဉ်ကျေးမှုထိန်းသိမ်းစေခြင်းတို့ကို နှိုးဆော်ခဲ့ကြတယ်"

"အဲဒီခေတ်အခါ မြန်မာမိန်းကလေးတွေဟာ ယခုခေတ်မြန်မာမိန်းကလေးတွေလို တိုင်းတစ်ပါးရဲ့ ယဉ်ကျေးမှု အဝတ်အစားဆင်ယင်မှုကို အတုမခိုးဘူး၊ ရွံမုန်းကြတယ်… တဏှာကိုမြှူဆွယ်တဲ့ ဝတ်စားဆင်ယင်မှုကို ဘယ်မိဘမောင်းဘွားကမှ လက်မခံဘူး… ဘွားလေးတို့ခေတ်က တိုင်းတစ်ပါးယဉ်ကျေးမှုကို အတုခိုးဖို့နေနေသာသာ တိုင်းတစ်ပါးသားဖြစ်တဲ့ အင်္ဂလိပ်ကိုမုန်းလွန်းလို့… အင်္ဂလိပ်လက်အောက်ကျွန်ဘဝကို မုန်းလွန်းလို့ … ဂျီစီဘီအေပေါင်းတည်ကွန်ဖရင့်မှာ လိပ်ခွံဘီးတွေ ချိုးဖွဲ့ပစ်ခဲ့ကြတယ်"

"မှတ်ထားကြ… နယ်ချဲ့တွေဟာ ဘွားလေးတို့နိုင်ငံကို လွတ်လပ်ရေးပေးခဲ့တာ မတတ်သာလွန်းလို့ပေးခဲ့ရတာ…၊ မြန်မာမျိုးချစ်သူရဲကောင်းတွေရဲ့ စွမ်းရည်နဲ့သတ္တိကို မလွန်ဆန်နိုင်လွန်းလို့ပေးခဲ့တာ၊ ဒါပေမဲ့ သယံဇာတပေါကြွယ်ဝတဲ့ ဘွားလေးတို့နိုင်ငံကို နယ်ချဲ့တွေက မျက်စိကျနေတုန်းပဲ…"

"သူ့ကျွန်ဘဝကိုပြန်ရောက်အောင် တစိုက်မတ်မတ်ကြိုးစားကြနေဆဲပဲ… ခုခေတ်ကာလမှာ အသိပညာ အတတ်ပညာတွေပြည့်စုံလာပြီဖြစ်တဲ့ ဘွားလေးတို့နိုင်ငံသူ၊ နိုင်ငံသားတွေကို နယ်ချဲ့တွေက အရင်တုန်းကလို လက်နက်အားကိုးနဲ့ကျွန်မပြုတော့ဘဲ ယဉ်ကျေးမှုပပျောက်အောင် ဖန်တီးမယ်… လူမျိုးပျောက်အောင် လူမျိုတဲ့နည်း၊ မြန်မာမိန်းကလေးတွေ

နိုင်ငံခြားသားတွေနဲ့ လက်ထပ်ဖြစ်အောင် ဖန်တီးတဲ့နည်း၊ မပြည့်စုံတဲ့ မိန်းကလေးတွေကို လူပွဲစားနဲ့မြှူဆွယ်ပြီး ဖျက်ဆီးတဲ့နည်းတွေနဲ့ ကျွန်ပြန်ပြု နေတာကို သတိမလစ်ကြနဲ့… တိုင်းတစ်ပါးယဉ်ကျေးမှု အဝတ်အစား ဆင်ယင်မှုကို အတုခိုးမှားရင် တစ်နေ့… တို့နိုင်ငံ သူများကျွန်ဘဝပြန် ရောက်သွားလိမ့်မယ်”

“အဲဒီတော့ ဘွားလေးတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေက မျိုးချစ် စိတ်ဓာတ်ပြင်းပြစေတဲ့စာတွေ ဖတ်ရမယ်၊ အမျိုးကိုချစ်ရမယ်၊ အမျိုးဂုဏ်ကို ထိန်းရမယ်၊ မြန်မာမိန်းကလေးစစ်ရင် လုံလုံခြုံခြုံဝတ်ရမယ်။ ဘွားလေးရဲ့ အမည်ရင်းကို ခုကန်တော့နေတဲ့ကလေးတွေ သိမှာမဟုတ်ဘူး…။ အသက်ကြီးပိုင်းတွေလောက်ပဲသိနိုင်တယ်။ အမည်ရင်းက… ဒေါ်ငွေမြ၊ ဒါပေမယ့် ဘွားလေးတို့ခေတ်က အိမ်ထောင်မပြုသေးတဲ့ မြန်မာမိန်းက လေးတိုင်းဟာ လုံလုံခြုံခြုံ ယဉ်ယဉ်ကျေးကျေး ဝတ်ကြနေကြလို့ မြန်မာ မိန်းကလေးတိုင်းကို ‘လုံမလေး’လို့ ခေါ်ကြတယ်”

“ဘွားလေးဟာ ယနေ့အထိ အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်လာ သူမို့ ဘွားလေးလုံမအရွယ် ရောက်ခဲ့ပြီ။ ဘွားလေးအသက်သိပ်ကြီးပါပြီ။ ဒါကြောင့် မြန်မာနိုင်ငံနဲ့လူမျိုးကိုချစ်ရင် လွတ်လပ်ရေးပြန်မဆုံးရှုံးချင်ရင် ယဉ်ကျေးမှုကိုထိန်းသိမ်းပါ။ နိုင်ငံခြားသားကို လက်မထပ်မိစေနဲ့၊ စာများ များဖတ်ပါ။ ခေတ်နဲ့အညီပေါ်ပေါက်လာတဲ့ တီဗီအစီအစဉ်တွေကြည့်ပါ၊ အတုခိုးသင့်တာခိုးပါ၊ အတုမခိုးသင့်တာ မခိုးပါနဲ့”

တိုင်းတစ်ပါးယဉ်ကျေးမှုဟာ… ကိုယ့်ယဉ်ကျေးမှုနဲ့ မကိုက်ရင် အတုမခိုးနဲ့၊ ခုတော့… အတုမြင်အတတ်သင် တီဗီထဲကရုပ်ရှင်တွေကြည့် နိုင်ငံခြားကားတွေရဲ့ ဝတ်စားဆင်ယင်မှုတွေကို မြန်မာမင်းသမီးတွေ၊ မင်းသားတွေက လိုက်ဝတ်၊ အဆိုတော်တွေ၊ မော်ဒယ်တွေက ဝတ်ပြ၊



သူတို့ဝတ်ပြတဲ့ မလုံမခြုံဝတ်စားဆင်ယင်မှုတွေကို မြို့ကြီးသူတွေကလိုက် ဝတ်၊ နောက် မြို့ပြကိုကူးစက်၊ မြို့ပြကနေ ကျေးလက်ကိုရောက်၊ ကျေးလက် နေသူပါ ယဉ်ကျေးမှုတွေပျက်လာပြီ”

“ဘွားလေးတို့ရွာ ရွာသူကြီးသာအောင်မိန်းမတောင် ဘရာစီယာ လက်တစ်လုံးလောက်ဝတ်ပြီး ဆရာတော်ကျောင်းကို ဥပုသ်စောင့်ဖို့လာရဲ လာပြီ၊ ဘွားလေးမသေသေးသမျှတော့ အဲဒီလိုဝတ်တဲ့ ယဉ်ကျေးမှုမထိန်း တဲ့ ဘယ်အမျိုးမှ၊ ဘယ်မိတ်ဆွေမှ ဘွားလေးရှေ့လာခွင့်မရှိဘူး၊ မောင်း ထုတ်တဲ့အထိခံရမယ်မှတ်…။ ကဲ… ကဲ.. စကားတွေလည်းရှည်လှပြီ မြန်မာမှန်ရင် နိုင်ငံနဲ့လူမျိုးကိုချစ်ပါ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းပါ၊ နိုင်ငံခြားသားကို လက်မထပ်မိစေနဲ့”

“ခုဆို… မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းတွေ၊ အမျိုးသမီး ရေးရာအဖွဲ့တွေ ပေါ်လာပြီ၊ ဘွားလေးကြိတ်ပြီးဝမ်းသာနေတာပါ…၊ လုံလုံခြုံခြုံပြန်ဝတ်လောက်အောင် အဲဒီအသင်းတွေက ဆောင်ရွက်ကြလိမ့် မယ်လို့ ယုံကြည်တယ်”

“ဘွားလေးကတောမှာနေပေမယ့် မြို့ကသတင်းတွေကြားသိနေပါ တယ်…၊ ခုဆို မြန်မာပြည်အနှံ့ တက္ကသိုလ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူတွေ မြန်မာဆန်ဆန်လေးဝတ်ပြီး နေ့စဉ်ကျောင်းတက်နေကြ ပြီတဲ့…၊ ဘွားလေးစိတ်ကူးလေးနဲ့လှမ်းကြည့်မိတာတောင် မြန်မာ့ ကျက်သရေနဲ့ ပြည့်ဝတဲ့ မြန်မာကလေးများပါလားလို့တောင် ရေရွတ်မိ တယ်”

“ဘွားလေးတို့ခေတ်က ကုမ္မာရီအသင်းသူတွေက ယဉ်ကျေးမှု မပျောက်အောင် လူမျိုးမခံရအောင် ထိန်းခဲ့သလို အဲဒီအသင်းတွေက

ထိန်းသိမ်းကြမှာပါ”

*“လောကနီတိအဆိုအရ-

ရဟန်းများအဖို့ ရောင့်ရဲခြင်းမရှိမှု ရဟန်းသိက္ခာပျက်တတ်၏။

* Monks lacking contentment may lose virtue.

ပြည့်ရှင်မင်းအဖို့ ရောင့်ရဲလွယ်လျှင် တန်ခိုးအာဏာပျက်တတ်၏။

* A king easily contented may lose power.

အရှက်မရှိမှု မိန်းမကောင်း ဂုဏ်သိက္ခာပျက်တတ်၏။

Shameless, a Woman may loss decency.

မင်းတို့တွေ တွေးကြည့်စမ်းပါ…၊ တို့နိုင်ငံဟာ ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့တယ်၊ ရသေ့ရဟန်းတွေက ဝိနည်းနဲ့အညီ ကျင့်ကြံကြ၊ နေထိုင်ကြလို့ပါ၊ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား ဆောင်ရွက်နေတယ်။ ဒါကြောင့်လည်း တိုင်းနဲ့ပြည်နယ် နယ်စွန်နယ်ဖျားမကျန် ဖွံ့ဖြိုးတိုးတက်နေတာ TV မှာ၊ သတင်းစာတွေမှာ တွေ့ရလိမ့်မယ်…၊ ပြည်သူတွေပျော်ရွှင်ကြည်နူးစွာနဲ့ ထောက်ခံနေတာ တွေ့ရမယ်”

“အေး…. တစ်ခုပဲပြောစရာရှိတော့တယ်၊ မိန်းမကောင်း မိန်းမမြတ် အမျိုးမြတ်တဲ့မိန်းမတွေက အရှက်နည်းတဲ့ ပြည့်တန်ဆာနဲ့ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံ တူကြမယ်ဆိုရင်တော့ မိန်းမကောင်းသိက္ခာပျက်ပြီမှတ်… ယဉ်ကျေးမှုပျောက်ပြီမှတ်…”

“ကဲ…ကဲ၊ ဒီကနေ့ ဘွားလေးရဲ့နှစ်ရာပြည့် ကန်တော့ပွဲမှာ



ဘွားလေးက… မိမိဒေသမှာရှိတဲ့ လူငယ်တွေအတွက် စာကြည့်တိုက်နဲ့အတူ မျိုးချစ်စိတ်ဓာတ်တက်ကြွစေတဲ့ စာအုပ်တွေလှူတယ်၊ စာကြည့်တိုက်လုပ်ဖို့ ဒီခြံနဲ့ ဒီအိမ်ကို လှူတယ်၊ မျက်စိပွင့်နားပွင့်ဖို့ တီဗီလည်းဝယ်လှူတယ်၊ ဘွားလေးအနေနဲ့ သင်္ခါရကို နားလည်ပါတယ်…၊ တိုင်းပြည်နဲ့လူမျိုးအတွက် ဘွားလေးထွက်သက်အထိ ပံ့ပိုးကူညီတဲ့သဘောပါ၊ အကယ်၍များ ဘွားလေးဒီနှစ်မသေလို့ နောင်နှစ် ဘွားလေးကို ချစ်တဲ့ ဒီပရိသတ်ကြီးအားလုံး တိုင်းပြည်နဲ့လူမျိုးချစ်တဲ့ စိတ်နဲ့ ဝတ်လာကြပါ၊ အမျိုးဂုဏ်ထိန်းကြပါ၊ ဇာတိဂုဏ်မြှင့်တင်ကြပါ၊ အဲဒီလိုမှ မထိန်းသိမ်းဘူးဆိုရင်ကျွန်စော်နံနေတဲ့ မင်းတို့ကို ဘွားလေး… ရာသက်ပန်စွန့်ပစ်လိုက်ပါပြီ၊ ဘွားလေးကိုချစ်တဲ့ မြေးလေးတွေ တီတွေ တွတ်တွေ နောင်နှစ် ဘွားလေးနဲ့ဆုံချင်ကြသလား”

“ဆုံချင်ပါတယ် ဘွားလေး”

ဘွားလေးလုံမ ပီတိအပြုံးလေးများ လွှမ်းခြုံသွားတော့သည်။ ထို့အတူ ဘွားလေးက သူ့စကားကို အဆုံးမသတ်သေးဘဲ ဆက်ပြောသည်။

**ဘွားလေး… သိပ်ဝမ်းသာတယ် မြေးတို့ရယ်…၊**

- **မြန်မာပြည်မှာမွေးတဲ့ ကလေးတိုင်းဟာ ‘အူဝဲ… အူဝဲ… အူဝဲ ’ လို့ အော်နိုင်တဲ့အချိန်ကစပြီး ကိုယ်နိုင်ငံ ကိုယ့်လူမျိုးရဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တမြင့်မားစေဖို့၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေဖို့၊ အမျိုးသားရေးလက္ခဏာတွေ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့၊**
- **မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက်စေဖို့၊**
- **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်နေဖို့၊ ပညာရည်မြင့်မားနေဖို့ ကိုယ်တိုင်ကျင့်ကြံပြီး အများကိုလည်း စွမ်းဆောင်ဖို့ အစဉ်အမြဲဦးတည်ပြုပြီး လူ့လောကကို**

**ရောက်လာသင့်တယ်မြေးတို့ရယ်…”**

**“သင်္ချိုင်းရဆိုတာ ပြောလို့ရတာမဟုတ်ဘူး…၊ မတော်တဆ နောင်နှစ် ဘွားလေးနဲ့ မဆုံရင် မြေးလေးတို့ရဲ့ ကတိစကားတည်၊ မတည် ဘွားလေးဘယ်မြင်ရတော့မလဲ…၊ နိုင်ငံနဲ့ လူမျိုးကိုချစ်တဲ့ ဘွားလေးရဲ့မြေးတွေကို ဘွားလေးက ကန်တော့တဲ့အကျိုး လက်ငင်းခံစားရအောင် လက်ဆောင်လေးတွေ ပေးဦးမယ်…၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အတုခိုးမှားနေတဲ့ မြေးလေးတို့ မျိုးချစ်စိတ် တကယ်ရှိ၊ မရှိ ဘွားလေး မသေခင် မြင်သွားပါရစေ၊ ဟဲ့… သာအောင်တို့… ချက်စုတို့…၊ ဖိုးနုံတို့… ဘွားလေးရဲ့အခန်းထဲက ထဘီနဲ့လုံချည်တွေ ယူခဲ့စမ်း၊ အတုခိုးမှားနေတဲ့ မြေးတွေကို ဘွားလေးရှေ့မှာပဲ ဝတ်ခိုင်းပါ…၊ ဘွားလေးမြင်သွားချင်လို့ပါ”**

ဘွားလေးသည် ထောင့်စေ့အောင်ပြင်ဆင်ထူးသူဖြစ်သည်။ ဘွားလေးအိမ်အောက်ထပ်တွင် မိန်းကလေးအဝတ်လဲခန်း “မည်သူမှ မဖြတ်ရ” ဟု အခန်းပိုတစ်ခုကို ကန်တော့ပွဲရက်မတိုင်မီကတည်းက လုပ်ထားသည်ကို တွေ့ရသော်လည်း ဘာရည်ရွယ်ချက်မှန်းမသိခဲ့ရ။ ယခုတော့ ဘွားလေးရည်ရွယ်ချက်ပေါ်လာတော့သည်။

သိပ်မကြာလိုက်ပါ။ ကန်တော့ပွဲမတိုင်မီက ကို့ရို့ကားယား မဖွယ်မရာဝတ်ထားကြသော မိန်းကလေးများလည်း မြန်မာဆန်ဆန်ဝတ်ပြီး ထွက်လာကြသည်။ ယောက်ျားလေးများကတော့ ဘောင်းဘီဖင်ကျပ်ကို ချွတ်လိုက်ကြသည်။ ဘွားလေး သိပ်ကျေနပ်ပုံရသည်။ ဘွားလေးရဲ့ပီတိပြုံးများက ဘယ်ပန်းချီရေးလို့မမီနိုင်ပါ။ ဘွားလေးစကားများများ မပြောတော့ပါ။ တစ်ခွန်းတော့ ပြောပါသည်။

“ဘွားလေး သေပျော်ပြီ”

ဆရာလေးညွှန့်အုန်းသည် ဘွားလေးကျန်းမာရေးကို ငဲ့သောအားဖြင့် နှုတ်ဆက်ကန်တော့ခြင်းဖြင့် ကန်တော့ကာ ဘွားလေးလုံမ သက်ရာပြည့် ကန်တော့ပွဲကို ရုပ်သိမ်းလိုက်ပါသည်။

❧ ❧ ❧ ❧ ❧

# ခင်ထားရေ သားတွေကို ပြောပေးပါ

အသံကြား သနားပါစေ၊ လူမြင် ချစ်ခင်ပါစေဟူသော ဆုတောင်းပြည့်ခဲ့သူဟုပင် ကျွန်တော့်ကို ကျွန်တော်ဆိုရမလိုပင် ဖြစ်နေရပါသည်။ အဘိုးအဘွား အဖေအမေ အစ်မတွေကလည်း ကျွန်တော့်ကို ချစ်လိုက်တာမှ တုန်လို့…. ကျွန်တော့် ဆရာ၊ ဆရာမ၊ ကျွန်တော်နဲ့ ထိတွေ့ရတဲ့ သူငယ်ချင်း၊ ဆွေမျိုးမိတ်ဆွေတွေကလည်း ကျွန်တော့်ကို ချစ်ကြသည်။ ခင်ကြသည်။ အဲဒီကြားထဲက ကျွန်တော်က အဖေအမေနဲ့ အစ်မတွေကို စိတ်ကောက်ပြီး အဘိုးအဘွားဆီမှာ သွားနေတတ်သည်။ အဘွားကတော့ မြေးအနှစ်မို့ ဘာမျှမပြော… ရှိတာတစ်ဝကျွေးတော့သည်။ အဘိုးကတော့ မိဘကို စိတ်ကောက်ပြီး လာမှန်းသိတာနဲ့ အဘိုးဆုံးမထားတဲ့ အမေ့ဂုဏ်ရည်၊ အဖေ့ဂုဏ်ရည်တွေကို ရွတ်ပြခိုင်းတတ်သည်။ ပြီးတော့ ဘယ်လို ကျေးဇူးဆပ်မလဲ မေးတတ်သည်။ သိပ်သိတာပေါ့…၊ အဘိုးကျေနပ်အောင် စီကာစဉ်ကာရွတ်ပြလိုက်သည်။

- **“ဝါး… အူဝဲ” ဟူသောအသံသည် သေမင်းနှင့် စစ်ခင်းနေသည့် အမေ့အား အောင်နိုင်သူအဖြစ် ကြေညာပေးလိုက်သည်နှင့် တူလှသည်။**
- **အမေသည် အဖေ့ထက် သားသမီးတို့၏ သဘော မနောကို ပို၍သိသည်။**
- **အမေသည် သားသမီးများ၊ လိမ္မာရေးခြားရှိရေးအတွက် အနီးဆုံးနှင့် အထိရောက်ဆုံး နည်းပြတစ်ဦး ဖြစ်သည်။**

* သားသမီးအတွက် စွန့်လွှတ်စွန့်စားရာတွင် အမေသည် အဖေ့ရှေ့မှ ဦးစွာ ရောက်နေတတ်သည်။
* အမေသည် ဘက်စုံပြည့်စုံသော သားသမီးအတွက်လည်း စိတ်ပူနေတတ်သလို အစစချို့ငဲ့သည့် သားသမီးအတွက်လည်း သောကဝင်နေတတ်သည်။
* ခလုတ်ထိလို့ဖြစ်ဖြစ်၊ သတိရလို့ဖြစ်ဖြစ် သားသမီးက အမိတလျှင် အဝေးနေ အမေသည်ပင် ဖျတ်ခနဲ ဆတ်ခနဲ "တ" နေသူကို သတိရသွားတတ်သည်။
* အမေသည် သူ့ခင်ပွန်းနှင့် သားသမီးများကို စားဦးစားဖျားကျွေးလေ့ရှိသည်။ သူကတော့ အိုးလူးစားပြီး ကျေနပ်နေတတ်သည်။
* သောကဟူသမျှ အမေ့ရင်ခွင် တိုးဝင်ပြီး ငြိမ်းအေးမှုကို ရယူနိုင်သည်။
* အမေ၏မေတ္တာရိပ်သည် ကမ္ဘာပေါ်တွင် သားသမီးအတွက် အအေးမြဆုံးဖြစ်သည်။
* အမေ့ကို နွဲ့ဆိုး ဆိုးသည်ကိုပင် အမေက ကျေနပ်နေတတ်သည်။
* အမေ၏ ရိုက်နှက်ဆုံးမမှုဒဏ်ရာသည် တစ်ခဏအတွင်း သိကြားရေစင် ဖျန်းလိုက်သကဲ့သို့ အေးမြသွားတတ်သည်။
* ဆိုးတဲ့သားသမီးအား ဆိုးမှန်းသိလျက်နှင့် ပစ်ပစ်ခါခါမလုပ်ဘဲ နှစ်နှစ်ကာကာ ချစ်တတ်သူသည် အမေဖြစ်သည်။
* သားသမီးရဲ့ လိုအပ်ချက်ကို ဖွင့်ဟမပြောရဘဲ အလိုလိုသိနေတတ်သူသည် အမေဖြစ်သည်။
* အမေသည် သားသမီး၊ မြေးမြစ်တို့နှင့် ပြည့်စုံနေသော သူ့သားသမီးများကို "ကလေး" ဟုပင်သာ သဘောထားဆဲဖြစ်သည်။
* အမေသည် သားစဉ်မြေးဆက်အထိ စောင့်ရှောက်နိုင်သော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်။



✳ "ဝါး…အူဝဲ" ဟူသောအသံသည် အဖေ့အတွက် ကာယသိဒ္ဓိ ပြည့်စုံပြီး တက်ကြွနိုးကြားမှု ပိုမိုဖြစ်စေသည်။
✳ အဖေသည် သူ၏ဇနီးနှင့် သားသမီးများ၏ ခြေလှမ်းများကို ကြို့မြင်နေတတ်သည်။
✳ အဖေသည် မိသားစုတစ်ခုလုံးနှင့် သားသမီးတို့၏ စံနမူနာပြ ရှေ့ဆောင်လမ်းပြဆရာကောင်း တစ်ဦးဖြစ်သည်။
✳ သားသမီးအတွက်ဟုဆိုလျှင် အဖေသည် ကံငါးပါးကိုပင် တစ်ခါတစ်ရံ ဥပေက္ခာပြုရဲသူဖြစ်သည်။
✳ အဖေသည် သားသမီးဝတ္တရား (၅) ပါး ပျက်ကွက်ကောင်းပျက်ကွက်မည်။ သို့သော် မိဘဝတ္တရား (၅) ပါးကိုတော့ ကျေပွန်အောင် ဆောင်ရွက်လိုသူဖြစ်သည်။
✳ သားသမီးများ၏ လိုအပ်ချက်မှန်သမျှအတွက် အဖေ၏ကြိုတင်ပြင်ဆင်မှုများက ပြည့်စုံမှုဖြင့် အသင့်ဖြစ်နေတတ်သည်။
✳ အဖေသည် စိတ်ဆင်းရဲမှုများ မည်မျှပင်မွန်းကျပ်နေစေကာမူ ဖခင်တာဝန်များကိုတော့ ဘယ်တော့မှ အပွန်းအပဲ့မခံသူဖြစ်သည်။
✳ အခက်အခဲမှန်သမျှ… အဖေ့ကိုဖွင့်ဟတိုင်ပင်ခြင်းသည် အထိရောက်ဆုံးနှင့် အမှန်ကန်ဆုံးဖြစ်သည်။
✳ အဖေ၏မေတ္တာရိပ်သည် မိသားစုအတွက် အလုံခြုံဆုံးနှင့် နွေးထွေးမှုအရှိဆုံးဖြစ်သည်။
✳ အဖေကို ကြောက်ချစ်ရိုသေမှုရှိလျှင် အဖေက ကျေနပ်နေတတ်သည်။
✳ အဖေ၏ ရိုက်နှက်ဆုံးမမှုသည် ထောင်ဖူးတံခါးဝကို မရောက်အောင် ကြိုတင်သတိပေးလိုက်သည်နှင့်တူလှသည်။
✳ ဆိုးတဲ့သားသမီးအား ဆိုးမှန်းသိလျှင် ချစ်သည်ကိုမေ့ထားပြီး အပြစ်နဲ့တန်အောင် ဆုံးမတတ်သူသည် အဖေဖြစ်သည်။

✳ သားသမီးရဲ့လိုအပ်ချက်ကို သိလျှင်သိချင်း ချက်ချင်းပြည့်စုံစေလိုသောဆန္ဒရှိသူသည် အဖေဖြစ်သည်။

✳ အဖေသည် သားသမီး မြေးမြစ်တို့နှင့် ပြည့်စုံနေသော သူ့သားသမီးများကို လက်ဆင့်ကမ်းဆုံးမဖို့ မှာနေဆဲဖြစ်သည်။

✳ အဖေသည် သားစဉ်မြေးဆက်အထိ ခေါင်းဆောင်ကောင်းဖြစ်အောင် စံနမူနာပြနိုင်သူ ဖြစ်သည်။

❖ အဖေခေါ်ခွင့်ရတုန်း ဝ အောင် ခေါ်ပါ။ အမေခေါ်ခွင့်ရတုန်း ဝ အောင် ခေါ်ပါ။ အဖေရှိတုန်း ကျွေးပါ။ အမေရှိတုန်း ကျွေးပါ။ အဖေ အမေမရှိတော့မှ တမ်းတမနေနဲ့။

❖ အဖေနဲ့ အမေကို ကာယကံမြောက် ကျေးဇူးဆပ်ဖို့ ဘယ်လိုမှ အခြေအနေမပေးဘူးဆိုလျှင် ဝစီကံ(နှုတ်ဖြင့်) ကျေနပ်မှုရပါစေ မနောကံ(စိတ်ဖြင့်) စိတ်တိုင်းကျ ပြုစုပါ။

❖ မောလာတဲ့ အဖေကို အဖေ မောလာသလားလို့ မေးကြည့်ပါ။ ပင်ပန်းလာတဲ့ အမေကို အမေ ပင်ပန်းလာသလားလို့ မေးကြည့်ပါ။ အဖေရော အမေပါ အသံတိတ်ဖြေလိမ့်မယ်။ အမေပြောတဲ့ အဖေ့အပြုံး။ လန်းဆန်းလှတဲ့အမေ့ပီတိ

❖ မိဘက သားသမီးကို မွေးစကနေ လေးဖက်သွားအောင် မတ်တတ်ရပ်နိုင်အောင်၊ လမ်းလျှောက်နိုင်အောင်၊ ဘဝပန်းတိုင်ရောက်အောင်၊ မမောမပန်း အပြုံးလွှမ်းပြီး ပြုစုခဲ့ကြတယ်။ မိဘတွေ အိုမင်းမစွမ်းတဲ့အခါ ကိုယ့်ကိုယ်ကို တောင်ဝှေးအဖြစ် သဘောထားပြီး မိဘအလိုကျ အသုံးချခံပါ။

❖ သိန်းသန်းကုဋေအနန္တနဲ့ မိဘကျေးဇူးဆပ်ဖို့ကြိုးစားခြင်းထက် တဒင်္ဂလောက် ပီတိဖြစ်အောင် မကြာခဏလုပ်ပေးနိုင်ရင်ကို မိဘတွေက ကမ္ဘာတည်သရွေ့ ဝမ်းမြောက်နေကြမှာပါ။



❖ မိဘတိုင်းဟာ သားသမီးတွေရဲ့ ညင်ညင်သာသာ နှိပ်စက်မှု(သို့မဟုတ်) ရမ်းရမ်းကားကားနှိပ်စက်မှုကို ခံယူရချည်းပင်… နှိပ်စက်ခံရမှုဒဏ်တွေ ပိနေတဲ့မိဘတွေကို ဘဝမကူးမီ ပြုစုဖို့လိုပါတယ်။

❖ အိုမင်းမစွမ်းတဲ့အထိ ရှာဖွေကျွေးမွေးပညာသင်ကြားပေးနိုင်တဲ့ မိဘတွေကို သားစဉ်မြေးဆက် တစ်ယောက်တစ်ရက်လောက် တာဝန်ယူပြုစုကြရင် ဘယ်လောက်ကောင်းလိုက်မလဲ။

❖ မိဘတွေက သားသမီးကို ထမင်းပွဲ ရှေ့ရောက်၊ ကျွေးမွေးခဲ့တာ ရက်ပေါင်းများစွာ၊ သားသမီးဘက်က မိဘကို တစ်ရက်လောက် မငြိုမငြင်ကျွေးဖို့ ဘာကြောင့် ဝန်လေးနေရတာလဲ။

❖ နောင်တဆိုတာ နောင်မှရတယ်လို့ ကြားဖူးနေတာပဲ။ နောင်ကိုစောင့်မနေပါနဲ့ မိဘငုတ်တုတ်ရှိတဲ့အချိန် ပြုစုစောင့်ရှောက်ပါ။

❖ ရဖို့ကိုတွေးမထား၊ ပေးဖို့ကိုသာ ကြိုးစားနေတဲ့မိဘတွေကို အမွေ အော်တောင်းနေတာကြောင့် စိတ်မငြိုငြင်ပါစေနှင့်။

❖ နေ့စဉ်ကိုယ်စိတ်နှလုံး အပင်ပမ်းခံ ရှာဖွေ ကျွေးမွေး ပညာသင်ကြားပေးနေသည့် မိဘကို တဒင်္ဂလေးဖြစ်ဖြစ် စိတ်ငြိုငြင်အောင်မလုပ်ပါနဲ့။

❖ နှုတ်ကြမ်းလျှင် အမိယုတ်၊ ကိုယ်ကြမ်းလျှင် အဖယုတ်လို့ဆိုကြပါတယ်။ ကိုယ်နှုတ်ယဉ်ကျေးကြခြင်းဖြင့် မိဘကျေးဇူးဆပ်ကြပါ။

အဲဒီလိုရွတ်ပြပြီးတာနဲ့ အဘိုးဟာ တစ်ခွန်းတည်းသော စကားပြောတော့သည်။ ‘‘အမေ့ဂုဏ်ရည်၊ အဖေ့ဂုဏ်ရည်သိတဲ့သား၊ ကျေးဇူးဆပ်ဖို့သိတဲ့သား… မိဘကို တစ်ဒင်္ဂလေးဖြစ်ဖြစ် စိတ်ငြိုငြင်အောင် မလုပ်လေနဲ့ ငါ့မြေး… ငါ့မြေး အမြန်ဆုံးသာ အိမ်ပြန်ပေတော့…’’

✳ ✳ ✳ ✳ ✳

အဖေတို့ အမေတို့တွေ၊ အစ်မတွေက ကျွန်တော့်အတွက် သည်းလွန်းသည်ဟု ထင်မိခဲ့သည်မှာ ယခုတော့ ကိုယ်ချင်းစာတတ်စိတ် ကျွန်တော့်တွင်ရှိလာပြီ။ ကျွန်တော်ကိုယ်တိုင် ဖခင်ဖြစ်ခဲ့ပြီ။ သားကြီးတို့ သားငယ်တို့ကို ချစ်လို့ကို မဝနိုင်၊ မှဲ့တစ်ပေါက် အစွန်းမခံနိုင်လောက်အောင် ပင် ကျွန်တော်သည်းသည်းလှုပ်ဖြစ်နေမိသည်။ ဘေးကလူတွေက–

"သည်းကိုသည်းတယ်" ဟု မေးငေါ့သူက မေးငေါ့ကြသည်။ တချို့က မကြားတကြား၊ တချို့က ကြားလောက်အောင်ကို ပြောကြသည်။ ပြောကြစမ်းပါစေ၊ မောရင်ရပ်သွားလိမ့်မယ်။ ကိုယ့်သားတွေ ကိုယ်ချစ်တာ ဘယ်သူ့မှ ဂရုမစိုက်နိုင်ပေါင်ဗျာ...။

ခုကြည့်လေ။ ကလေးတွေတစ်ခုခုဖြစ်မှာကို ကျွန်တော် သိပ်ကို စိုးရိမ်နေတယ်။ ကလေးတွေက ဘာမှသိတတ်သေးတာ မဟုတ်ဘူး။ ကလေးတွေကို နတ်ရေကန်ထဲချ။ ချက်ချင်း အရွယ်ရောက်၊ ပညာတွေ တတ်၊ သူဌေးကြီးတွေဖြစ်နေတာကို ကျွန်တော်မြင်ချင်နေမိတယ်။ အမေတို့ ကျွန်တော့်အပေါ်လည်း ဤသို့ပဲ ရှိနေမည်ကို ခုနားလည်တတ်လာပြီ။

ဟုတ်တယ်၊ အမေတို့လိုပဲ ကျွန်တော့်သားတွေကို ဆုံးမရမယ်။ စာတွေတတ်အောင်သင်ဖို့၊ ထူးချွန်ထက်မြက်ဖို့၊ အပေါင်းအသင်းမမှားဖို့၊ စိတ်ဓာတ်ကောင်းရှိဖို့၊ အကျင့်စာရိတ္တကောင်းဖို့၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားနေဖို့၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းဖို့၊ မျိုးချစ်စိတ်ဓာတ်ထက်သန်နေဖို့၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားနေဖို့ ပြောကို ပြောရမယ်။ ကျွန်တော် မိဘဖြစ်နေပြီလေ။ ကိုယ့်သားသမီးကို ဘယ်နည်း နှင့်မှ အပျက်အစီးမခံနိုင်ဘူး။

မွေးတုန်းက ခြောက်ပစ်ကင်းသဲလဲစင်၊ အပြစ်ရှင်းနေတဲ့ ကျွန်တော့် ကလေးတွေကို အမာရွတ်ထင်သွားမှာကိုတောင် ကျွန်တော် အဖြစ်မခံနိုင် ပါ။ ဒါကြောင့်လည်း ကလေးတွေကို ထိန်းဖို့ ခင်ထားကိုခေါ်နေရတာ ပေါ့။ ခက်တာက ခင်ထားအရင်လို မဟုတ်တာပါပဲ။ ကျွန်တော့်ကို မထီလေးစားလုပ်နေလို့ ကျွန်တော်အတော့်ကို ခံရခက်နေမိတယ်။



တကယ်တော့ ခင်ထား ကျွန်တော့်ကို သိပ်ချစ်မှန်း ကျွန်တော်သိပါ တယ်။ ကျွန်တော့်ကို လေးစားတယ်။ ကျွန်တော့်အတွက်ဆို အရာရာ စွန့်လွှတ်ရတဲ့ခင်ထား၊ သူနဲ့ ကျွန်တော် လက်ထပ်တော့ သူ့မိသားစုက အမွေပြတ်ကြေငြာတာကို ကျေကျေနပ်နပ်ခံယူပြီး ကျွန်တော်တို့နှစ်ယောက် ရရာအလုပ်ကို ကြိုးစားလုပ်ရင်း ယခုဆို တစ်နေ့ကို သောင်းဂဏန်းအထက် ဝင်ငွေရှိတဲ့ လက်ဖက်ရည်ဆိုင်ကြီး ပိုင်ဆိုင်ခဲ့ပြီ တိုက်နဲ့ကားလည်း ကိုယ်ပိုင်ရှိနေပြီ။

သားကြီး၊ သားငယ်တို့ထွန်းကားခဲ့ပြီး (၃)နှစ်သားပင်ရောက်ခဲ့ပြီ။ ကျွန်တော်တို့ ကိုယ့်ဘဝကိုယ်ထူထောင်ရဲနေပြီ။ ကျွန်တော်တို့ဘဝတိုးတက် ဖို့အတွက် နေ့ရောညပါအပင်ပန်းခံရှာခဲ့သည်။ ပင်ပန်းတဲ့ဒဏ်ကိုတော့ အထိုက်အလျောက်ခံရပြီဆိုတော့ ကျန်းမာရေးအထိုက်အလျောက် ချို့တဲ့ တတ်စမြဲဆိုတာ နားလည်ပါတယ်။

စဉ်းစားကြည့်စမ်းပါ။ ဒီအမွှာလေးတွေ တစ်ခုခုဖြစ်ရင် သူရော ကျွန်တော်ပါ ရင်ကျိုးရမှာ။ ခင်ထား ဘာဖြစ်နေတာလဲ။ ခါတိုင်း ဒီလို မဟုတ်ပါဘူး။ ခါတိုင်းက ကျွန်တော့်ကို ခင်ထား အရိပ်တကြည့်ကြည့်နှင့် လိုအပ်တာလုပ်ပေးနေကြ။ သားလေးတွေကိုလည်း ချစ်လိုက်သမှ သည်း သည်းကိုလှုပ်လို့။ သားဦးလေးတွေမို့ "သားဦးရူး" တယ်လို့ အပြစ်ဆိုသူ များကဆိုကြသေးသည်။ ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ဂရုမစိုက် ဘူး။ ခင်ထားလည်း ဂရုစိုက်ခဲ့သည်မရှိ။ ကိုယ့်သားကိုယ်ချစ်တာ ဘယ်သူ မှ ဂရုစိုက်စရာလည်း မလိုဟုထင်မိသည်။

ခုတော့ ကျွန်တော်ကိုယ်ချင်းစာတတ်လာပြီ။ ကျွန်တော်ငယ်ငယ်က အဖေတို့ အမေတို့ကို မေးကြည့်ဖူးသည်။

"အဖေတို့… အမေတို့ သားကိုချစ်ရဲ့လား" လို့ပေါ့။ အဲဒီလိုမေးတော့ အဖေတို့ အမေတို့ကလည်း ပတ်ဝန်းကျင်ကိုဂရုမစိုက်ပဲ ကျွန်တော့်ကိုဖြေပါသည်။

"သားကိုလေ… အဖေတို့အမေတို့ချစ်လို့မဝဘူး။ သားလိမ္မာနော်…. စာတွေကြိုးစား…။ သားအတွက်ဆို အဖေတို့အမေတို့ အသက်စွန့်ပြီး လုပ်ကျွေးမယ်။ ပညာသင်ပေးမယ်" လို့ ပြောဖူးတော့ ကျွန်တော်မိဘတွေစကားကို မယုံချင်ဘူး။ ပိုတာလို့တောင်ထင်မိသည်။

ကျွန်တော်ကလည်း အဖေအမေတွေရဲ့ အချစ်ကို တစ်ဝကြီးရသလို အစ်မတွေရဲ့အချစ်တွေလည်း ကျွန်တော်ကရပြန်သည်။ သားသမီး(၅)ယောက်ထဲမှာ အထွေးဆုံးဖြစ်တဲ့ကျွန်တော်က အစ်မ(၄)ယောက်ကြားတစ်ယောက်တည်းသောမောင်လေးဖြစ်နေပြန်တော့ ကျွန်တော့်အတွက်ဘာလိုသလဲ၊ လိုအပ်တာအသင့်။ ကျွန်တော့်ကို ဘယ်သူမှ ထိခိုက်အောင်မစရဲဘူး။ မတော်တဆစမိရင် အဖေကလည်းမနေ၊ အမေကလည်းမောင်းတင်ပေမည်။ အစ်မတွေကလည်း ဇတ်ဇတ်ကြဲရန်တွေ့ပေမည်။

အဖေတို့အမေတို့ ကျွန်တော့်ကို တကယ်ချစ်မချစ်ဆိုတာ အဲဒါလောက်နဲ့မပြည့်စုံသေးပါဘူး။ ကျွန်တော့်ကို တုန်နေအောင် ချစ်တာဟုတ်ရဲ့လားလို့ သံသယရှိနေတုန်းပါပဲ။ ဒါပေမဲ့ အမေက မကြာခဏပြောပါသည်။

"သားရယ်… ဘယ်မိဘမဆို ကိုယ့်သားသမီးကိုမချစ်တဲ့သူမရှိဘူး၊ အမေတို့တွေ သားကိုချစ်တာ သားမယုံဘူးမဟုတ်လား…



သားကိုယ်တိုင်ဖခင်ဖြစ်လာတော့မှ ကိုယ်ချင်းစာတတ်လိမ့်မယ်" လို့ အမေက မချိတင်ကဲပြောလာတတ်သည်။

ကျွန်တော့်ကို စာတတ်စေချင်တယ်။ သူများထက် ထူးချွန်စေချင်တယ်။ မိဘတွေ အစ်မတွေထက် ထက်မြက်စေချင်တယ်လို့ မကြာခဏပြောသလို ထူးချွန်ဖို့ဆို ဘာလုပ်ပေးရပေးရဟုပင် ပြောလေ့ပြောထရှိပါတယ်။ ပြောတဲ့အတိုင်းလည်း လုပ်ပေးတယ်။

ကျွန်တော့်ပညာရေးအတွက် အဖေ နေ့ရောညပါအလုပ်လုပ်တယ်။ ပင်ပန်းလာတဲ့ရုပ်မပြဘူး။ ကျွန်တော့်ကိုမြင်တာနဲ့ အဖေက ပြုံးနေတာပဲ။ အမေကရော သူစားမယ့်အစာတောင် မစားဘဲ ကျွန်တော့်ကို ကျွေးတယ်။

"သားကကျောင်းမှာ သူငယ်ချင်းတွေနဲ့စားရမှာ၊ မျက်နှာငယ်နေမယ်။ ဟင်းကိုပိုပိုလျှံလျှံထည့်ပေးလိုက်တယ်"အမေ အဲဒီလိုပြောတာအကြောင်းရှိပါတယ်။ ကျွန်တော်က ကျွန်တော့်ထမင်းချိုင့်မှာ ဟင်းတွေသိပ်များနေရင် ဟင်းအိုးကို သွားကြည့်လေ့ရှိတယ်။ ဟင်းအိုးထဲမှာ အိုးကပ်ဟင်းရည်ပဲရှိနေတာကို တွေ့ရင်-

"အမေကလည်း… သားအတွက် အသားတွေထည့်ပေးပြီး အမေက ဘာနဲ့စားမှာလည်း" ဟုပြောပြီး ဟင်းတွေပြန်ချထားတဲ့ အကျင့်ရှိတတ်လို့ အမေကကြိုပြောထားခြင်းဖြစ်ပါသည်။ အမေ… အမေ သူကတော့ အိုးလူးစားပြီး သားကိုတော့ ဟင်းလုံလုံလောက်လောက်ထည့်ပေးရှာသည်။ အာဂအမေပင်။ ဒါတောင်ကျွန်တော်က မိဘတွေ အစ်မတွေကျွန်တော့်ကိုချစ်တာ ဘာကို ပြောတာပါလိမ့်လို့ စဥ်းစားနေတုန်း-

တစ်ခုတော့ရှိသည်။ အဖေကတော့ သိပ်ထူးထူးခြားခြားမရှိပေမယ့် အမေကတော့ အစားကိုအန်ကျွေးမည်။ မရှိရှိအောင်ရှာပြီး ပညာသင်ပေး

မည်။ ထိုက်သင့်တဲ့ လွတ်လပ်ခွင့်ပေးမည်။ သို့သော် ထက်မြက်တဲ့ ကလေးဖြစ်ဖို့၊ ထူးချွန်တဲ့ကလေးဖြစ်ဖို့ ကြိုးစားခိုင်းသည်။

စဉ်းစားကြည့်စမ်းပါ။ ကျွန်တော်လိုကျောင်းသားအရွယ်လေးကို ဗုဒ္ဓဝင်တွေပြောလိုပြော၊ ဆုံးမစာတွေပြောလိုပြောနဲ့ အမေ့မှာ မမောနိုင်ဘူး၊ ပြောလိုက်တဲ့အကြောင်းတွေကလည်း အပ်ကြောင်းထပ်နေပြီ။ မှတ်မိတာလေးတွေ ပြောပြချင်တယ်။ မေမေမကြာခဏ ပြောတဲ့စကားတွေထဲက အချို့ကိုပါ။ အဲဒီအချို့ကလည်း မကြာခဏကိုပြောတာ…။

“သား… လူတော်လူကောင်းဖြစ်ချင်ရင် ကံငါးပါးကို လွယ်လွယ်ချိုးဖောက်နိုင်တာကတော့ ကံငါးပါးထဲက မူးယစ်သေစာ သောက်စားခြင်းပဲ။ အဲဒီကံ လုံအောင်ထိန်းရင်ကို အတော်လုံလောက်တယ် သား…. အမေခုလိုပြောတာ အကြောင်းမဲ့မဟုတ်ဘူး။ မဟာဗုဒ္ဓဝင်လာ သုပ္ပဗုဒ္ဓမင်းကြီးသည် သမီးတော်ယသော်ဓရာကို ပစ်ထားခဲ့ခြင်းနှင့် သားဒေဝဒတ်အား ရဟန်းပြုပေးခြင်းကို မကျေမချမ်းဖြစ်ပြီး (သားမက်တော်) ဗုဒ္ဓမြတ်စွာဘုရားအား ဆွမ်းခံသွားရာလမ်း၌ အရက်သေစာသောက်စားပြီး ဟန့်တားခဲ့လို့ မြေမျိုခဲ့ရရှာတယ်။ အရက်ကြောင့် မပြုအပ်သည့် အမှုပြုမိခြင်းပဲသား…။

စူဠဟံသဇာတ်အဋ္ဌကထာတွင်လည်း ရှင်ဒေဝဒတ်ဟာ အဇာတသတ်နှင့်ပူးပေါင်းပြီး ကြမ်းကြုတ်ခက်ထန်သော နာဠာဂီရိဆင်ကို အရက်တစ်ဆယ့်ခြောက်အိုးတိုက်၍ ဗုဒ္ဓမြတ်စွာဘုရားအား သတ်ဖြတ်ရန် စေလွှတ်ဘူးတာကို တွေ့ရပြန်တယ်။ အရက်သေစာရဲ့ မကောင်းကျိုး သိလောက်ပါတယ်။ သတ္တဝါတိုင်းဟာ သားသမီးကို အချစ်ဆုံးပါဘဲ…။ ဗာရာဏသီမင်းကြီးဟာလည်း သူ့သားတော်လေးကို အလွန်ချစ်ရှာတယ်။ ဒါပေမဲ့ ဗာရာဏသီမင်းကြီးဟာ (မူးယစ်သေစာ) နဲ့ မကင်းနိုင်ဘူး။ အမဲဟင်းလျာနဲ့လည်း မကင်းပြန်ဘူး။ တစ်နေ့တော့ မူးယစ်သေစာကျူးလွန်



နေတဲ့ ဗာရာဏသီမင်းကြီးကို စားတော်ချက်မှ အမဲဟင်းလျာမရနိုင်ကြောင်း လျှောက်မိတဲ့အခါ မိမိအလွန်ချစ်မြတ်နိုးတဲ့ သားတော်အား သတ်ဖြတ်ပေးပြီး အမဲဟင်းလျာအဖြစ် ချက်စေခဲ့တာ သာဓကရှိခဲ့တယ်သား။

ကုမ္ဘဇာတ်တော်ထဲမှာလည်း ဘုရားကို အလွန်ကြည်ညိုတဲ့ ဝိသာခါကျောင်းအစ်မကြီးရဲ့ နောက်ပါအခြွေခံပွန်းမိန်းမ (၅၀၀) တို့ဟာ စိန်ရည် (အရက်) ကိုသောက်မိလို့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ရှေ့မှောက်မှာ အရက်ကင်းမဲ့စွာ ကခုန်ဖူးကြတယ်။ မြန်မာရာဇဝင်မှာ တပင်ရွှေထီးမင်း အကြောင်း အားလုံးသိကြပါတယ်။ အသက် (၁၅) နှစ်သားအရွယ်လေးနဲ့ ခမည်းတော်ရဲ့ အရိုက်အရာကိုရပြီး ရှင်ရဲထွတ်ခေါ် (ဘုရင့်နောင်ကျော်ထင်နော်ရထာ) ၏အကူအညီဖြင့် လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ရှင်ဘုရင်ဖြစ်ခဲ့တယ်။ ဒါပေမယ့် အရက်သေစာနဲ့ တပင်ရွှေထီးမင်းပျော်မွေ့မိလို့ သမိန်စောထွတ်ရဲ့ လှည့်ကွက်မိပြီး လုပ်ကြံခံခဲ့ရပြန်တယ်သား။

မူးယစ်သေစာမှန်သမျှကောင်းတဲ့လက္ခဏာ မရှိပါဘူး။ အပျက်သဘောပဲ ကျူးလွန်ကြတာတွေ့ရပါတယ်။ ဒါကြောင့်လည်း (လယ်တီဆရာတော်ဆုံးမစာ- သုတမာရမဂ္ဂဒီပနီကျမ်းမှာ)

ဥစ္စာပျက်ပြား…ခိုက်ရန်ပွား၊ များထုံရောဂါစု

သတင်းယုတ်မာ…အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု

ယစ်မျိုးကျူးငြား… သူတို့အား ခြောက်ပါးအပြစ်ရှု လို့စပ်ဆိုဆုံးမခဲ့တာပေါ့။ ဒါတင်ပဲလား၊ ဆေးပညာအမြင်၊ သိပ္ပံအမြင်နဲ့ကြည့်တော့လည်း မူးယစ်သေစာစွဲတဲ့လူတွေ၊ လူညွှန့်တုံးခြင်း၊ လူစဉ်မမီခြင်း၊ သားစဉ်မြေးဆက်ဒုက္ခရောက်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်နိုင်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ သွေးအန်ခြင်း၊ စိတ်ရောဂါဖြစ်ခြင်းများ ဖြစ်ပေါ်နိုင်တယ်လို့

စာပေတွေရေးကြ၊ ဟောကြ၊ ပညာပေးနေကြတာတော့ သိနိုင်တယ်လေ သားရဲ့။

အဲဒီလို ရှေ့အစဉ်အဆက်က မူးယစ်ဆေးဝါးသုံးတာမကောင်းပါဘူးလို့ သာဓကအမျိုးမျိုး ဆုံးမမှုအဖုံဖုံ၊ လမ်းညွှန်ပညာပေးမှုတွေ အသွယ်သွယ်ရှိနေပါလျက် အရက်ကို မဖြတ်နိုင်ကြ၊ မစွန့်လွှတ်နိုင်၊ မူးယစ်ဆေးဝါးကို မဖြတ်နိုင်ကြ။ မစွန့်လွှတ်နိုင်ကြလို့ မိသားစုတွေ စိတ်ဆင်းရဲကြ၊ မဖြစ်သင့်တာတွေဖြစ်ကြနဲ့၊ လူ့လောကမှာ လောကငရဲခံနေကြသူတွေ တစ်ပုံတစ်ပင်ပါပဲ။ မူးယစ်ဆေးဝါးဆိုတာ၊ အရက်ဆိုတာ သွားမစနဲ့၊ သွားမစမ်းနဲ့၊ စမိတဲ့သူ၊ စမ်းမိတဲ့သူတွေ စွဲသွားကြတာပဲ။ စမိ၊ စမ်းမိ၊ စွဲမိပြီဆိုရင် မိမိနဲ့အတူ မိမိ မိသားစုအားလုံးဘဝပျက်ပြီသာမှတ်ပေတော့"

"ခင်ထား"

ခင်ထားက ထူးဖော်မရ။

"ဟဲ့ ခင်ထူး"

ခင်ထား တုတ်တုတ်မျှမလှုပ်။

"ခင်ထား…ဟဲ့ ခင်ထား၊ ငါခေါ်နေတာမကြားဘူးလား"

ခင်ထားသည် မထေမဲ့မြင်ငူငူကြီးထိုင်နေသည်။ တွေဝေနေသည်လား၊ တွေးတောနေသည်လား မသိ။ မည်သူ့ဆို မည်သူ့ကိုမျှ အရေးမလုပ်။ သူအရေးမလုပ်တာက အရေးမကြီး၊ ကျွန်တော့်ရဲ့ အချစ်ဆုံးလေးတွေ၊ ရင်နှစ်သည်းချာလေးတွေ မတော် အန္တရာယ်တစ်ခုခုနဲ့ ကြုံရင် ကျွန်တော်ရင်ကျိုးရမည်။ ခုလည်းကြည့်၊ ခင်ထားက ကလေးတွေကို ဂရုစိုက်ဖော်မရ၊ ထိန်းကျောင်းဖော်မရ။ ကျွန်တော်တို့ အိမ်ရှေ့ကကားလမ်း၊



ကားတွေက ဥဒဟိုသွားနေသလို လူတွေကလည်း သွားနေကြသည်။ ဆိုက္ကားတွေကလည်းရှိ၊ စက်ဘီးတွေကလည်း သရမ်းပါဘိသနဲ့။

ကြည့်စမ်းပါဦး၊ ကျွန်တော့်အသည်း သားလေးအမြွှာနှစ်ကောင်က အိမ်ရှေ့လမ်းနဘေးမှာ ပြေးလွှားဆော့ကစားနေလိုက်တာ မြူးလို့ပျော်လို့။ ကလေးဆိုတာ ဘာအန္တရာယ်မှ မြင်တတ်တာမှ မဟုတ်ဘဲ။ သူတို့မှာ ကြောက်လည်းမကြောက်၊ စိုးရိမ်မှုလည်းမရှိ။ လွတ်လွတ်လပ်လပ်နေကြသည်။ ကျွန်တော့်သား အမြွှာနှစ်ကောင်က ခုမှ သုံးနှစ်သားလေးတွေပဲ ရှိသေးတော့ တစ်ခုခုများဖြစ်လို့ကတော့ ကျွန်တော်ခင်ထားကို ခွင့်လွှတ်မည်မဟုတ်။

ကျွန်တော်သားလေး နှစ်ယောက်ကို နာမည်တောင်မခေါ်မိခဲ့။ ပထမမွေးသူကို သားကြီး၊ (၄) နာရီကွာပြီးမှမွေးလာတဲ့ အငယ်ကောင်ကို သားငယ်၊ သားကြီးသားငယ်လို့ခေါ်လို့သာ ခေါ်နေတာ၊ တစ်ခါတစ်ခါ ဘယ်ဟာအကြီး၊ ဘယ်ဟာအငယ်ဆိုတာတောင် ခွဲမရလို့ "သားကြီး… သားငယ်ရေ" လို့ပေါင်းခေါ်၊ အရင်ရောက်တာ သားကြီးလို့သတ်မှတ်ပြီး မွေးမွေးပေးလိုက်မိသည်လည်းရှိခဲ့သည်။ အမှန်တော့ အရင်ရောက်တာ အငယ်ကောင်လည်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် နှစ်ယောက်စလုံး၊ ကျွန်တော့်သားလေ၊ ကျွန်တော့်အသည်းလေးတွေ၊ ကျွန်တော်သိပ်ချစ်ရတဲ့ ကျွန်တော့်ရင်နှစ် သည်းချာလေးတွေလေ…။

ကျွန်တော့်သားလေးတွေကို ကျွန်တော်သိပ်ချစ်သည်။ မှဲ့တစ်ပေါက်အစွန်းမခံနိုင်လောက်အောင် ချစ်ပါသည်။ ခုပဲ ကြည့်လေ၊ အိမ်ရှင်မလုပ်တဲ့ ခင်ထားက သုန်သုန်မှုန်မှုန်နဲ့ ဘာဖြစ်နေမှန်းမသိဘူး။ ကလေးတွေကို ဂရုမစိုက်ဘူးလို့ ကျွန်တော်ထင်နေမိသည်။ ကျွန်တော်က အိမ်ထဲဝင်ဖို့ အခြေအနေမပေးလို့ ခင်ထားကို လှမ်းခေါ်ပြီး ကလေးတွေကို

ထိန်းခိုင်းမလို့။ မရမကခေါ်နေတာ၊ ခုတော့ ခင်ထားကအတွေးတွေလွန်နေသလား မသိဘူး၊ ခေါ်မကြား၊ အော်မကြား ဖြစ်နေသည်။

ထားပါလေ… ကျွန်တော်ကျန်းမာရေးချို့တဲ့ချိန် ခင်ထားက ကျွန်တော့်ကို ခုလို မထေမဲ့မြင်လုပ်နေတာကိုတော့ ကျွန်တော်ခံပြင်းနေမိသည်။ နောက်ဆုံး ကျွန်တော်အရှုံးပေးလိုက်တယ်။ ခင်ထား မထူးလဲ မခေါ်တော့ဘူးပေါ့။

❖ ❖ ❖ ❖ ❖

ကျွန်တော် ခင်ထားကို နားလည်ရခက်နေသည်။ ဒီလိုဒေသမျိုး နေရာမျိုးကို ခင်ထား ကလေးတွေခေါ်မလာသင့်ဘူး။ ကျွန်တော် မကျေနပ်ပါ။ ခင်ထားကို ရက်ရက်စက်စက်ပြောနေမိသည်။ ဆူနေမိသည်။ ကျွန်တော်ဆူတာ ကြိမ်းတာကို ခင်ထားမကျေနပ်လို့လား၊ ခံစားနေရလို့လား၊ အတောမသတ်နိုင်အောင်ကို ငိုနေတော့သည်။ တစ်ခါတစ်ခါ သတိပင် လစ်သွားပုံရသည်။

စဉ်းစားကြည့်စမ်းပါဗျာ… ဒီနေရာ၊ ဒီဒေသမှာ သူဘာမှ ဒီလောက်မငိုသင့်ဘူး။ ကလေးတွေလည်း ခေါ်မလာသင့်ဘူး။ ကလေးတွေက ဘာမှသိတာမဟုတ်ဘူး။ အမြှာလေးနှစ်ယောက်ကပြိုးလို့၊ ရယ်လို့ မြူးလို့၊ သူတို့အပြုံးကို ကျွန်တော်မြင်နေရတော့ ပီတိဖြစ်နေမိတယ်။

ဒါပေမယ့် ဒီနေရာက သုသာန်လေ…။ ပရိသတ်အများအပြား အလယ်ရှိနေတဲ့ အသုဘကို လူကြီးတွေကပို့ချင်ပို့ပေါ့။ ကလေးတွေကို ခေါ်မလာသင့်ဘူး။ အသုဘသေတ္တာကြီးရဲ့ ဘေးနှစ်ဖက်မှာလည်း "ကိုမျိုးနိုင် အသက် (၃၂) နှစ်" ဆိုပါလား…။ ခင်ထားက ဒီအသုဘနဲ့ ဘယ်လိုပတ်သက်နေပါလိမ့်။ ကျွန်တော်ကတော့ ကလေးတွေကို



ခေါ်လာတာ လုံးဝမကျေနပ်ဘူး။ မြန်မြန်ခေါ်သွားစေချင်လှပြီ။ ခင်ထားက ရော ဘာကြောင့် မပြန်သေးတာလဲ…။

ဟော… ပြင်ဆင်ထားတဲ့ အသုဘကြီးကို သေတ္တာထဲထည့်လိုက်ကြပြီ၊ သေတ္တာကြီးကို တွန်းလှည်းပေါ်တင်ပြီး မီးစက်ရှိရာကို ယူသွားကြပါပြီ။ မီးစက်ပေါက်ရောက်တော့… ဘာမဆိုင်၊ ညာမဆိုင် ခင်ထားက အားရပါးရငိုလိုက်ပါပကော…။ "ကိုမျိုးနိုင်ရေ… ခုတော့ ရှင်လူပျိုတုန်းက အပေါင်းအသင်းတွေနဲ့ သုံးစွဲခဲ့တဲ့ မူးယစ်ဆေးဝါးဒဏ်ခံရပြီမလား။ ရှင့်သူငယ်ချင်းတွေ ကယ်နိုင်သေးရဲ့လား…။ ရှင်ကျွန်မကို၊ သားတွေကို ချစ်သော်လည်း မူးယစ်ဆေးဝါးသုံးသူဟာ ဒီလိုပဲ နိဂုံးချုပ်တယ် ကိုမျိုးနိုင်ရဲ့…။ ရှင် ခု ရှင့်သားတွေကို သိပ်ချစ်တာပဲလို့ ပြောနိုင်သေးရဲ့လား" လို့ ဆို့ဆို့နင့်နင့်ငိုရင်း သတိလစ်မေ့မျောသွားရှာပါပကော…။

"ခင်ထားရေ… သားတွေကို အဖေ့လို မမှားဖို့ ပြောပေးပါ။ တစ်ချက်အမှားဟာ တစ်သက်သွားရပြီ၊ မိဘရဲ့ဆိုဆုံးမမှုတွေကို မလေးစားမိလို့ ချစ်တဲ့ဇနီး၊ ချစ်တဲ့သားတွေနဲ့ မိသားစုတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ ခွဲသွားရပြီ။ သွားတော့မယ် ခင်ထားရေ… ခင်ထားတို့လည်း ပြန်ကြတော့နော်"

## မျှော်နေမယ် မျှော်နေမယ် မောင်မောင်စစ်သားရယ်

“ဗိုလ်ကြီးခင်ဗျား၊ တပ်သားသစ်နှစ်ယောက် ရန်ဖြစ်နေလို့ ဗိုလ်ကြီးဆီကို လာပို့တာပါ” ဟုပြောသံကို သတိထားမိသဖြင့် ဗိုလ်ကြီး စိုးကျော်သည် အခြေအနေကို လှေ့လာကြည့်လိုက်သည်။ တပ်ကြပ်ကြီးစိုးရီသည် တပ်သားသစ်နှစ်ယောက်ရှေ့တွင် သတိအနေအထားဖြင့် သတင်းပို့နေခြင်းကို မြင်တွေ့လိုက်ရသည်။

“ဆရာကြီး စိုးရီ ဖြစ်စဉ်ကို ပြောပြပါဦး” ဟုဗိုလ်ကြီး စိုးကျော်မှ မေးလာသဖြင့် ဆရာကြီးစိုးရီသည်-

“တပ်တွင်းရုပ်ရှင်ရုံထဲမှာ တပ်သားသစ် သံချောင်း ထိုင်နေတာကို ရုပ်ရှင်ပြခါနီး မီးပိတ်မှ စောလှထွန်းကဝင်လာပြီး သံချောင်းကို ဝင်တိုက်မိ ရာက စကားများကြတာပါ” ဟုတင်ပြတော့သည်။

“ပြောပါဦး သံချောင်းရ၊ ရန်ဖြစ်လောက်အောင် ဖြစ်ရတဲ့ အကြောင်း တပ်သားချင်း သည်းခံသင့်တာ သည်းခံရမယ်လို့ ငါပြောထားတယ် မဟုတ်လား”

“ပြောထားပါတယ် ဗိုလ်ကြီး၊ ဒါပေမဲ့ စောလှထွန်းက ရုပ်ရှင်ရုံထဲမှာ ကျွန်တော့်ကို ဝင်တိုက်ပါတယ်။ ကျွန်တော်က လူမမြင်ဘူးလားလို့ မေးတာကို သူက မမြင်လို့ပါလို့ ပြောရင် ကျွန်တော် ခွင့်လွှတ်နိုင်ပါတယ်၊ ခုတော့ စောလှထွန်းက “မိုက်” လို့တိုက်တာ၊ “မိုက်” လို့တိုက်တာလို့



(၃) ခွန်းလောက် ထပ်တလဲလဲပြောလို့ ကျွန်တော်ဒေါသဖြစ်ပြီး ထိုးလိုက်မိတာပါ ဗိုလ်ကြီး၊ ဗိုလ်ကြီးပေးတဲ့ အပြစ်ကို ကျွန်တော်နာခံပါ့မယ်”

တပ်သားသံချောင်းက လေးလေးစားစားနဲ့ ပြောလာသလို စောလှထွန်းကလည်း မမေးဘဲနှင့်ကိုပြောလာသည်။

“ဗိုလ်ကြီးခင်ဗျား၊ ကျွန်တော်က မိုက်လို့မိုက်တယ်ပြောတာပါ။ သူက သက်သက်ထထိုးလို့ ကျွန်တော်ကပြန်ထိုးမိတာပါ၊ ပေးတဲ့အပြစ်ခံပါ့မယ့်ဗိုလ်ကြီး” ဟု စောလှထွန်းက မပီကလာ ပီကလာနှင့် ပြောလာသောကြောင့် ဗိုလ်ကြီးစိုးကျော်သည် တပ်အတွေ့အကြုံများနေပြီဖြစ်လို့ တပ်သားသစ်နှစ်ယောက်ကို စူးစူးစိုက်စိုက်ကြည့်ပြီး စိတ်ဆိုးတဲ့ပုံမပြဘဲ-

“ကောင်းကွာ… ရခိုင်လေးက မှောင်တာကို မိုက်တယ်လို့ပြော၊ သံချောင်းက အဓိပ္ပါယ်ပေါက်လွဲ၊ အဖြေက ရန်ဖြစ်တာ အဖတ်တင်တော့တာပဲ၊ မင်းတို့တွေကို တိုင်းရင်းသား ဘာသာစကားတွေသင်ပေးရဦးမယ်၊ လောလောဆယ် မင်းတို့ကို ဗဟုသုတအဖြစ် ဖြစ်ရပ်မှန်မှတ်တမ်းလေး ငိုအားထက် ရီ (ရယ်) အားသန်ရတာလေး ပြောပြမယ်”

“တစ်ချိန်တစ်ခါက စစ်ဆင်ရေးတစ်ခုမှာ တိုင်းရင်းသားပြည်သူတွေက တပ်မတော်နဲ့လက်တွဲပြီး ပြည်တွင်းသောင်းကျန်းသူတွေ နှိမ်နင်းဖို့ ကိုယ်တိုင်ဆန္ဒပေးပြီး စစ်အကူထမ်းသမားအဖြစ်လိုက်ကြသည်။ အဲဒီခေတ်အခါက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ပါတီဝင်တွေကလည်း ကိုယ်တိုင်ဆန္ဒပေးပြီး စစ်အကူထမ်းသမားအဖြစ် လိုက်ကြတယ်။ အေးချမ်းစွာ နေလိုတဲ့ တိုင်းရင်းသားတွေဟာ တပ်မတော်နဲ့ လက်တွဲပါဝင်ကြတဲ့ အထဲမှာ ရှမ်းအဘိုးတစ်ယောက်လည်းပါတယ်။ အဲဒီမှာ တပ်သားသစ်ရဲဘော်လေးက လုပ်အားပေးတွေကို သယ်ပိုးနိုင်ဖို့ ရိက္ခာ၊ ခဲယမ်းတစ်နိုင်တွက်ဆပြီး ခွဲတမ်းချပေးတယ်။ အဲဒီ ရှမ်းအဘိုးကြီးအလှည့်ရောက်တော့-

"အဘိုး မ ကြည့်ပါဦး၊ နိုင်သလောက်ပဲသယ်၊ မနိုင်ရင် ကျွန်တော် ပြန်လျှော့ပေးမယ်" လို့ ရဲဘော်လေးကပြောပါတယ်။

အဲဒီအချိန်မှာ ရှမ်းအဘိုးကြီးက အထုပ်ကို မကြည့်တယ်၊ ပြီးတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ "ပေါ့...ပေါ့" လို့ပြန်ပြောတဲ့အတွက် ရဲဘော်လေးက ထပ်ထည့်၊ ရှမ်းအဘိုးကြီးက မကြည့်၊ "ပေါ့...ပေါ့" လို့ထပ်ပြော၊ ထပ်ပြောတော့ ထပ်ထည့်နဲ့ နောက်ဆုံးတော့ ရှမ်းအဘိုးကြီးခမျာ ဘာမျှ မပြောတော့ဘဲ ငူငူကြီးထိုင်နေတယ်၊ ရဲဘော်လေးကလည်း ရှမ်းအဘိုးကြီး ကို မကျေနပ်ဘူး။ စောစောကပေါ့တယ် ပြောပြီး ခုကျတော့ မထမ်းနိုင် ရမလားပေါ့၊ ဒီအခြေအနေကို တပ်စစ်တဲ့ ဗိုလ်ကြီးတစ်ဦးဖြစ်တဲ့ ငါနဲ့ ဆုံတော့တာပေါ့။

"ဖိုးထောက်... မဲ့ထောက်ကိုလွှမ်းလို့လား" လို့စလိုက်တော့မှ–

"မဟုတ်ပါဘူး ဗိုလ်ကြီး၊ မဲထောက်ကို လွှမ်းရင် ဗိုလ်ကြီးတို့နဲ့ စစ်အကူထမ်းသမားအဖြစ်နဲ့ လိုက်ဖို့ ဘယ်ဆန္ဒပေးမလဲ"

"ဒါဖြင့် ဘာလို့ငူငူကြီး လုပ်နေရတာလဲ"

"ဗိုလ်ကြီး တပည့်မကောင်းဘူး၊ ဖိုးထောက်က ပေါ့ပေါ့လို့ ပြောရဲ့သားနဲ့ ပစ္စည်းတွေထပ်ထည့်တယ်။ ဖိုးထောက်မနိုင်တော့ဘူး။ မနိုင်ရင် ရှေ့တန်းကျဒုက္ခရောက်မှာပေါ့၊ ဒါကြောင့် ဖိုးထောက်ငူနေတာ"

"ရဲဘော်လေးလာဦး... မင်းမှတ်ထား၊ ရှမ်းစကားတွေထဲမှာ အဖေအရွယ်ကို ဖိုးထောက်လို့ခေါ်ရတယ်၊ အမေအရွယ်ကို မဲ့ထောက်လို့ ခေါ်ကြတယ်၊ မှတ်ထားနော်... ပြီးတော့ သူတို့ ဓလေ့မှာ ပေါ့ပေါ့ဆိုတာ တော်ပြီလို့ပြောတာကွ၊ ဖိုးထောက်က တော်ပြီလို့ပြောတာကို ပေါ့ပေါ့လို့ ပြော၊ မင်းကမြန်မာလိုပေါ့ရင် ထပ်ထည့်မယ်ဆိုပြီးတော့ ထပ်ထည့်တော့ ဖိုးထောက် ဘယ်နိုင်တော့မလဲ၊ ဖိုးထောက်နိုင်သလောက် လျှော့ပေး



လိုက်" လို့ အမိန့်ပေးလိုက်တော့ ရဲဘော်လေးရော၊ ဖိုးထောက်ပါ ရယ်ရယ်မောမော ဖြစ်သွားကြတယ်" လို့ ရှင်းပြလိုက်တော့မှ ရဲဘော် သစ်လေးများ ပြုံးသွားကြသဖြင့်–

"နောင် သင့်သင့်မြတ်မြတ်၊ ချစ်ချစ်ခင်ခင်နေကြ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

"ကဲကဲ သွားကြတော့၊ ကိုယ့်အလုပ်ကိုယ်လုပ်ကြ" ဟု ဗိုလ်ကြီး စိုးကျော်မှ အမိန့်ပေးလိုက်သဖြင့် တပ်ကြပ်ကြီးစိုးရီနှင့် တပ်သားသစ်လေး များမှာ ဗိုလ်ကြီးစိုးကျော်အား အလေးပြုပြီး ထွက်သွားကြတော့သည်။ တပ်ရေးဗိုလ်ကြီးဆိုသည်မှာ တပ်၏အမိအဖသဖွယ်ဖြစ်နေလေတော့ ကြီးတဲ့ အမှုငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်၊ ဒေသန္တရဗဟုသုတတွေရ အောင် အစစအရာရာသွန်သင်ရစမြဲမို့ ဗိုလ်ကြီးစိုးကျော်အနေနှင့် တစ်မော ပြေခဲ့ရပြန်ပြီဟု မှတ်ယူလိုက်ပေသည်။

"ဘာပြောတယ်... မိန်းမခိုးလာတယ်ဟုတ်လား၊ စစ်ထွက်ခါနီးမှ ဒီလိုလုပ်ရသလား၊ တပ်စည်းကမ်းကော၊ နားမလည်ကြဘူးလား၊ တပ် ဆိုတာ လက်ထပ်ခွင့်ကျမှ လက်ထပ်ရတာကွ၊ ဆရာကြီးစိုးရီ ဘယ်ရဲဘော် လဲကွ" ဗိုလ်ကြီးစိုးကျော်သည် စစ်ထွက်မည့်ဆဲဆဲ မမျှော်လင့်သည့် ပြဿနာဝင်လာသဖြင့် စိတ်ဆိုးမယ်ဆိုလည်း ဆိုးစရာဖြစ်နေတော့သည်။ တပ်ကြပ်ကြီးစိုးရီကလည်း သတင်းမပို့မဖြစ်၍ ပို့ရခြင်းဖြစ်သည်။

"တပ်သားဖိုးထောင်ပါ ဗိုလ်ကြီး၊ ဒီနေ့တပ်မထွက်ခင်" လူငယ် သဘာဝချိန်းတွေ့ကြရာက ခုလိုဖြစ်လာတာပါ၊ မှားမှားယွင်းယွင်း မရှိကြ သေးပါဘူးလို့ ပြောပါတယ်၊ ဗိုလ်ကြီးအနေနဲ့ ဆုံးမတာကို အမိန့်နာခံပါ့မယ် လို့လည်း ပြောပါတယ် ဗိုလ်ကြီး"

တပ်ကြပ်ကြီးစိုးရီရဲ့ နောက်ပါးကရပ်နေတဲ့ တပ်သားဖိုးထောင်နဲ့ မိန်းကလေးကို ဗိုလ်ကြီးစိုးကျော် တွေ့နေပြီဖြစ်သည်။

"ကဲ… ဟိုကညီမလေး၊ ဘေးနားကခုံမှာဝင်ထိုင်" ဟုပြောတော့မှ တူးမာတစ်ယောက်ဝင်ထိုင်ရဲသည်။ ဖိုးထောင်က သတိအနေအထားဖြင့် တုတ်တုတ်မျှ မလှုပ်ရဲရှာပေ။

"ကဲ… ညီမလေးကို အစ်ကိုရဲ့ ညီမလေးလိုသဘောထားပြီး ပြောမယ်နော်၊ ညီမလေးတို့ရဲ့ ချစ်ခြင်းကိုလည်း မခွဲပါဘူး၊ ဒါပေမယ့် စစ်တပ်ဆိုတာက လက်ထပ်ခွင့် အရင်တင်ရတယ်။ လက်ထပ်ခွင့်ရမှ လက်ထပ်ရတယ်၊ ခုပြဿနာက အစ်ကိုတို့ တပ်ကရှေ့တန်းသွားပြီး ရန်သူတွေကို ချေမှုန်းဖို့ တပ်ရှေ့မှာ ယာဉ်တန်းတွေတောင် ရောက်နေပြီ၊ ညီမလေး ကိုယ့်မိဘဆီပြန်နေပါ၊ အစ်ကိုတို့ရှေ့တန်းက ပြန်လာတဲ့အခါ ညီမလေးတို့ မင်္ဂလာကိစ္စကို စီစဉ်ပေးပါ့မယ်" လို့ ဗိုလ်ကြီးက မလွှဲမရှောင်သာပြောလိုက်ရပေမယ့် ရင်ထဲတော့ မချိရှာ။ အဲဒီအချိန်မှာပဲ တူးမာက ဘာမျှပြန်မပြောနိုင်ပဲ ငို၍သာနေတော့သည်။ တပ်သားဖိုးထောင် အနေနဲ့လည်း သတိအနေအထားနဲ့မို့ တူးမာကို နှစ်သိမ့်ဖို့မဖြစ်။ ကံကောင်းချင်တော့ တပ်ကြပ်ကြီးစိုးရီမှပင် ဆက်လက်တင်ပြပေးသည်။

"ဗိုလ်ကြီး ခင်ဗျား၊ ကလေးမလေးက လိမ္မာတဲ့ကလေးပါ၊ အဖေမရှိတော့ပါဘူး၊ အမေအိုကြီးကို ရက်ကန်းရက်ကျွေးနေတဲ့ မိန်းကလေးပါ ဗိုလ်ကြီး"

"ဆရာကြီးစိုးရီ… တပ်စည်းကမ်းကို နားလည်တယ်မလား"

"နားလည်ပါတယ် ဗိုလ်ကြီး"

"ဆရာကြီးရဲ့ဇနီးနဲ့ တပ်တွင်းအမျိုးသမီးကြီးတွေကို တာဝန်ပေးလိုက်ပါ။ ဒီမိန်းကလေးကို သူ့အမေဆီ ပြန်အပ်ခိုင်းပါ၊ ရှေ့တန်းက



ပြန်လာတဲ့အခါ တင့်တောင်းတင့်တယ် တောင်းရမ်းလက်ထပ်ပေးဖို့ ကျွန်တော်ကတာဝန်ခံတဲ့အကြောင်း ပြောပြပါ။ မရှင်းတာဘာရှိလဲ"

"မရှိပါဘူး ဗိုလ်ကြီး"

"မရှိရင် ဆက်လုပ်"

တပ်ကြပ်ကြီးစိုးရီနှင့် တပ်သားဖိုးထောင်တို့သည် ဗိုလ်ကြီးစိုးကျော်အား အလေးပြုပြီး တူးမာအားခေါ်ဆောင်ကာ အိမ်ထောင်သည်လိုင်းသို့ သွားရောက်ပြီး ဗိုလ်ကြီး၏အမိန့်အတိုင်း တူးမာအား အပ်နှံကာ ရှေ့တန်းထွက်ရန် မော်တော်ယာဉ်များပေါ်သို့ ရောက်ကြရပြီဖြစ်ပေသည်။

တပ်ထွက်တပ်မတော်သားများအား တပ်မိသားစုများမှ လက်ဝှေ့ယမ်းကာ နှုတ်ဆက်ကြသူများထဲတွင် တူးမာတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ တူးမာက ဝံ့ဝံ့ရဲရဲမရှိပေမယ့် ဖိုးထောင်ကို စကားတစ်ခွန်းတော့ပြောလိုက်သည်။ မကြားတကြားဆိုသော်လည်း အားလုံးနားလည်လိုက်သည်။

"တူးမာ မျှော်နေမယ်နော်" တဲ့။

တပ်တွင်းစည်းကမ်းဆိုသည်မှာ တပ်မတော်သားများပင် လိုက်နာရသည်မဟုတ်၊ တပ်မတော်သားများ၏ ဇနီးမယားပါ လိုက်နာရသည်။ ကိုယ့်ခင်ပွန်းရှေ့တန်းထွက်ခိုက်ဖြစ်စေ၊ တပ်တွင်းရှိစဉ်ဖြစ်စေ ဖောက်ပြန်သော အိမ်ရှင်မများအား တပ်ထုတ်ပွဲခံရတတ်သည်။ တပ်တွင် တပ်ထုတ်ပွဲခံရခြင်းသည် အပြန်းထန်ဆုံးသော ပြစ်ဒဏ်ဖြစ်ကြောင်း အားလုံးသိကြသည်။

ထို့ကြောင့်လည်း တပ်တွင်းအိမ်ရှင်မများ တပ်မတော်သားနှင့်အတူ အမိန့်နာခံကြမြဲဖြစ်ပါသည်။ ယခုလည်း ဖိုးထောင်တို့ချစ်သူနှစ်ဦး၏

ရှေ့ရေးကို အကြောင်းပြု၍ တပ်ရေးဗိုလ်ကြီးအမိန့်ကို တပ်တွင်းအိမ်ရှင်မများမှ အောင်မြင်အောင် ဆောင်ရွက်ပေးကြသည်။ အကြိုစေ့စပ်သည့်သဘောဟုလည်း ပြောနိုင်သည်။ သားသမီးချင်း ကိုယ်ချင်းစာ၍လည်း ပြန်ပို့ခြင်းဖြစ်သည်။ အမေဖြစ်သူမှာလည်း လာရောက်စေ့စပ်ပြန်ပို့ပေးကြသူများကို ကျေးဇူးတင်လျက်ရှိပေသည်။

တူးမာက ငယ်သူပီပီ ဘာမှနားမလည်ရှာ၊ သူ့ချစ်သူ ဖိုးထောင် ရှေ့တန်းကပြန်လည်ရောက်ရှိလာမည့်ရက်ကို သာတွက်နေမည်ထင်ပါသည်။ တူးမာတစ်ယောက် ဖိုးထောင်ကို သတိရနေသလို ဖိုးထောင်ကလည်း တူးမာကို သတိမရဘဲ ဘယ်နေပါ့မလဲ၊ သို့သော် အချစ်ရေးထက် စစ်ရေးကိုဦးစားပေးရမည်ဆိုသည်ကို ဖိုးထောင်နားလည်သည်။ မူလထဲက တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးဖို့ စစ်ထဲဝင်ခဲ့တာမို့ ဖိုးထောင်စစ်ရေးကိုပဲ ဦးခေါင်းထဲထည့်ထားသည်။ ယခုတိုက်ပွဲကလည်း ရှေ့တန်းကိုမလာခင်ထဲက အရေးကြီးတဲ့တိုက်ပွဲမှန်း ဖိုးထောင်တို့ တွက်ဆလာခဲ့ကြသည်။

မိခင်တပ်ရင်းကနေ ရှေ့တန်းစစ်မျက်နှာကို ထွက်လာပြီဆိုကတည်းက ကျရာတာဝန်ကို ထမ်းရမည်မှာ သဘာဝဖြစ်ပါသည်။ ယခင်အခေါက်များကလို လွိုင်လင်၊ လဲချား၊ ပင်လုံ၊ မိုင်းကိုင် စစ်ဆင်ရေးတွေတုန်းက ရှာဖွေတိုက်ခိုက်ရေးကို ဦးစားပေးတိုက်ခဲ့ရသည်။ ယခုတိုက်ပွဲကမည်သို့ဆိုသည်ကို မည်သူမျှတိတိကျကျ မသိကြရသေးပေ။ သို့သော် ဖိုးထောင်တို့အဖွဲ့တွေ ရန်သူကို တောတွင်းတစ်နေရာမှာ ရှာဖွေနေရင်းအထက်မှ အမိန့်ရောက်လာသည်။

ပင်လုံမြို့နှင့် မိုင်လေးဆယ်လောက်အကွာမှာရှိနေတဲ့ တောတောင်ထဲမှာ ရှမ်းသောင်းကျန်းသူတွေရဲ့ "စနင်း" စခန်းကြီးကို တိုက်ခိုက်ချေမှုန်းရန်ဆိုတဲ့ အမိန့်ဖြစ်သည်။ အဲဒီ အမိန့်နဲ့အတူ ဗိုလ်ကြီးစိုးကျော်တို့



တပ်ဖွဲ့ကို တပ်ရင်းမှ ပို့လိုက်တဲ့ ရိက္ခာ (ကောက်ညှင်းပေါင်း) တွေကို ခွဲဝေပေးသည်။ အဲဒီညမှာပဲ လွိုင်လင်မြို့မှာရှိနေတဲ့ ခလရ (၉၉) တပ်ရင်းမှာ ခေတ္တတည်းခိုပြီး ည (၁၀) နာရီခန့်မှာ တိုက်ခိုက်သိမ်းပိုက်ရမယ့်နေရာကို စတင်ချီတက်ကြသည်။

ရန်သူစခန်းကို နံနက် (၄) နာရီမှာ စတိုက်ဖြစ်အောင် ကြိုးစားချီတက်ကြပေမယ့် လမ်းမှားပြီး သတ်မှတ်ချိန်မရောက်ဘဲ ဖြစ်နေရသည်။ ဗိုလ်ကြီးစိုးကျော်တို့ တပ်ဖွဲ့ လမ်းမှားနေတုန်း ရွာလေးတစ်ရွာအဖြတ်မှာ ရန်သူ့ရဲ့လက်နက်ကြီးနဲ့ လှမ်းပစ်ခြင်းခံလိုက်ရသည်။ အမှတ်မထင်ခံလိုက်ရပေမယ့် ထိခိုက်ဒဏ်ရာမရ၍ တော်သေးသည်။ အချိန်က နံနက် (၅း၃၀) နာရီရှိနေပြီဖြစ်သည်။

ဒီစစ်ဆင်ရေးတွင် ဗိုလ်ကြီးစိုးကျော်တို့တပ်ခွဲက ပွိုင့်ထွက်ပြီးနောက် ပိတ်တာဝန်များကိုတော့ ခမရ (၁၄) က တာဝန်ယူပြီး ချီတက်လာကြ သည်။ လက်နက်ကြီးနဲ့လှမ်းပစ်တဲ့ ရန်သူ့အဖွဲ့မှာ အင်အား (၁၅၀) (၂၀၀) လောက် ရှိလိမ့်မယ်လို့ ထွက်ကြပါသည်။ ရန်သူရဲ့ ကင်းရှည် ထုတ်ထားတဲ့အဖွဲ့ဖြစ်သည်။

ဗိုလ်ကြီးစိုးကျော်တို့ တပ်ခွဲဟာ ရန်သူရှိမယ့်တောင်ကုန်းကို ညာဖက်တောင်စောင်းကပတ်တက်ပြီး စတင်တိုက်ခိုက်ကြသည်။ တပ်ခွဲအတွင်း ပါဝင်လာတဲ့ တိုက်ခိုက်ရေးတာဝန်ကျ ရဲဘော်အပေါင်းအနေနဲ့ တောင်ကြောအလယ်လောက်ရောက်တဲ့ အထိနေရာယူနိုင်ပေမယ့် ရန်သူရဲ့ ပစ်အားများပြားခြင်း၊ အပေါ်စီးမှ ပစ်ခတ်နေခြင်းများကြောင့် မိမိတပ်ခွဲဖက်မှ တစ်ယောက်ပြီးတစ်ယောက် ဒဏ်ရာရနေတော့သည်။

ဒဏ်ရာရနေသူတွေကို တောင်အောက်မှာရှိတဲ့ ဆေးတပ်ဖွဲ့ဆီ ပြန်ပို့ပေးပြီး ကျန်တိုက်ခိုက်ရေးရဲဘော်တွေကတော့ ရန်သူရှိတဲ့တောင်ကြော

ကို မရောက်ရောက်အောင် စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်နဲ့ အသေခံ တက်ကြသည်။ သို့သော် တောင်ပေါ်ကို တော်တော်နှင့်မရောက်နိုင်ဘဲ ဖြစ်နေရသည်။ တောင်အောက်မှ မိမိတပ်မတော်သားများကလည်း မိမိတပ်ခွဲ ရန်သူရှိရာတောင်ကုန်းပေါ်ကို ရောက်ရှိနိုင်ရေးအတွက် ရန်သူရှိရာ တောင်ကုန်းပေါ်ကို နောက်ပွင့် (ခ) လက်နက်ကြီးနှင့် ဗျူဟာမှူး ဗိုလ်မှူးကြီး တင်ဦး ကိုယ်တိုင် ကြပ်မတ်ပစ်ကူပေးသည်။ ရန်သူရဲ့ ပစ်အားကလည်း ပိုမိုကောင်းလာသည်။ သို့သော် ဖိုးထောင်တို့တပ်ခွဲအနေဖြင့် အသေခံ တက်ကြတဲ့အတွက် စစ်သည်အတော်များများ ဒဏ်ရာရကြတော့သည်။ နံနက် (၁၁) နာရီလောက်ရှိမှ ရန်သူကို သူပစ်ကိုယ်ပစ် ပစ်ခွင့်ရတော့ သည်။

ရန်သူများက သူတို့ဒေသအပိုင်ဖြစ်နေသဖြင့် ပစ်ကျင်းများ ကြိုတင် တူးထားခြင်းဖြင့် ပစ်ကျင်းထဲမှ ပစ်ခတ်နေသည့်အတွက် မိမိတပ်ခွဲမှ ရန်သူကို ထိအောင်ပစ်နိုင်ဖို့ အခက်အခဲတွေ့နေရတော့သည်။ သို့သော် ဖိုးထောင်တို့တပ်ခွဲအနေနဲ့ အသေခံ သူပစ်ကိုယ်ပစ်၊ ပစ်ခတ်ကြရင်း ရန်သူ နှင့် ကိုက် (၅၀) အကွာခန့်အထိ နေရာယူလိုက်နိုင်သည်။ သို့သော်လည်း ရန်သူ၏လက်နက်ကြီးကျည်တစ်ခုဟာ နောက်ပိတ်တာဝန်ယူထားတဲ့ ခမရ (၁၄) တပ်ခွဲနေရာကို ကျသွားတဲ့အတွက် တပ်မတော်သားတစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူလိုက်ရသည်။

ဖိုးထောင်တို့တပ်ခွဲအတွင်း အမှတ်မထင် ရန်သူရဲ့ လောင်ချာအမ် (၇၉) လောင်ချာ၊ ဗုံးသီးတွေဟာ ဖြတ်ကျော်ပြီး တပ်ခွဲအလယ်လောက်မှာရှိ နေတဲ့ တပ်မတော်သားတွေရဲ့ တပ်စိတ်ထဲကျသဖြင့် တပ်မတော်သား တစ်ဦးကျဆုံးရပြန်သည်။



ရန်သူဘက်က အသာစီးရနေတာမို့ ရန်သူပစ်လိုက်တဲ့ လောင်ချာ ဗုံးဒဏ်ကြောင့် ဒဏ်ရာရထားတဲ့သူတွေထဲက တပ်မတော်သားတစ်ဦး ထပ်မံကျဆုံးရပြန်သည်။

အမှန်ကို ဝန်ခံရလျှင် မိမိဘက်မှ အထိနာနေကြပြီဖြစ်သည်။ သို့သော် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ရဲသော ဖိုးထောင်တို့ တပ်မတော်သားများသည် တက်ကြွနေကြဆဲ၊ ရဲသွေးပြနေကြဆဲဖြစ်ပါ သည်။ သို့သော် လူငယ်များပီပီ မကျေမချမ်းနှင့် အံတကြိတ်ကြိတ်ဖြစ်နေ ကြတော့သည်။ အသေခံတက်တိုက်ရန် ဟန်တပြင်ပြင်လုပ်နေကြသည်။ အမိန့်မရသဖြင့် မလှုပ်သေးသော်လည်း လိုအပ်လျှင် သူ့ထက်ငါ အလျင် အသေခံရန် စောင့်နေကြတော့သည်။

ရန်သူ၏တောင်ကုန်းမှာ သူပစ်ကိုယ်ပစ် ပစ်နေကြသည်ဆိုသော် လည်း ရန်သူ့စခန်းမဟုတ်သေး။ ရန်သူ့၏ ကင်းရှည်အဖွဲ့သာဖြစ်သည်။ တစ်နေ့လုံးတိုက်နေသော်လည်း မိမိဘက်က အသာစီးမရသည့်အတွက် ညနေ (၁၅) နာရီလောက်မှာ "ညာသံပေး ကျားတက်ထိုး" တိုက်ခိုက် နည်းနှင့် အတင်းဝင်အတင်းတိုက်တော့မှပဲ ရန်သူ့ကင်းရှည်အဖွဲ့သည် ဆုတ်ပြေး ပြေးတော့သည်။ အချိန်ကလည်း ညနေ ၁၆ နာရီကျော်နေ ပေပြီ။

ဖိုးထောင်တို့ တပ်စိတ်ရဲ့ ရဲစွမ်းသတ္တိကတော့ ဩချလောက်အောင် ကို အောင်မြင်မှုရလိုက်သည်။ ဖိုးထောင်တို့တပ်စိတ်မှ စတင်ပြီး ညာသံ ပေး၊ ကျားတက်ထိုး အသေခံရဲသည့် ရဲဘော်များဖြစ်သည်ကို မည်သူမှ မငြင်းနိုင်ကြပေ။ ရန်သူကင်းရှည်အဖွဲ့၏တောင်ကုန်းအား သိမ်းပိုက်နိုင် လိုက်ပြီးဖြစ်သဖြင့် ပတ်ဝန်းကျင်ကိုလည်း ၂ လက်မ စိန်ပြောင်းဖြင့် ပစ်ရှင်း ရှင်းရပြန်သည်။ မိမိတပ်ခွဲပစ်ပိုင်နက်နယ်မြေအတွင်း ရန်သူ အလောင်းတွေရှိနေလို့ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်ဦးနှင့် ဒုတိယ

ဗိုလ်မှူးကြီးတင်ဦးနှင့် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် တို့ထံ သတင်းပို့အမိန့် နာခံရာ အမိန့်အရ ရန်သူ့အလောင်းများအား မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

အမိန့်အရပင် မိမိရောက်ရှိရာနေရာ၌ စခန်းချခွင့်ရလိုက်ပါသည်။ နယ်မြေရှင်းလင်းပြီးချိန်သည် ညနေ ခြောက်နာရီရှိနေပြီဖြစ်၍ ချက်ပြုတ်စားသောက်ရန် မဖြစ်နိုင်တော့ပေ။ တိုက်ပွဲအပြင်းအထန်ဖြစ်နေသဖြင့် နံနက်စာလည်း မစားဖြစ်ကြ။ ညနေစာလည်း မစီစဉ်နိုင်သောကြောင့် နောက်တန်းမှ ပေးပို့ထားသော ရိက္ခာကောင်းနိုးနိုးစိတ်ဖြင့် ဟန်းကောချိုင့်အား ဖွင့်ကြည့်လိုက်ရာ ရေတစ်စီစီနှင့် ချဉ်စော်နံနေပြီ။ စစ်သားတစ်ယောက်အနေနဲ့ မနက်စာညစာငတ်သည်မှာ ဘာမှတော့ မဆန်းချေ။ ရိုးနေပြီဖြစ်သည်။

ယနေ့တိုက်ပွဲဝင်နေသည့် တပ်မတော်သား ပေါက်စလေးတွေပင် ထမင်းငတ်သည့်အကြိမ် မနည်းဟုဆိုသော် တိုင်းပြည်နှင့်လူမျိုးအတွက် ကာလကြာမြင့်စွာ ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားကြီးများအနေဖြင့် ထမင်းငတ်ခဲ့သည့် အကြိမ်ပေါင်း ရေတွက်၍ပင် ရနိုင်တော့မည် မဟုတ်ပေ။

ဖိုးထောင်တို့ တပ်မတော်သားတွေ ထမင်းမစားရတာ အသာထားပြီး ရန်သူ့စခန်းကို သိမ်းပြီး ရန်သူ့ပစ်ကျင်းတွေမှာ နှစ်ယောက်တစ်ကျင်း နေရာချထားပေးသဖြင့် မိမိကျရာကျင်းတွင် အသင့်အနေထားဖြင့် ဆက်လက်တာဝန်ထမ်းဆောင်နေရသည်။ ရန်သူ့နယ်မြေဖြစ်၍ တပ်မတော်သားတွေအားလုံး တစ်ယောက်မှ မအိပ်ရဲကြပါ။ ကံဆိုးချင်တော့ ည ၁၁ နာရီလောက်မှာ အချိန်အခါမဟုတ် မိုးကရွာချပါလေရော။ မိုးကသည်းထန်စွာရွာတဲ့အတွက် တပ်မှထုတ်ပေးထားသည့် ပလတ်စတစ်စများ



အား ခြုံပြီး အသင့်အခြေအနေဖြင့် နေနေကြရတော့သည်။ အရေးထဲ အရာပေါ်ဆိုသလို တပ်မတော်သားတွေနေရာယူထားသည့် ပစ်ကျင်းထဲသို့ မိုးရေများ တရဝေါစီးဝင်လာသည့်အတွက် ဒုက္ခကြီးစွာဖြင့် အအေးပတ်ခံပြီး နေနေရသည်။

တစ်နေ့တာကာလအတွင်း ရန်သူနှင့်တိုက်ပွဲဖြစ်ခဲ့ရာတွင် မြန်မာ့တပ်မတော်သားများဘက်မှ ခမရ (၁၈) မှ (၂) ဦး၊ ခမရ (၁၄) မှ (၁) ဦး၊ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရပြီး ခမရ (၁၈) မှ ဗိုလ်ဝင်းမြင့် အပါအဝင် စစ်သည် (၅၀) ဦးခန့် ဒဏ်ရာရခဲ့ပါသည်။

နောက်တစ်နေ့ကို ကူးသာသွားလိုက်ရသည်။ စစ်သည်များ တစ်ရေးမှ မအိပ်လိုက်ရ။ နံနက် (၆) နာရီထိုးသည်နှင့် လက်ရှိတောင်ကုန်းမှ လေးမိုင်လောက်ဝေးသော ရွာတစ်ရွာသို့ ဆက်လက်ခရီးထွက်ခဲ့ကြသည်။ အဆိုပါရွာလေးတွင် ချက်ပြုတ်စားသောက်ကာ ရွာနှင့်ပတ်ဝန်းကျင် လေ့လာရေးပြုလုပ်ရန် အမိန့်ရထားသလို တစ်ညတာအိပ်ခွင့်ကိုပင် ပေးထားကြောင်း သိလိုက်သဖြင့် တပ်မတော်သားများ ခေတ္တအနားယူခွင့် ရလိုက်ပါသည်။

ဖိုးထောင်တို့တပ်ခွဲသည် အဓိကဆောင်ရွက်ရန် အစီအစဉ်မှာ စနင်းစခန်းကြီးသိမ်းပိုက်ရေးဖြစ်သဖြင့် နောက်တစ်နေ့အရုဏ်တက်ချိန်မှစပြီး စနင်းစခန်းကြီးကို အတင်းဝင်၊ အတင်းတိုက်စနစ်ဖြင့် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ကြရာ ရန်သူများအကျအဆုံးများစွာဖြင့် ထွက်ပြေးသွားကြသဖြင့် ဖိုးထောင်တို့ စနင်းစခန်းကြီးအား သိမ်းပိုက်လိုက်နိုင်ပေသည်။

သိမ်းပိုက်ရရှိသည့်စခန်းကြီးအား ပစ်ခတ်ရှင်းလင်း၊ မီးရှို့ဖျက်ဆီးရာ မိုင်းဗုံးများပေါက်ကွဲကြသည်။ မွေးမြူထားသော ဝက်ခြံများ၊ ကြက်ခြံများ၊ အခြားအဆောက်အဦများကို ဖျက်ဆီးပြီးမှ စနင်းစခန်းကြီးအတွင်း မိမိတပ်မတော်တပ်ခွဲမှ နေရာယူလိုက်ခြင်းဖြစ်သည်။

သက်ဆိုင်ရာများ၏ ညွှန်ကြားချက်အရ စခန်းစခန်းကြီးတွင် စခန်းချပြီး ကင်းရှည်သဘောဖြင့် ပတ်ဝန်းကျင်ဒေသများအား စုံစမ်းလေ့လာခဲ့ကြရာ (၁၅) ရက်ခန့်အတွင်း လက်နက်မျိုးစုံ၊ ခဲယမ်းမျိုးစုံနှင့် ရန်သူ့အသုံးအဆောင်မျိုးစုံတို့ကို ကြည့်ခြင်းအားဖြင့် ရန်သူများ ဤစခန်းကြီး ပတ်ဝန်းကျင်တွင် နေထိုင်ကြကြောင်းပါ သိခွင့်ရလိုက်ကြပေသည်။

ဗိုလ်မှူးကြီးတင်ဦး (ဗျူဟာမှူး) အနေနှင့်လည်း ဒဏ်ရာရသူ တပ်မတော်သားများအား ရဟတ်ယာဉ်အကူအညီဖြင့် ဆေးဝါးကုသနိုင်ရန် ပြန်လည်ပို့ဆောင်ပေးသည်။ စစ်ဗျူဟာလုပ်ငန်းများကိုလည်း ပင်လုံမြို့တွင် အခြေစိုက်ထားလိုက်သည်။

## ခိုတောင်းရွာတိုက်ပွဲ

ဖိုးထောင်တို့ တပ်မတော်သားများသည် ရန်သူများအား လိုက်လံတိုက်ခိုက်ရင်း ခိုတောင်းရွာသို့ရောက်ရှိလာကြသည်။ ညဥ့် ၁၁ နာရီလောက်တွင် ခိုတောင်းရွာအား စုံစမ်းထောက်လှမ်းကြည့်ရာ ရန်သူ့နယ်မြေဖြစ်ကြောင်း အထောက်အထားများ တွေ့ရှိရသည်။ ရန်သူ့နယ်မြေမှန်း သိသည်နှင့် ဆက်လက်ချီတက်ပြီး ရန်သူအား ရှင်းလင်းရာ ခိုတောင်းရွာဘေးရှိ တောင်ကြောတွင် အရုဏ်မတက်မီ (၂) နာရီခန့်၌ ရန်သူများနှင့် ပက်ပင်းတိုးကာ တိုက်ပွဲစရတော့သည်။

ရန်သူသည် ကျောက်တုံးများအကာအကွယ်ယူထားပြီး ဖိုးထောင်တို့အဖွဲ့အား အသားစီးမှ ပစ်ခတ်နေသဖြင့် မိမိတပ်မတော်ဘက်မှ အတော်များများဒဏ်ရာရကြသည်။ ဖိုးထောင်တို့အနေနှင့် အနိမ့်စီးဖြစ်နေသဖြင့် ရန်သူ့ နားကပ်ရန်ပင် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည်။



ဗိုလ်ကြီးစိုးကျော် အနေနှင့်လည်း အခြေအနေမှန်ကို တွက်မိသည်။ သက်ဆိုင်ရာနှင့်ညှိနှိုင်းပြီး စစ်ဆင်ရေးစတင်တော့သည်။ အသေခံသင့် ခံရတော့မည်။ သို့မဟုတ်လျှင် မိမိတပ်မတော်သားများ မလိုအပ်ဘဲ ထိခိုက်ဒဏ်ရာရနိုင်သည်ကို တွက်ထားမိသည်။

ဖိုးထောင်တို့တပ်ခွဲ အမှတ် (၁) က ရန်သူ၏နောက်ကျောဘက်မှ ပတ်တက်ပြီး ပစ်ခတ်ပေးရသည်။ ခိုတောင်းရွာတွင် ကျန်ခဲ့သော စစ်ကြောင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်အဖွဲ့မှလည်း လက်နက်ကြီးအဖွဲ့နှင့်အတူ ရန်သူများရှိသည့် တောင်ကြောသို့ ပစ်ကူပေး၊ ပစ်ခတ်ပေးသည်။ ဖိုးထောင်တို့တပ်ခွဲသည် မိမိတပ်မတော်မှ တရားသောစစ်အောင်နိုင်ရေးအတွက် သက်စွန့်ကြိုးပမ်းတိုက်ခိုက်ရင်း နံနက် (၁၀) နာရီထိုးသွားရချေပြီ။ တိုက်ပွဲက ပြင်းထန်နေဆဲဖြစ်သည်။

ဖိုးထောင်တို့ တိုက်ခိုက်ရေး၊ ရှင်းလင်းချေမှုန်းရေးအဖွဲ့အနေဖြင့် ပစ်အားကိုသုံးပြီး ရန်သူရှိရာသို့ အသေခံအတင်းတက် တိုက်ခိုက်နေရသည်။ ရန်သူနှင့် သူပစ်ကိုယ်ပစ် ပစ်ရင်း ရန်သူ့နယ်မြေအား စိုးမိုးနိုင်ရေးအတွက် အထူးကြိုးပမ်းနေရချိန်ဖြစ်သကဲ့သို့ မြန်မာ့တပ်မတော်သားများ၏ ရဲစွမ်းသတ္တိများကား ပိုမိုပြင်းထန်လာတော့သည်။ တပ်မတော်သားများအနေနှင့် ရန်သူသည် အမိနိုင်ငံတော်နှင့်လူမျိုးအား အနှောင့်အယှက်မျိုးစုံပေးသည့်အပြင် နိုင်ငံတော်အေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးနေသဖြင့် မိမိအသက်ကို ပဓာနမထားဘဲ အသက်စွန့်ရန် ဝန်မလေးကြပေ။ အသေခံရဲသူများဖြစ်ကြသည်။

တိုက်ပွဲသည် ပြင်းထန်သထက် ပြင်းထန်လာသည်။ တပ်မတော်သားများ၏ စိတ်ဓာတ်နှင့်အသိကလည်း ပိုမိုမြင့်မားလာကြသည်။ သူပစ်ကိုယ်ပစ် ပစ်ရင်း အမိနိုင်ငံတော်အတွက် အသေခံဝံ့သူများမှာ အသေခံ

တိုက်ရန်ခိုက်ရန် ရှေ့တစ်လှမ်းတိုး တိုက်ပွဲဝင်ကြတော့သည်။ သေနတ်သံ၊ အမြောက်သံ၊ လက်နက်မျိုးစုံသံကြားမှ "ကျား....ကျား.... ကျား" ဟူသော ကျားတက်ထိုးသံတို့သည် ဘဝင်သို့ညံ့စေသည်။ ထိုကျားတက်ထိုးသံများနှင့်အတူ ရန်သူ့နယ်မြေအား စိုးမိုးနိုင်ပြီဖြစ်ကြောင်း အောင်ပွဲသံများလည်း ပျံ့လွင့်လာသည်။

"အောင်ပြီ.... အောင်ပြီ.... အောင်ပြီ ဟေ့" လို့ ဩဇာသံအပြည့်နှင့် သေနတ်ကို ကျစ်ကျစ်ပါအောင်ကိုင်ပြီး အားမာန်အပြည့်နှင့် ကြွေးကြော်နေသော တပ်သားဖိုးထောင်သည် အောင်ပွဲနှင့်အတူ ခွေလဲကာ ကျသွားတော့သည်။ ဖိုးထောင် တိုင်းပြည်အတွက် အသက်ပေးလှူသွားချေပြီကော။

စွန့်လွှတ်စွန့်စားသော ဖိုးထောင်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်သွားသော ဖိုးထောင်၊ မိမိကိုယ်ကျိုးကိုမငဲ့သော ဖိုးထောင် ကောင်းရာသုဂတိလားစေကြောင်း ဆုတောင်းနေသူများက တိုက်ဖော်တိုက်ဖက် အရာရှိ၊ အရာခံအကြပ်တပ်သားများဖြစ်သလို ဖိုးထောင်ကို တူးမာတစ်ယောက်က မျှော်နေရှာပေမည်။

(မှတ်ချက်။ ။ စနင်း (ခိုတောင်း) တိုက်ပွဲတွင် ကျဆုံးပြီး သူရဲကောင်းဘွဲ့ရခဲ့သော တပ်သားဖိုးထောင်အား ဂုဏ်ပြုဖွဲ့ဆိုပါသည်)

ဖဖ ဖဖ ဖဖ ဖဖ ဖဖ

# တစ်ယောက်အမှား၏နောက်ကွယ်တွင်

ယနေ့နံနက်တွင် ငွေနှင်းတို့က ယမန်နေ့များကထက် ပိုကျနေသည်။ ဒီဇင်ဘာလသည် အအေးဆုံးလဟု ဆိုစကားနှင့်လည်း ညီလှပေသည်။ ယနေ့ ဒီဇင်ဘာလပင် ကုန်လောက်နေပြီဆိုတော့ နှင်းတို့ကျတာလည်း မဆန်း၊ အေးလွန်းတာလည်း ဘာမျှမဆန်း၊ သူတကာ ချမ်းစိမ့်အေးနေသဖြင့် စောင်ကလေးခြုံကွေးလိုသူတွေ၊ မီးလေးလှုံနွေးလိုသူတွေ အနန္တကြားတွင် ကိုစိုးတင့်တစ်ယောက်က ချမ်းရမှန်းမသိ။ အေးရမှန်းမသိဖြစ်နေပုံရသည်။ တစ်ညလုံးလည်းမအိပ်။ သူမအိပ်သည်က အကြောင်းမဟုတ်။ အိမ်ပေါ်တက်လာလိုက်၊ ဆင်းသွားလိုက် အကြိမ်ကြိမ်လုပ်နေလေတော့ အအိပ်အနေပါးသည့် အိမ်သားတွေပါ အိပ်မရတော့။ ပိုဆိုးသည်က ကိုစိုးတင့်၏ဇနီးမယားဖြစ်သည်။ မိမိလင်သားကို ဂရုတစိုက်ရှိသူဆိုတော့.... အရိပ်အကဲကို သတိထားနေရင်း ဒီတစ်ညလုံး လုံးဝအိပ်မပျော်ခဲ့။

မိမိလင်သား အရက်သမားကို တမ်းတမ်းတတ မြတ်မြတ်နိုးနိုးရှိရပ့်ါမလားလို့ မိဘဆွေမျိုးတွေကလည်း မကြာခဏ ပြောကြဆိုကြသည်။ မိတ်ဆွေအပေါင်းအသင်းများကလည်း ငြူစူကြသည်။ သို့သော် "ဒေါ်ကြည်ဝိုင်း" တို့ကတော့ မိမိဘဝဝဋ်ကြွေးဟု သဘောထားပြီး လင်သားကို ဂရုတစိုက်စောင့်ကြည့်သည်။ အတတ်နိုင်ဆုံး ဖျောင်းဖျပြောကြည့်သည်။ မရသည့်အဆုံးမှသာ လက်လျှော့ပေးလေ့ရှိသည်။

ဒေါ်ကြည်ဝိုင်းကိုလည်း အပြစ်မပြောသာ။ ကိုစိုးတင့် တစ်ခုခုဖြစ်လျှင် သူ့မိသားစုအသိုက်အဝန်း ပျက်နိုင်သည်။ အသက် ၃၀ အရွယ်သားအပါအဝင် သားသမီး ငါးယောက်အတွက် အဖေဟု ခေါ်စရာရှိနေသည်ကိုပင် သူက လိုလိုလားလား ကျေနပ်နေပုံရသည်။ ကိုစိုးတင့်သောက်လိုက သောက်၊ စည်းနှင့်ကမ်းနှင့်တော့ သောက်စေချင်သည်။ အချိန်ပြည့် သောက်စားနေတာမျိုးတော့ ဒေါ်ကြည်ဝိုင်း မလိုလားတာအမှန်။

အဆိုးထဲကအကောင်းဟု ဆိုရမလားမပြောတတ်။ ကိုစိုးတင့်က အရက်စွဲနေတာ မှန်ပေမယ့် စည်းမဲ့ကမ်းမဲ့သောက်တာမှန်ပေမယ့် ခိုက်ရန်မဖြစ်ဘူး၊ သူများဥစ္စာမခိုး၊ ပြစ်မှုကြီးငယ်မကျူးလွန်တတ်သူမို့ "ဒေါ်ကြည်ဝိုင်း"ကကြုံဖန်ပြီး ကျေးဇူးတင်နေပုံရသည်။ သို့သော် ယနေ့ညတစ်ညလုံး "ဒေါ်ကြည်ဝိုင်း" အိပ်မပျော်။ ကိုစိုးတင့်တစ်ခုခုဖြစ်မှာကို စိုးရိမ်နေသလိုလို ရှိလာသဖြင့် ပူပန်စိတ်တို့က လွှမ်းမိုးနေသောကြောင့် ကိုစိုးတင့်နှင့်အတူ ဆောင်းအအေးကို သတိလစ်နေပြီး ချွေးစီးများပင် ထွက်နေသည်။

ဒေါ်ကြည်ဝိုင်း ဟိုဟိုသည်သည်တွေးရင်း စိုးရိမ်စိတ်များက လွှမ်းခြုံလာခြင်းလည်း ဖြစ်ပါသည်။ ကိုစိုးတင့်နဲ့ ကိုမြင့်သိန်းက သက်တူရွယ်တူ လုံးတူဒေါက်တူ သောက်ဖော်သောက်ဖက်ဖြစ်သည်။ နှစ်ဦးစလုံး အရက်စွဲနေကြပြီဖြစ်သည်။ သူ့ရှိ သူတိုက်၊ ကိုယ့်ရှိ ကိုယ်တိုက်နှင့် နှစ်ယောက် တစ်ဘဝ နေလာကြသည်မှာ နှစ်ပေါင်းမနည်းတော့။ သူတို့နှစ်ဦးအသက်တွေကပင် ၆၀ ဝန်းကျင် ဖြစ်နေကြပြီ။ ကိုစိုးတင့်တို့အတွဲ အလဲအကွဲ အရက်သောက်လေ့ရှိသော်လည်း အချိန်တန်အိမ်ပြန် တန်းအိပ်ကြသူများဖြစ်လို့ ဇနီးမယားသားသမီးတွေက သူတို့ကို အထူးကူညီပေးရန်



ပင်မလိုခဲ့။ သို့သော် ဒေါ်ကြည်ဝိုင်းတစ်ယောက် ယခုရက်ပိုင်း ကိုစိုးတင့်ရဲ့ ထူးခြားတဲ့ အပြုအမူတွေကြောင့် စိုးရိမ်စိတ်ဝင်နေမိတော့သည်။ ပိုမိုဂရုစိုက်နေမိသည်။ ထူးခြားတာကလည်း နှစ်ရက်လောက်ရှိသေးသည်။

လွန်ခဲ့တဲ့နှစ်ရက်လောက်က ညအချိန်မတော် အမူးလွန်ပြီး ကိုစိုးတင့် အိမ်ပြန်လာသည်။ ရောက်ရောက်ချင်း–

"ကြည်ဝိုင်း… ထစမ်းပါဦး၊ ငါဒီည ဘယ်လိုဝမ်းသာမှန်းမသိဘူးကွာ… ငါဝမ်းသာနေတာ နင့်ကို ပြောချင်လို့" ဆိုပြီး ကျယ်ကျယ်လောင်လောင်ကို နှိုးပြောလာတော့ ဒေါ်ကြည်ဝိုင်းကလည်း လင်သားကို လိုက်လျောညီထွေဖေးမပြီး–

"ကိုစိုးတင့်… အိပ်လိုက်ပါလား၊ မနက်ကျမှ ပြောပေါ့" ဟု ဆိုလိုက်တော့–

"ဟာ… ခုပြောမှ ငါ့ရင်ထဲ့ပေါ့သွားမယ်"

"ကဲ… ဒါဆိုလည်း ပြောတော်"

"ဒီည… ငါနဲ့မြင့်သိန်း အရက်သောက်ကြတယ်"

ဒေါ်ကြည်ဝိုင်း တစ်ချက်ပြုံးလိုက်မိသည်။ ကိုစိုးတင့်က "ဒီည ငါနဲ့ မြင့်သိန်း အရက်သောက်ကြတယ်" ဆိုတဲ့ စကားက ဒေါ်ကြည်ဝိုင်းအတွက် အဆန်းမှမဟုတ်လေတော့ ကိုစိုးတင့် စကားကို ဆက်မပြောခင် ပြုံးမိတာပေါ့။

"အရက်တွေ ဝအောင်သောက်ပြီးတော့ မြင့်သိန်းကပြောတယ် ကြည်ဝိုင်းရဲ့…"

"ဘာများပြောလို့တုန်းတော်…" ဒေါ်ကြည်ဝိုင်းက စကားစ မြန်မြန်ပြတ်စေရန် ထောက်ပေးလိုက်သည်။

“မြင့်သိန်းက ငါ့ကို သိပ်ချစ်တယ်တဲ့… သူသေရင်တောင် ငါ့ကို ခေါ်သွားမယ်တဲ့ကွ…၊ ပြီးတော့… တို့မိသားစုကိုလည်း သူခင်တယ်တဲ့… ဖြစ်နိုင်ရင် တို့အိမ်သားအားလုံးခေါ်သွားချင်တယ်တဲ့ကွ… ငါပျော်လိုက်တာ ကြည်ဝိုင်းရာ”

ဒေါ်ကြည်ဝိုင်း ထိတ်ခနဲဖြစ်သွားသည်။ ဒီစကားက ပျော်ရမည့် စကားမှ မဟုတ်လေတော့ ဒေါ်ကြည်ဝိုင်းကပဲ-

“ကဲ‥ကဲ၊ ရှင်ပြောလိုက်ရလို့ ကျေနပ်ပြီမဟုတ်လား၊ အိပ်တော့နော်” ဟု ဒေါ်ကြည်ဝိုင်း ကိုစိုးတင့်ကိုတွဲခေါ်မပြီး အိပ်ရာအရောက် ပို့ခဲ့သည်။

❧ ❧ ❧ ❧ ❧

ကိုစိုးတင့် မူးမူးရူးရူးစကားတွေပြောပြီး အိပ်သွားပေမယ့် ဒေါ်ကြည်ဝိုင်းခမျာ အိပ်မပျော်တော့ဘဲ မိုးစင်စင်လင်းရတော့သည်။ မိုးလင်းပြီဆိုတော့ ဒေါ်ကြည်ဝိုင်းတစ်ယောက် နံနက်စာအတွက် ဈေးဘက်ကိုထွက်လာမိသည်။ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ် (၇၁) ဈေးကြီးသည် အလွန်စည်ကားလွန်းလှသည်။ ဒဂုံမြို့သစ်(တောင်ပိုင်း) တွင် အစည်ကား ဆုံးဈေးဖြစ်သည်။ ဈေးဆိုသည်မှာ လူစုံလှသည်။ ဟိုအကြောင်း ဒီအကြောင်း၊ ဟိုသတင်းဒီသတင်း စသည်များကလည်း စုံတတ်သော နယ်မြေဖြစ်သည်။

“ဗိုလ်မင်းရောင်လမ်းထဲက… အရက်သမားကြီး ကိုမြင့်သိန်း တစ်ယောက် ညကအရက်မူးလွန်ပြီး ဆုံးသွားပြီတဲ့”ဟူသော သတင်း စကားကြားမိသောအခါ ဒေါ်ကြည်ဝိုင်းတစ်ယောက် ညက ကိုစိုးတင့် ပြောခဲ့သောစကား-

“မြင့်သိန်းက ငါ့ကိုသိပ်ချစ်တယ်တဲ့… သူသေရင်တောင် ငါ့ကို ခေါ်သွားမယ်တဲ့ကွ…၊ ပြီးတော့… တို့မိသားစုကိုလည်း သူခင်တယ်တဲ့ … ဖြစ်နိုင်ရင် တို့အိမ်သားအားလုံးခေါ်သွားချင်တယ်တဲ့ကွ… ငါပျော်



လိုက်တာ ကြည်ဝိုင်းရာ” ဟူသောစကားများကို ဒေါ်ကြည်ဝိုင်း အကြိမ်ကြိမ်ပြန်လည်သတိရနေမိတော့သည်။ ဈေးတွင် ကြုံရာဝယ်ပြီး အိမ်ကို အမြန်ပြန်လာခဲ့သည်။ အိမ်တွင် ကိုစိုးတင့်မရှိတော့။ ကိုမြင့်သိန်းနာရေးကို သွားကူလုပ်ပေးနေသည်ဟု သိလိုက်ရသည်။

“သူသေငါပို့ပဲ… သူ့သူငယ်ချင်းဆိုတော့လည်း သွားမှာပေါ့”ဟု ဒေါ်ကြည်ဝိုင်း စိတ်ဖြေလိုက်သည်။

ပထမတစ်ရက် ကိုစိုးတင့်မူးလာသည်။

ဒုတိယတစ်ရက် ကိုစိုးတင့် သတိလက်လွတ်ဖြစ်လာပုံရသည်။ တစ်ညလုံးမအိပ်တော့။ ဆောင်းအအေးဒဏ်ကိုလည်း သူမမှုတော့။ တစ်ညလုံး ဂနာမငြိမ်ဖြစ်လွန်းသည်။ သြော် ဒီနေ့ သူ့သူငယ်ချင်း သင်္ဂြိုဟ်မည့်နေ့မို့ ပိုခံစားနေပုံရသည်ဟု ဒေါ်ကြည်ဝိုင်းက စိတ်ကိုထပ်ဖြေ လိုက်ပေမယ့် ရင်မှာတော့ အပူမီးဟပ်နေပြီဖြစ်သည်။

❧ ❧ ❧ ❧ ❧

ဒီကနေ့ ဒီဇင်ဘာ(၂၃)ရက်၊ နေ့လည်(၁၂း၀၀)နာရီလောက် ကြေးစည်သံများထွက်လာသဖြင့် ကိုမြင့်သိန်းအသုဘပို့ဆောင်မည့် မိတ် သင်္ဂဟများ ကိုမြင့်သိန်းအိမ်ကိုရောက်လာကြသည်။ ဒေါ်ကြည်ဝိုင်းလည်း သူသေငါပို့မို့ ရောက်လာဖြစ်သည်။ ဘာရယ်မဟုတ်ပေမယ့် ဒေါ်ကြည်ဝိုင်း စိတ်ထဲ ထိတ်ခနဲဖြစ်လိုက်ရပြန်သည်။ ကိုမြင့်သိန်းအိမ်ရှေ့ရှိ ရေစည်တွင် ဘာကိုရည်ရွယ်မှန်းမသိသည့် “အားလုံးကိုခေါ်သွားမယ်”ဟူသည့် စာကြောင်းကို မြင်လိုက်ရလို့ ဒေါ်ကြည်ဝိုင်းက-

“ဘယ်သူများ လက်ဆော့ရေးထားပါလိမ့်”ဟုပဲ တွေးလိုက်ပြီး စိတ်သက်သာရာကိုပြောင်းလိုက်သည်။ ကြေးစည်ထုလူစုသူတို့ကလည်း ကြေးစည်ကို အားရပါးရထုကြသည်။ လူငယ်တွေဆိုတာ ကြေးစည်ကို ထုချင်သလိုထု၊ တီးချင်သလိုတီးကြတော့ ကြေးစည်ထုဖုလည်း ဟက် တက်ကွဲပြီး လူစုကြေးစည်ဆက်မတီးနိုင်တော့။ အသုဘချဖို့ အချိန်တန်

လျက်နဲ့ အလောင်းတင်နိဗ္ဗာန်ယာဉ်က ရောက်မလာသေး။ အချိန်လင့်မှ ရောက်လာသဖြင့် မေးကြည့်တော့ လိပ်စာရှာမတွေ့ဘဲ ရှာပတ်နေ၍ဟု သိလိုက်ရသည်။ နိဗ္ဗာန်ယာဉ်ဝင်လာသည်နှင့် -

"ကိုမြင့်သိန်းရေ… သွားတော့နော်"ဟု ကိုစိုးတင့်၏ ဆို့ဆို့နင့်နင့် ပြောငိုသံကို ဒေါ်ကြည်ဝိုင်းလည်း ကြားသည်။ ဧည့်ပရိသတ်တွေလည်း ကြားသည်။ မြန်မာတို့က နာရေးကိုကူညီချင်ကြသည်။ ပို့ချင်ကြသည်။ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"ဆိုတဲ့ ဆုံးမစာကလည်းရှိလေတော့ အသုဘကို ဦးစားပေးပို့တတ်ကြသည်။ ကိုမြင့်သိန်း၏မိသားစုက နွမ်းပါးလို့ လူစီးကား (၂) စီးသာငှားနိုင်သည်။ ပို့လိုသူက မနည်းလှ။ မျှတလိုက်ကြမည်သာဖြစ်သည်။

တာဝန်ရှိသူများက အလောင်းကို နိဗ္ဗာန်ယာဉ်ပေါ်တင်ဖို့ လေးတိုင်စင်ပေါ်မှ မတင်လိုက်ကြတော့ ပြောမပြောချင်ပေါင်။ နာရေးသေတ္တာ (ခေါင်း)က တောင့်တောင့်တင်းတင်း မဟုတ်လေတော့ အောက်ပွင့်ပြီး အလောင်းထွက်ကျလာသည်အထိ ဖြစ်ရသည်။ အဆင်ပြေသလိုပြန်လည်စီမံပြီး ကိုမြင့်သိန်း၏နောက်ဆုံးခရီးအား သာကေတမြို့နယ် လယ်ရှာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်လိုက်ကြသည်။

❧ ❧ ❧ ❧ ❧

သိကြသည့်အတိုင်း နာရေးပို့ပြန်ကိစ္စက အလောင်းမီးစက်ထဲဝင်သွားပြီ ဆိုသည်နဲ့ အပြန်ခရီးအတွက် မိမိစီးခဲ့တဲ့ကားဆီကို ပြေးသူကပြေး၊ လုတက် သူကတက်နှင့် နာရေးပို့ပုံစံမဟုတ်တော့ဘဲ အပျော်ခရီးပုံစံမျိုး ဖြစ်သွားကြသည်။

ယခုလည်းကြည့်… ကိုမြင့်သိန်း နာရေးပို့သူကများ၊ ကားက (၂) စီးထဲဆိုတော့ ကားကောင်းကိုရွေးပြီး အလုအယက်တက်လိုက်ကြတာ ဘီအမ်ဟီးနိုး ၁က/၅၃၄၈ ကားပေါ်တွင် အလာတုန်းကထက် လူက ပိုများနေပုံရသည်။ ဘီအမ်ဟီးနိုး ၁က/၅၃၄၈ ကားက ဆေးသစ်၊ အင်ဂျင်သစ် ရွှရွှကြွကြွလေးဆိုတော့ နာရေးပို့သူတွေ အပြန်ခရီးတွင် ကားရောင်



အသစ်ကလေးပေါ် ပိုတက်လာခြင်းဖြစ်နိုင်သည်။ အပြည့်အသိပ်၊ တိုးလို့ တွဲလောင်းထိပါလာသည်။ လူ (၈၀) ထက်မလျော့၊ အတူပါလာသော ကားကလည်း ဘယ်အချိန် ထွက်သွားမှန်းမသိသောကြောင့်လည်း ဘီအမ်ကားပေါ် စုပြုံရောက်လာခြင်းလည်း ဖြစ်နိုင်သည်။

သာကေတ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) ဆက်သွယ်ထားသည့် ဧရာဝဏ်လမ်းမကြီးအတိုင်း မောင်းပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) သို့ ဦးတည်လာနေသော ၁က/၅၃၄၈ ဘီအမ်ဟီးနိုးကားသည် အရှိန်ပြင်းစွာနှင့်မောင်းလာသည်ကို အချို့လူငယ်များက "ဟေးဟေး … ဟားဟား"နှင့် အားပေးသည်။ အချို့ကသဘောကျကြသည်။ အချို့က သမ္မုဒ္ဒေရွတ်သူက ရွတ်ကြသည်။ အရှိန်လျှော့မောင်းရန် အော်သူကအော်ကြသည်။ မြန်မြန်ရောက်ရန် ပင့်ပေးသူကပင့်ပေးသည်။

ကားမှာ အရှိန်လျှော့သည်မရှိ။ အရှိန်သည် ပို၍ပို၍ မြင့်တက်လာသည်။ လယ်ရှာသုသာန်မှအထွက်တွင် တစ်နာရီလျှင် ကီလို (၃၀) (၄၀) ထက် မပို။ ပဲခူးမြစ်လမ်းဆုံလောက်ရောက်တော့ ကီလို (၇၀) (၈၀) ရှိနေပြီဖြစ်ကြောင်း ဒိုင်ခွက်ကပြနေသည်။ အရှိန်လျှော့ဖို့ အော်သူများက အော်ကြ၊ ပိုမောင်းဖို့မြှောက်ပေးသူက မြှောက်ပေးသဖြင့် ကီလို (၈၀) အောက် လုံးဝမဆင်းတော့။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူက အဘယ်သူနည်း။ ယာဉ်မောင်းဟုပင်ဆိုမည်။ ဧရာဝဏ်လမ်းသည် ကားရှင်းသော ကွန်ကရစ်ကျောက်လမ်းဖြစ်သည်။ လမ်းတစ်လျှောက်တွင် လမ်းမကြီးငယ် ဖြတ်လမ်း(၅)ခုလောက်ရှိသည်။ ပုံမှန်အားဖြင့် ကီလို(၃၀)(၄၀)ထက် ပိုမမောင်းသင့်ပေ။ လမ်းမကြီးဖြတ်လမ်းနားရောက်လျှင် အရှိန်ပို၍ လျှော့ရမည်ဖြစ်သည်။ ပို၍ဂရုစိုက်သင့်သည်မှာ တစ်ဆင့်ချိုးအကွေ့များ၊ ဘယ်ချိုး၊ ညာချိုးရှိသည့်အခါများတွင် အရှိန်ကိုလျှော့ရမည်ဖြစ်သည်။ ဂီယာပြောင်းကို ပြောင်းရပေမည်။ ယခုတော့ ကားက အရှိန်မလျှော့၊ ဂီယာမပြောင်း၊

ကံအားလျော်စွာ လမ်းမကြီးဖြတ်လမ်းကြီးများတွင် အခြားကားနှင့်မကြုံ၊ မဆုံ တော်သေးရဲ့။

ဇရာဝဏ်မှ ဒဂုံတောင်ဘက်ဝင်လျှင် နှစ်ဆစ်ချိုးလမ်းကွေ့ မလွဲမသွေတွေ့မည်။ အရှိန်မလျှော့၍မဖြစ်၊ ဂီယာမပြောင်း၍လုံးဝမဖြစ်။ သို့သော် ရောက်ရန်နီးသထက် နီးလာသော်လည်း ယာဉ်မောင်းသည် အရှိန်ကို လုံးဝမလျှော့၊ ဂီယာကို မပြောင်း…

ဟော… ရောက်ပါတော့မည်။ ရှေ့တွင်လက်ဝဲနှစ်ဆစ်ချိုးကွေ့ ရောက်တော့မည်။ ခရီးသည်တွေရဲ့ ကြောက်လန့်တကြား ကြောက်မက် ဖွယ်အော်သံများက ဘဝင်္သို့ညံနေတော့သည်။ ကားကတော့ အရှိန်မြင့်နေ ဆဲ။ တစ်ဆစ်ချိုးအကွေ့ကို အရှိန်နှင့်ပင် ကွေ့ချလိုက်သည်။

“ဒုန်း… ဒုန်း… ဒုန်း”ဟူသော ကြောက်မက်ဖွယ်အသံကြီးများ နှင့်အတူ ကယ်ပါ ယူပါ တစာစာအော်နေသော အမင်္ဂလာအသံများက ပတ်ဝန်းကျင် အမှတ်(၂၀) ရပ်ကွက်ရှိ ပြည်သူများထံ ရောက်ရှိလာတော့ သည်။ ဘီအမ်ကား လမ်းပေါ်မှ ချောက်ထဲကျပြီး ကားမှာကျွမ်းထိုးပြီးမှ ရပ်သွားတော့သည်။ ရပ်သွားတော့ ကားဘီးများကမိုးမျှော်နေပြီး ကားအမိုး များက ပြိုပျက်နေတော့သည်။ အိုင်ထွန်းနေသော သွေးများကြားတွင် တော့…

| | | |
|---|---|---|
| ဦးစိုးတင့် | (၅၉)နှစ် | ရပ်ကလာပ် |
| မောင်သန်းစိုး | (၃၀)နှစ် | ရပ်ကလာပ် |
| ဒေါ်စန်းရီ | (၆၀)နှစ် | ရပ်ကလာပ် |
| ဒေါ်စန်းစန်းမြင့် | (၅၀)နှစ် | ရပ်ကလာပ် |
| ဒေါ်မြတင် | (၆၇)နှစ် | ရပ်ကလာပ် |
| မောင်ဇော်မိုး | (၂၆)နှစ် | ရပ်ကလာပ် |



နာရေးသေတ္တာ(၆)ခုဘေးတွင် အစီအရီတွေ့လိုက်ရသော ရပ်ကလာပ်ပိုင်ရှင်အမည်များနှင့် အသက်များက အသုဘရှုလာရောက်ကြ သူများအား သံဝေဂတရားများ ရရှိစေသလို ထိတ်လန့်စေဖွယ်လည်းဖြစ်ပါ သည်။ ဦးစိုးတင့်နှင့် မောင်သန်းစိုးသည် သားအဖအရင်းများဖြစ်ပြီး အတူနေဖြစ်ကြသဖြင့် မိသားစုများ အဘယ်မျှခံစားကြေကွဲနေကြမည်ကို မှန်းဆကြည့်နိုင်ပါသည်။

ပိုဆိုးသည်က သေဆုံးသူ(၆)ဦးစလုံး တစ်ရပ်ကွက်တည်းသားတွေ တစ်မြေထဲနေ တစ်ရေထဲသောက်တွေ ဖြစ်သဖြင့် နာရေးအိမ်တွေက တန်းစီနေသလို တွေ့ရသည်။ လမ်းသူ/လမ်းသားများ၊ တွေ့ရသူများအနေ ဖြင့် စိတ်မချမ်းမြေ့ကြပေ။

သဃ်န်းကျွန်းစံပြဆေးရုံကြီးနှင့် အခြားဆေးရုံများတွင် သွေးသံရဲရဲ ဖြင့် သေမင်းနှင့်ရင်ဆိုင်ပြီး အတွင်းလူနာအဖြစ် တက်ရောက်ကုသနေရသူ (၆၅)ဦး၏မိသားစုများ၏ ပရိဒေဝမီးများကလည်း အတော်နှင့်ငြိမ်းနိုင်ဖွယ် မရှိ။ ပွန်းပဲ့ဒဏ်ရာရသူ(၉)ဦးသည်လည်း ကျန်းမာသန်စွမ်းလာအောင် အတော်ပင်ထူထောင်ရပေဦးမည်။

ဤအနိဋ္ဌာရုံမြင်ကွင်းများကို ဖန်တီးသူမည်သူနည်း။

ယာဉ်မောင်း ကံဝင်း ဖြစ်သည်။ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုမရှိသောကြောင့်ဖြစ်သည်။ အရှိန်မြင့်စွာမောင်းခြင်း၊ လမ်းစည်း ကမ်းအတိုင်း အကွေ့လမ်းရောက်နေပါလျက် အရှိန်မလျှော့ခြင်းများကြောင့် အန္တရာယ်များနှင့် ရင်ဆိုင်ရပြီး မိသားစုများစွာ သောကပင်လယ်ဝေခဲ့ရခြင်း ဖြစ်ပေသည်။ ဤအဖြစ်မျိုးထပ်မံမဖြစ်ပွားစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အန္တရာယ်ကင်းရန် တို့ရှေးရှုရမည် ဖြစ်ပေမည်။

# စွန့်လွှတ် စွန့်စားသူတို့၏ အောင်ပွဲ

> **ဝန်ခံကတိပြုလွှာ**
>
> ဤဝတ္ထုတိုဇာတ်လမ်းသည် ကိုယ်တိုင်ရေးစာမူဖြစ်ပါသည်။ သို့သော် စာရေးသူ၏ အတွေ့အကြုံ ဘဝမှတ်တမ်းများနှင့် စာရေးဆရာ တင်သန်းဦး၏ မဲသဝေါတိုက်ပွဲအား ကိုးကားရေးဖွဲ့ထားပါကြောင်း ဝန်ခံကတိပြုပါသည်။
>
> စာရေးသူ

ဗိုလ်မှူးချုပ်မောင်လှအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) တာဝန်ယူထားသူ ဗိုလ်ချုပ်ကြီးသန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီးသန်းရွှေ) က (၄.၁၁.၈၈) နေ့တွင် အသေးစိတ် နှုတ်မိန့်ပေးခဲ့သည်။ မဲသဝေါဒေသတိုက်ပွဲကြီးကို ဗိုလ်မှူးချုပ်မောင်လှကကွပ်ကဲ၍ တိုက်ခိုက်သွားရန်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးသန်းရွှေက−

**"မိုင်းယန်းတိုက်ပွဲနဲ့ မဲသဝေါတိုက်ပွဲဟာ နိုင်ငံတော်အတွက် သိပ်အရေးကြီးနေတယ်။ မိုင်ယန်းကျသွားရင်း ဗကပတွေ ကျိုင်းတုံအထိ ဆင်းလာမယ်။ မုံးကိုးကလည်း ရွှေလီချိုင့်ဝှမ်းထဲအထိ ထိုးစစ်ဆင်မယ်။ မဲသဝေါကျရင် နိုင်ငံရေးအရ အခွင့်ကောင်းယူလာတာတွေရှိမယ်။ ကျွန်တော်တို့နိုင်ငံဟာ သုံးပိုင်းကွဲရတော့မယ့်အခြေအနေရှိနေတယ် ကိုလှ၊ တစ်ပိုင်းကို ဗကပတွေကထိန်းချုပ်ထားမယ်၊ တစ်ပိုင်းကို အနောက်အုပ်စုက ထောက်ခံတဲ့အင်အားစုတွေက ထိန်းချုပ်ထားမယ်။ ကျွန်တော်တို့တပ်မတော်ဟာ လက်ဝဲလက်ယာအုပ်စုတွေကြားထဲမှာ နှစ်ဖက်ညပ်နေလိမ့်မယ်။ ခွဲထွက်တဲ့သူတွေလည်း ရှိဦးမယ်။ မိုင်းယန်းတိုက်ပွဲကို ကျွန်တော်ကိုယ်တိုင် ကွပ်ကဲထားတယ်။ မဲသဝေါက ခင်ဗျားရဲ့တာဝန်ပဲ"** ဟု ပြောခဲ့သော စကားများကိုလည်း သတိထားရသည်။

ဗိုလ်မှူးချုပ်မောင်လှသည် မဲသဝေါတိုက်ပွဲအပေါ် အမြန်ဆုံးစစ်ရေးသုံးသပ်ရာ အုံ့ကျော်ကုန်းကျဆင်းခြင်းသည် အလစ်၊ အငိုက်မိသွားခြင်း၊ ရန်သူသည် နယ်မြေသိမ်းတိုက်ပွဲ ဆင်နွှဲလာခြင်း၊ မိုးမကုန်သေးသဖြင့် သွားလာဆက်သွယ်မှု ခက်ခဲနေချိန်များနှင့် တိုက်ဆိုင်နေခြင်းများကို ရန်သူက အခွင့်ကောင်းယူခြင်းဟု သုံးသပ်မိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အမှာစကားအရ ဗိုလ်မှူးချုပ်မောင်လှက−

**"ဒီတိုက်ပွဲဟာ နိုင်ငံရေးပါတယ်၊ တိုင်းပြည်ပြိုကွဲသွားတဲ့အထိ အန္တရာယ်ကြီးတယ်။ တစ်ကမ္ဘာလုံးသိအောင် သတင်းထုတ်ပြန်ပြီး ဖြောင်ကြေညာထားတယ်။ ဒီလိုဒီလို ဖြစ်နေပါတယ်လို့ပြောပြီးမှ ရှုံးလို့မဖြစ်ဘူး၊ အရှက်ကွဲခံလို့မဖြစ်ဘူး၊ အစွမ်းကုန်တိုက်ရမယ်"**

**"လက်ရှိ ခင်ဗျားတို့တိုက်နေတဲ့ပုံက ဟိုနားနည်းနည်း ဒီနားနည်းနည်းနဲ့ ငါးစာချသလို တိုက်နေတာမျိုး တွေ့ရတယ်။ ဒါကြောင့် နေရာအနှံ့အပြားတိုက်နေတာတွေကို ရပ်ပစ်လိုက်ပါ။ ကိုယ့်အတွင်းစည်းကို ကျူံဝင်နေတဲ့၊ ကိုယ့်တပ်ချင်း ဆက်သွယ်မှုပြတ်တောက်အောင် လုပ်လာနေတဲ့ရန်သူကို အရင်ဆုံးတိုက်ဖို့လိုတယ်။ အထူးသဖြင့် သိန်းလွင်ကုန်းကို အရင်တိုက်။ အခုပေးခဲ့တဲ့ လက်နက်ကြီးတွေကိုသုံးပြီး ချေမှုန်းပါ"**

**“ဒီတိုက်ပွဲမနိုင်ရင် ငါကအစ တာဝန်ရှိတဲ့သူအားလုံး ထွက်စာတင်ပြီး နုတ်ထွက်ကြရမယ်၊ ဒါပဲ။”**ဟု ပြောချလိုက်သည်။

☆ ☆ ☆ ☆ ☆

ရေတန်းမှအရာရှိအချို့အစား ဗျူဟာမှူးအသစ်အဖြစ် ဒုတိယဗိုလ်မှူးကြီးတင့်လွင် (ယခု ဗိုလ်မှူးချုပ်တင့်လွင်)၊ ဒုတိယဗိုလ်မှူးကြီးအောင်သိန်း (ယခု ဗိုလ်မှူးချုပ် အောင်သိန်း) နှင့် တပ်ရင်းမှူးအသစ်အချို့ ရှမ်းရွာသစ်မှတစ်ဆင့် မဲသဝေါဒေသသို့ ရောက်ရှိလာကြသည်။

## ရှေ့တန်းဌာနချုပ်စခန်း

ပွိုင့် (၈၆၅) သည် ရှေ့တန်းဌာနချုပ်စခန်းကြီးဖြစ်သည်။ ပွိုင့် (၈၆၅) နှင့် မောရလီသည် မျဉ်းဖြောင့်ဆိုပါက နှစ်မိုင်ပင်မဝေး။

မိမိစစ်သည်များအား ပွိုင့် (၁၆၀၁) ပေါ်မှ ရန်သူများက နောက်ပွင့်ရိုင်ဖယ်(လ်) ဖြင့် လှမ်း၍ပစ်ခတ်နေသည်။ သို့သော် ပွိုင့် (၈၆၅) ပေါ်မှ စစ်သည်များမှာ ဣန္ဒြေမပျက်ကြပေ။ ရန်သူတို့၏လက်နက်ကြီးကျည်များသည် ပွိုင့် (၈၆၅) ၏အရှေ့ဘက် လျှိုထဲသို့သာ ကျရောက်ပေါက်ကွဲသောကြောင့် ဖြစ်သည်။

မောရလီသည် ပွိုင့် (၈၆၅) ၏ ညာတွင်ရှိပြီး ပွိုင့် (၉၆၂) သည် ဘယ်တွင်ရှိသည်။

ရန်သူသည် ခံစစ်အနေအထားသို့ ပြောင်းလဲသည်။ ရန်သူများသည် ၎င်းတို့သိမ်းပိုက်ထားသောနေရာများကို လက်မလွှတ်ရအောင် ခံစစ်ယူထားကြခြင်းဖြစ်သည်။



ပွိုင့် (၁၇၇၈) နှင့် တောင်သုံးလုံးကြောတစ်ဝိုက်တွင် ရန်သူ (၄၀၀) ခန့်၊ အုံ့ကျော်ကုန်းတွင် ရန်သူ (၁၀၀) ခန့်၊ ကဆာနလီစခန်းပေါ်တွင် (၁၀၀) ခန့်က အခိုင်အမာခံစစ်ယူထားသည်။ မဲသဝေါပင်မစခန်းတွင်လည်း (၁၀၀) ခန့်၊ အနီးပတ်ဝန်းကျင်တောင်ကုန်းတွေမှာ (၁၅၀)ခန့်၊ မယ်ပေါ်ထချောင်းဆုံအနီး ပွိုင့် (၂၉၀) နှင့် ပွိုင့် (၁၆၀၁) တွင် (၁၅၀)ခန့်၊ ပွိုင့် (၂၉၆၅) နှင့် ပွိုင့် (၃၃၂၅) တစ်ဝိုက်တွင် (၁၀၀) ခန့်၊ စုစုပေါင်းရန်သူအင်အား (၁၂၀၀) ခန့်ရှိနေသည်။ ဂျော်ဖြူနှင့် ရန်သူ (၄၀၀) ခန့်က နောက်ပိုင်း ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်တိုက်ခိုက်သည်။ ရန်သူသည် အင်အား (၂၀၀၀) ခန့်ကို ပံ့သေထိန်းထားနိုင်သည်။ ရန်သူတပ်သားတစ်ဦးသည် သုံးရက်တိုက်ပြီး သုံးရက်နားခွင့်ရသည်။ သုံးရက်နားပြီးမှ သုံးရက်ပြန်တိုက်သည်။

မဲသဝေါ ပင်မစခန်းနှင့် ကဆာနလီတောင်ကြောပေါ်မှ လက်နက်ကြီးများက မောရလီတောင်ကြောပေါ်သို့ ကျရောက်လာပြန်သည်။ မိမိရဲဘော်များသည် အပေါ်လုံမြေစိုက်ဘန်ကာများ၊ မြေအောက်ဥမင်များအတွင်း ခိုအောင်းနေကြရပြန်သည်။ လျှောက်မြောင်းများအတိုင်း ပြေးလွှားကာ ပစ်ကျင်းထဲဆင်းကြရသည်။ ကျောက်တောင်ကုန်းပေါ်တွင် ရန်သူသည် ရင်ဆိုင်ထိန်းချုပ်ထားဆဲပင်ဖြစ်သည်။ ကျောက်တောင်ကုန်းကို သူတစ်ဝက်၊ ကိုယ်တစ်ဝက်ပိုင်သည်။

ရဟတ်ယာဉ်ကွင်းအနီးတွင် လူနာတွေ တန်းစီပြီးစောင့်နေရသည်။ မိမိလူနာများမှာ အခြေအနေဆိုးသူတွေချည်းဖြစ်သည်။ သတိမရသူကများသည်။ သတိရသူတွေက အော်ဟစ်ညည်းညူနေကြသည်။ ဒဏ်ရာများကလည်း မမြင်ဝံ့စရာဖြစ်သည်။

မဲသဝေါဒေသတိုက်ပွဲအား အနီးကပ်ကြီးကြပ်ရသူ စစ်ဆင်ရေး

ကွပ်ကဲမှုအဖွဲ့မှူးဖြစ်သူ ဗိုလ်မှူးချုပ်မောင်လှသည် ဘားအံမှထွက်ခွာလာစဉ်က ကျောပိုးအိတ်တစ်လုံးသာ ယူလာခဲ့လေသည်။ သူ့တွင် စစ်ဝတ်စုံအပိုပင်မပါဘဲ ပုဆိုးတစ်ထည်နှင့် ခြင်ထောင်၊ စောင်တို့သာ ပါသည်။ ဗိုလ်မှူးချုပ်အဆင့်ရှိသော တပ်မတော်အရာရှိတစ်ဦးပင်ဖြစ်သော်လည်း အကူရဲဘော် မခေါ်ခဲ့ပေ။ ဗိုလ်မှူးချုပ်မောင်လှသည် ရဟတ်ယာဉ်ပေါ်တွင် ခဲယမ်းများနှင့် ရဲဘော်များအတွက် သက်သာချောင်ချိရေးပစ္စည်းများကိုသာ ဦးစားပေးပြီး တင်လာစေသည်။ ထို့နောက် သူသည် ရှမ်းရွာသစ်မှ ပို့င့် (၈၆၅) သို့တက်လာပြီး တိုက်ပွဲကို မျက်မြင်အနေအထားဖြင့် ကွပ်ကဲသည်။

စစ်သားပီသသော ဗိုလ်မှူးချုပ်မောင်လှအား တပ်မတော်သားတိုင်းက၊ ရဲဘော်တိုင်းက ချစ်ကြသည်။ အချို့ရဲဘော်များမှာ သူ့သတင်းကြားပြီး မြင်ဖူးချင်ကြသည်။ သူသည် တိုက်ပွဲတွင်းခေါင်းဆောင်မှုကို ထိထိရောက်ရောက်ပေးနိုင်သည်။

ရန်သူတွေလှမ်းပစ်သော လက်နက်ကြီးကျည်များသည် သူနှင့် မလှမ်းမကမ်းအထိ ကျရောက်ပေါက်ကွဲသည်။ သူကား ဂရုစိုက်ဟန်မပြပေ။ သူသည် တိုက်ပွဲအပေါ် အပြန်ပြန်အလှန်လှန်သုံးသပ်၍နေသည်။

ဗိုလ်မှူးချုပ်မောင်လှသည် တိုက်ပွဲအားသုံးသပ်ပြီးသည်နှင့် ခမရ (၃) တပ်ရင်းမှူးနှင့်တကွ တပ်ခွဲမှူးများကို ပို့င့် (၈၆၅) သို့ခေါ်ယူပြီး–

**“ရှင်းရှင်းပြောရရင်တော့ ငါတို့တပ်တွေရဲ့ စိတ်ဓာတ်အခြေအနေကို ငါ အားမရဘူး၊ စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့လိုတယ်၊ ရန်သူကို သွားတိုက်လိုက်ရင် ကွဲတာပဲဆိုပြီး မတိုက်ရဲလို့မဖြစ်ဘူး၊ ဒီတော့ မင်းတို့တပ်ရင်းက စံပြ နမူနာပြ တိုက်ပွဲတစ်ပွဲ တိုက်ပြကြရမယ်၊ တိုက်ပွဲအတွက် စိတ်ဓာတ်မြှင့်တင်ပေးဖို့ကတော့ တိုက်ပွဲပဲရှိတယ်”**



**“မင်းတို့တပ်ဟာ မဲသဝေါဒေသကို မစိမ်းပါဘူးကွာ၊ (၁၉၈၀) ပြည့်နှစ်က ငါနဲ့အတူတူ မဲသဝေါစခန်းကို ရန်သူ့လက်ထဲကရအောင် တိုက်ခဲ့ကြသေးတာပဲ၊ အဲဒီတုန်းကရဲဘော်တွေဟာ အခု ငါရွေးပေးတဲ့ ရည်မှန်းချက်ကို အကြိမ်ကြိမ်ရောက်ဖူးခဲ့ကြတယ်၊ မင်းတို့ တိုက်နေတဲ့အချိန်မှာ ပတ်ပတ်လည် တခြားတပ်ကရဲဘော်တွေကို ကြည့်ခိုင်းထားမယ်၊ တပ်မတော်ရဲ့ အား၊ တပ်မတော်ရဲ့ စွမ်းပကားတွေကို လက်တွေ့ မြင်ရပြီး တိုက်ချင်စိတ်၊ ခိုက်ချင်စိတ်တွေ တဖွားဖွားပေါ်လာအောင် မင်းတို့တိုက်ပြ၊ ဒါကြောင့် မင်းတို့နောက်ပြန်ဆုတ်လာလို့မဖြစ်ဘူး၊ မရ ရအောင် တိုက်ကြရမယ်။”**

**“အေး… မရရင်တော့ မင်းတို့အားလုံးကို အရေးယူမယ်၊ တစ်ခြားတပ်တွေနဲ့ လဲပြီး တိုက်မယ်၊ တိုက်ပြီးလို့ရပြီဆိုတော့မှ ငါ့မှာလည်းတာဝန်ရှိတဲ့အတွက် အထက်ကိုတင်ပြပြီး ငါ့ကိုလည်း အရေးယူခိုင်းမယ်၊ ငါဆိုလိုတာက မင်းတို့တိုက်လို့မရဘူးဆိုရင် မင်းတို့ကိုချည်းပဲ အရေးယူခိုင်းမှာမဟုတ်ဘူး၊ ငါလည်း အရေးယူခံမှာပဲ၊ ဒါပေမဲ့ ငါကတော့ တခြားတပ်နဲ့ရအောင်တိုက်ပြီးမှ အရေးယူခံမယ်၊ ငါ မင်းတို့ အပေါ်မှာ ခေါင်းမရှောင်ဘူး၊ ခေါင်းဆောင်မယ်။”**

**“ဒီမှာ… တင်ထွန်း၊ မင်းတို့တိုက်တာကို ငါကြည့်နေမယ်၊ တိုင်းပြည်နဲ့ တပ်မတော်အတွက်ဖြစ်တာကြောင့် တကယ်စွန့်စားတဲ့သူကို ချီးမြှင့်မယ်၊ နောက်တွန့်တဲ့သူကို ပြတ်ပြတ်သားသား အရေးယူမယ်၊ ညှာလို့မဖြစ်ဘူး၊ အခုအချိန်ကစပြီး ထမင်းဝအောင်စားထားကြ၊ အားရှိအောင်နေ၊ လူ၊ လက်နက်ခဲယမ်းတွေ သေသေချာချာပြင်ဆင်စုဖွဲ့ထား၊ တိုက်ပွဲအတွက် ပြင်ထား၊ နယ်မြေကို အနီးကပ်လေ့လာကြ၊ အသေးစိတ်ပြင်ဆင်ကြ၊ ငါပြောချင်တာ ဒါပဲဟေ့။ ကဲ… ဆက်လုပ်ကြ။”**

ဗိုလ်မှူးချုပ်မောင်လှ ရွေးချယ်ပေးလိုက်သော ရည်မှန်းချက်နေရာမှာ ရန်သူများအဖို့ရော၊ မိမိတပ်များအတွက်ပါ မထင်မှတ်သော ရည်မှန်းချက်ဖြစ်သည်။

ပွိုင့် (၈၆၅) ၏ အရှေ့စူးစူး မယ်ပေါ်ထချောင်း တစ်ဖက်ကမ်းတွင် ပွိုင့် (၁၆၀၁) ရှိနေပြီး ရန်သူတို့၏ အခိုင်အမာခံစစ်စခန်းဖြစ်သည်။ မောရလီမှ ခလရ (၈၀) သည် မယ်ပေါ်ထချောင်းကိုဖြတ်ကူးပြီး ပွိုင့် (၁၆၀၁)ကိုတိုက်ရန် ကြိုးစားပြီးပေပြီ။ ပွိုင့် (၈၆၅) နှင့် ပွိုင့် (၁၆၀၁) အကြား မယ်ပေါ်ထ၏အနောက်ဘက် တောင်ကြောပေါ်တွင် ရန်သူအချို့ရှိနေသည်။ ထိုတောင်ကုန်းသည် ပွိုင့် (၈၆၅) နှင့် တစ်မိုင်သာသာခန့်သာ ဝေးမည်ဖြစ်သော်လည်း ချောင်းငယ်မြောင်းငယ်များ၊ လျှိုမြောင် ချောက်ကမ်းများ ထူထပ်သဖြင့် သွားလာရခက်ခဲသည်။ သို့သော် ကားလမ်းကို စိုးမိုးနေသည်။ ထိုကျောက်တောင်ကုန်းမှာ သိန်းလွင်ကုန်းပင် ဖြစ်သည်။

အမှတ် (၃) ခြေမြန်တပ်ရင်းမှ ယာယီတပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးတင်ထွန်းသည် နိုဝင်ဘာလမကုန်မီကပင် ရန်သူ့တောင်ကုန်းအား အနီးကပ်ချဉ်းကပ်၍ မြေပြင်နေအထားသုံးသပ်ခြင်း၊ တိုက်စစ်မျက်နှာစာရွေးခြင်းတို့ကိုတင်ပြုလုပ်ခဲ့ရသည်။ (၁၉၈၈) ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့၊ နံနက် (၈) နာရီတွင် စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူးက ပွိုင့်(၈၆၅) ၌ နှုတ်မိန့်ပေးသည်။ အမြောက်ပစ်ကူ လက်နက်ကြီးပစ်ကူတွေ အသေးစိတ်ပင်ညှိနှိုင်းပေးသည်။

မွန်းလွဲ (၃) နာရီမှစ၍ အမြောက်ပစ်ကူနှင့် လက်နက်ကြီးပစ်ကူတို့ စတင်သည်။ ရန်သူ၏မျက်နှာစာကို အလယ်မှဖြတ်၍ပစ်ခတ်ရာ ရန်သူသည် နှစ်ပိုင်းကွဲသွားသည်။ လက်နက်ကြီးပစ်ကူမှာ ယခင့်ယခင်တုန်းကနှင့်မတူ၊ ဗုံးသီးများသည် ရန်သူများအပေါ် အစုလိုက်အပြုံလိုက် ပြိုင်တူ



ကျရောက်ပေါက်ကွဲသည်။ ဘယ်နှစ်လုံးကွဲလို့ကွဲမှန်း မသိအောင်ပင် ပစ်ခတ်ခြင်းဖြစ်သည်။ မဲသဝေါတိုက်ပွဲတစ်လျှောက်လုံးတွင် မကြုံစဖူးလောက်အောင် အပစ်ခံရသောရန်သူသည် ထိတ်လန့်တုန်လှုပ်သွားရသည်။ စစ်သည်များလည်း မိမိတို့၏ပေါက်ကွဲသံများကြောင့် စိတ်ဓာတ်တက်ကြွကာ ရန်သူရှိရာသို့ ရဲဝံ့စွာချဉ်းကပ်သွားကြသည်။

ညနေ (၄) နာရီတွင် ခမရ (၃) သည် ရန်သူနှင့် လက်နက်ငယ်တစ်ကမ်းသို့ရောက်ပေပြီ၊ ရဲဘော်များသည် စက်လတ်၊ လောင်ချာ၊ စိန်ပြောင်းတို့ဖြင့် မီးကုန်ယမ်းကုန်ပစ်တော့သည်။ ကျည်ဆန်အတွက် စိတ်မပူရ။

ဗိုလ်မှူးတင်ထွန်းက ဗိုလ်မြင့်သူဦးစီးသော လက်ရွေးစင်တပ်စုတစ်စုကိုထုတ်သည်။ ထို့နောက် ထွေးလုံးရစ်ပတ်၍ လုံ့စွပ်ထိုးတိုက်ခိုက်ရန် ညွှန်ကြားလိုက်သည်။

"ကျား… ကျား… ကျား"

ဗိုလ်မြင့်သူနှင့် ရဲဘော်များသည် ရန်သူရှိရာသို့ ပစ်ရင်းခတ်ရင်း၊ အတင်းပြေးတက်တော့သည်။ ဗိုလ်ကြီး ခင်မောင်ရီ ဦးစီးသော တပ်ခွဲ (၂) က နောက်မှကပ်လိုက်သွားသည်။ မြေအနေအထားမှာ တပ်စိတ်တစ်စိတ်သာ တပ်ဖြန့်နိုင်သောကြောင့် ရဲဘော်များများစားစား ရင်ပေါင်တန်း ပြေးတက်လို့ မရ။

"တပ်ခွဲ (၃) ကွ…"

"တပ်ခွဲ (၂) ကွ…"

"ခမရ (၃) ကွ…"

"တပ်မတော်ကွ…"

“တပ်မ (၄၄) လာပြီဟေ့...”

မိနစ် (၂၀) အတွင်း ရန်သူတို့၏ ရှေ့ခံစစ်စည်း ကျိုးသွားပြီး ရန်သူတွေ ပြိုကျသွားသည်။ နောက်ထပ် (၁၀) မိနစ်အတွင်း ရန်သူ့တောင်းကုန်းကို လက်ရသိမ်းပိုက်နိုင်ခဲ့သည်။ ရန်သူ့သွေးများမှာ အိုင်ထွန်းနေသည်။

ခမရ (၃) သည် ရန်သူ့တောင်ကုန်းအား တစ်ညလုံးသိမ်းပိုက်ထားပြီး နောက်တစ်နေ့ ဒီဇင်ဘာလ (၈) ရက်နေ့၊ နံနက် (၈) နာရီတွင် အောင်မြေချဲ့ထွင်တော့သည်။ ရန်သူသည် ဘေးပတ်ဝန်းကျင်တောင်ကုန်းများမှပါ ဆုတ်ခွာပြေးကုန်သည်။

ခမရ (၃) သည် မယ်ပေါ်ထချောင်း အရှေ့ဘက်ကမ်းမှနေ၍ အနောက်ဘက်ကမ်းရှိ ပွိုင့် (၁၆၀၁) ကို ခြိမ်းခြောက်ထားနိုင်လေပြီ၊ ထိုတိုက်ပွဲသည် စစ်သည်တို့၏ ရဲစိတ်ရဲမာန်ကို မြင့်မားသွားအောင် မြှင့်တင်ပေးလိုက်သည့် တိုက်ပွဲလည်းဖြစ်သည်။

M M M M M

## တိုက်ယူခဲ့ရသော ပွိုင့် ၁၇၇၈

ဗိုလ်မှူးချုပ်မောင်လှသည် ပွိုင့် (၈၆၅) ပေါ်တွင် ရှိနေသော လက်နက်ကြီးနှင့် အမြောက်အားလုံးကို ပွိုင့် (၁၇၇၈) ပေါ်သို့ စုပြုံ၍ ပစ်ခတ်စေသည်။ (၇၆) မီလီမီတာအမြောက်တွေ အပြိုင်အဆိုင်ပစ်ခတ်ကြသည်။ (၁၂၀) မီလီမီတာ စိန်ပြောင်းကြီးကျည်များ တစ်လုံးပြီးတစ်လုံး လေထဲသို့ ပျံဝဲတက်သွားသည်။ ပွိုင့် (၁၇၇၈) မှ ရန်သူများသည် ကြွဲကြွဲခံနေဆဲပင်ဖြစ်သည်။



ပွိုင့် (၁၇၇၈) သည် ရန်သူတို့၏ဘိန်းစခန်းနှင့် အုံ့ကျော်ကုန်းစခန်း၏အကြားတွင်ရှိနေလေရာ အုံ့ကျော်ကုန်းစခန်းကျဆုံးသည်နှင့် လုံခြုံမှုမရှိပေ။ ထို့ကြောင့် ခလရ (၇၆) က စက်တင်ဘာလ (၂၈) ရက်နေ့ကတည်းက စွန့်လွှတ်ခဲ့ရသောတောင်ကုန်းဖြစ်သည်။ အောက်တိုဘာလနောက်ဆုံးပတ်တွင် ခလရ (၇၈) နှင့် ခလရ (၈၁) တို့က ပွိုင့် (၁၇၇၈) ကို ပြန်တိုက်ကြသည်။ မရခဲ့၊ နိုဝင်ဘာလ (၈) ရက်နေ့မှ နိုဝင်ဘာလ (၁၄) ရက်နေ့အထိ ခမရ (၇) က တက်တိုက်သည်။ ထို့နောက် ရင်ဆိုင်ထိန်းချုပ်ပြီး အပြန်အလှန်ပစ်ခတ်တိုက်ခိုက်နေကြရသည်။ ယခုတော့ ပွိုင့် (၁၇၇၈) သည် ရန်သူ့ထက်ထဲတွင် ရှိနေဆဲ။

အမှတ် (၆) ခြေမြန်တပ်ရင်း စစ်ကြောင်း (၂) သည် နိုဝင်ဘာလ (၁၅) ရက်နေ့မှစ၍ အမှတ် (၇) ခြေမြန်တပ်ရင်းကို အစားထိုးလဲလှယ်ကာ ပွိုင့် (၁၇၇၈) ကို ရင်ဆိုင်ထိန်းချုပ်ထားရသည်။ စစ်ကြောင်းမှူး ဗိုလ်မှူးရွှေမန်းနှင့်စစ်သည်များသည် ရန်သူနှင့်နေ့စဉ်လိုလိုပင် တိုက်ခိုက်နေကြရသည်။ ရန်သူက တပ်မတော်သားများအား ခွာချရန် ကြိုးစားနေသကဲ့သို့ တပ်မတော်သားများကလည်း အဖွဲ့ငယ်များဖြင့် ခြေကုတ်ကို တိုးချဲ့နိုင်သမျှ တိုးချဲ့ကြရန် ကြိုးစားနေကြရသည်။ နည်းဗျူဟာ (၄၄၁) မှူး ဒုဗိုလ်မှူးကြီးတင့်လွင်နှင့် ခလရ (၇၈) ကလည်း ပွိုင့် (၉၆၂) နှင့် ပွိုင့် (၁၇၇၈) ကြားမှနေ၍ အထောက်အကူပြုထားသည်။

အမှတ် (၆) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး မြင့်သိန်းဦးစီးသော စစ်ကြောင်း (၁) သည် (၁၄၄၇) တစ်ဝိုက်မှနေ၍ နည်းဗျူဟာအဖွဲ့နှင့် ဗိုလ်မှူးရွှေမန်းတို့ကို အထောက်အကူပြုနေရသည်။

ဒုတိယဗိုလ်မှူးကြီး တင့်လွင်နှင့် နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှု

အဖွဲ့သည် ခလရ (၇၈) မှ လက်နက်ကြီးများကို နေ့အချိန်တွင် ပွိုင့် (၈၆၅) သို့ ရန်သူမမြင်သာအောင်ရွှေ့လာသည်။ ညအချိန်တွင် လိုအပ်သည့်နေရာကို ပြန်ရွှေ့သည်။ ရန်သူကို ဆက်တိုက်ပင်လှည့်စားရသည်။ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်နှင့် ခမရ (၇) ကလည်း အမြောက်များကို ရန်သူမမြင်အောင် ညအချိန်တွင် ပင်ပန်းစွာနေရာချထားသည်။ ဗိုလ်မှူးချုပ် မောင်လှက ဒုတိယဗိုလ်မှူးကြီးတင့်လွင်ကို အနီးကပ်ပစ်ကူပေးပြီး ကြပ်မတ်ရန်တာဝန်ပေးသည်။

"ပွိုင့် (၁၇၇၈) ကို ဗိုလ်မှူး ရွှေမန်းနဲ့ ခမရ (၆) စစ်ကြောင်း (၂) က သိမ်းရမယ်၊ အုံ့ကျော်ကုန်းနဲ့ ပတ်ဝန်းကျင်ကို ဒုတိယဗိုလ်မှူးကြီး မြင့်မောင်နဲ့ ခမရ (၇) ကသိမ်း။"

ဗိုလ်မှူးချုပ် မောင်လှက မြေပုံကို သေသေချာချာထောက်ပြ၍ ညွှန်ကြားထားသည်။

"တက်... တက်... တပ်မတော်ကွ..."

"ခမရ (၆) ကွ..."

"တပ်မ (၄၄) ကွ..."

ဗိုလ်မျိုးတင့်တို့လူစု အတင်းတက်ပြီး လုံးထွေးသတ်ပုတ်သည်။ ရန်သူသည် မခံနိုင်တော့ပေ။ ရန်သူသည် အမြင့်ဆုံးကုန်းပေါ်သို့ တက်ပြေးပြီး ပူးပေါင်းခံစစ်ဆင်သည်။ ဗိုလ်မျိုးတင့်တို့လူစု မွန်းတည့် (၁၂) နာရီခွဲတွင် ကာကင်းကို သိမ်းပိုက်ရရှိသွားသည်။ ကားကင်းတွင် ရန်သူအလောင်း ခြောက်လောင်းကျန်ရစ်ခဲ့သည်။

ဗိုလ်မှူးရွှေမန်း၏ ပင်မစစ်ကြောင်းသည် ပွိုင့် (၁၇၇၈) အားရရှိရန် အားသွန်၍တက်ရပြန်သည်။ ဗိုလ်ကြီး ဉာဏ်လင်းမြင့်တို့လူစုလည်း အကာ



အကွယ်မရှိသော သတ်ကွင်းနှင့်တိုးနေ၍ ရှေ့ဆက်မတက်နိုင်၊ အုံ့ကျော်ကုန်းမှ ရန်သူများကလည်း မီးကုန်ယမ်းကုန်ပင် ဖြတ်ပစ်ကြသည်။ စစ်သည်များသည် အသက်ကို အသက်မမှတ်ဘဲ ရဲဝံ့စွန့်စားစွာပင် လုံ့စွပ်တက်ထိုးကြရာ ရှေ့သို့ (၂၅) ကိုက်ခန့်သာသိမ်းပိုက်နိုင်သည်။

ဗိုလ်မှူးရွှေမန်းက ဗိုလ်စိုးမင်းဦးစီး တပ်စုတစ်စုကို ရှေ့ပိုင်းသို့အားဖြည့်ပြီး မွန်းလွဲ (၃) နာရီမှစ၍ ချေမှုန်းရေး လုပ်ခိုင်းလိုက်ပြန်သည်။ ရန်သူကကြံ့ကြံ့ခံ၍ ခုခံနေသည်။

ဗိုလ်စောမြသောင်းဦးစီးတပ်စုသည် အုံ့ကျော်ကုန်းနှင့် ပွိုင့် (၁၇၇၈) ကြားရှိ အန္တရာယ်ကြီးမားလှသောသတ်ကွင်းကို ခက်ခက်ခဲခဲဖြတ်ရသည်။ ရန်သူ့စခန်းနားကို မွန်းလွဲ (၃) နာရီခွဲမှစ၍ လျှို့ဝှက်စွာချဉ်းကပ်သည်။ ရန်သူသည် ဗိုလ်မှူးရွှေမန်းတို့ဘက်ကို မဲနေသည်။

ဗိုလ်စောမြသောင်းတို့လူစု ညနေ (၄) နာရီတွင် ရန်သူ့စည်းရိုးနှင့် (၁၀) ကိုက်အကွာကို ရောက်လာသည်။

ဗိုလ်စောမြသောင်းက ဘန်ဂလိုတော်ပီဒိုဟုခေါ်သော ယမ်းဘီးလူးများကို စံနက်တံနှင့်စံနက်ကြိုးကို တပ်ဆင်ပေးလိုက်သည်။ ဒုတပ်ကြပ်အေးလွင်က သယ်ဆောင်သွားပြီး ရန်သူ့ခြံစည်းရိုးအတွင်းသို့ ရောက်အောင်သွားထည့်သည်။ ထိုအချိန်တွင် ဗိုလ်မှူးရွှေမန်းတို့ကလည်း ရန်သူတို့၏ခြံစည်းရိုးကို ထိုးဖောက်ပြီးနေပေပြီ။

ဘန်ဂလိုတော်ပီဒိုများပေါက်ကွဲသံမှာ နားကွဲလုခမန်း မြည်ဟည်းသွားသည်။ ဗိုလ်စောမြသောင်းတို့ လက်ရွေးစင်တပ်စုက ရန်သူများထံသို့ လက်ပစ်ဗုံးများ ပစ်သွင်းသည်။ ဗုံးတွေကွဲသည်နှင့် အတင်းတက်၍ လုံ့စွပ်ထိုးသည်။ တစ်ချိန်တည်းမှာပင် ဗိုလ်မှူးရွှေမန်းဦးစီးသော ပင်မစစ်ကြောင်းကလည်း လုံ့စွပ်တက်ထိုးသည်။

“ကျား… ကျား… ကျား…”

ရန်သူသည် ခံနိုင်ရည်မရှိတော့၊ စနေနှစ်ခိုင်ကုန်း၊ ဘရာဇီယာကုန်းများမှတစ်ဆင့် အုံ့ကျော်ကုန်းကို ဆုတ်တော့သည်။ ညနေ (၄) နာရီ (၁၅) မိနစ်တွင် ဗိုလ်မှူးရွှေမန်းဦးစီးသော ခမရ (၆) စစ်ကြောင်း (၂) သည် ပွိုင့် (၁၇၇၈) ကိုအောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့တော့သည်။

@ @ @ @ @

ပွိုင့် (၁၇၇၈) ကို မိမိတပ်မှ ရရှိလိုက်သော်လည်း အုံ့ကျော်ကုန်းကိုပါရမှ စိတ်အေးရမည်မို့ ဗိုလ်မှူးချုပ်မောင်လှသည်–

**“တွေဝေမနေနဲ့၊ စိတ်ညစ်မနေနဲ့ မြင့်မောင်၊ စစ်တိုက်တယ်ဆိုတာ ဒီလိုပဲကွ၊ မင့်တပ်ဟာ အုံ့ကျော်ကုန်းကို မရ၊ ရအောင် တိုက်ရမယ်၊ ဒါကြောင့် မနေ့ကထက် လက်နက်ကြီးပစ်ကူတွေ ပိုပြီး ထိရောက်မှုရှိအောင် ပြင်စမ်း၊ ပစ်မှတ်ကို တိတိကျကျထိမှန်အောင် ပစ်ပြီးတိုက်၊ တိုင်းပြည်ရဲ့သိက္ခာ၊ တပ်မတော်ရဲ့သိက္ခာကို မင်းတို့ကြောင့်မကျစေနဲ့ ငါတို့တပ်မတော်ရဲ့အောင်မြင်မှုကို ကမ္ဘာသိအောင်ပြကြ၊ မင်းတို့ ကြိုက်သလိုတိုက်၊ ကြိုက်တဲ့နည်းနဲ့တိုက်၊ ငါလိုချင်တာက အုံ့ကျော်ကုန်းကို ရဖို့ပဲ၊ နားလည်းလာ မြင့်မောင်၊ နားလည်ရင် မင့်စိတ်ကြိုက်ဆက်လုပ်ပေတော့။”**ဟု ညွှန်ကြားလာသဖြင့် တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး မြင့်မောင်သည် လက်အောက်ခံအရာရှိများအား ဆက်လက်ညွှန်ကြားလာပါသည်။

**“ငါတို့တိုက်ခဲ့တဲ့ တိုက်ပွဲမှာ ငါတို့အထိနာခဲ့တယ်၊ အောင်မြင်မှုမရဘူး၊ ဗိုလ်ချုပ်မောင်လှက ငါတို့အပေါ်မှာနားလည်တယ်၊ ငါတို့ကြိုက်တဲ့နည်းနဲ့ တိုက်ဖို့ ငါတို့ကိုအခွင့်အရေးပေးတယ်၊ လူကြီးရဲ့စေတနာကို ငါတို့လေးစားတယ်။ ဒီတော့ အုံ့ကျော်ကုန်းကို မရ ရအောင်ချမယ်၊ မင်းတို့ရော… ၊ ဘယ်နှယ့်လဲ…။”**



**“အုံ့ကျော်ကုန်းကိုပဲ ချမယ်…”**

အရာရှိများက တစ်ခဲနက်ဖြေကြသည်။ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်ကပင်–

**“အမှတ် (၁) အမြောက်တပ်ရင်းက ဗိုလ်မှူးအောင်ဝင်းဟာ အမြောက်ပစ်ကူကို တိတိကျကျပေးနိုင်ဖို့ ပွိုင့် (၁၇၇၈) ရှေ့ ကိုက် (၂၀၀) ကနေ မျက်မြင်လေ့လာပြီးပြီ၊ ဗိုလ်ကြီးသိန်းထွန်းဟာ ခမရ (၇) တပ်ရင်းမှူးနဲ့အတူ အမြောက်ကျည် ကျကွဲတာကိုကြည့်ပြီး ပြင်ဆင်ချက်ပေးလိမ့်မယ်၊ အမြောက်တပ်ကတော့ အမြောက်ကျည်ဆန် တစ်တောင့်ချင်း ရန်သူအပေါ် တိတိကျကျ ကျကွဲနိုင်အောင် ကြိုးစားနေပြီ၊ ငါတို့အလှည့်ပဲကျန်တယ်၊ ငါတို့နဲ့ ပစ်ကူအဖွဲ့နဲ့ သေသေချာချာညှိထားပြီးပြီ”**

(၁၀) နာရီခွဲတွင် အမြောက်ပစ်ကူစတင်သည်၊ အမြောက်ကျည်ဆန်များမှာ တိတိကျကျပင်ကျရောက်ပေါက်ကွဲသည်။ လက်နက်ကြီးများကလည်း အဆက်မပြတ်ပစ်ခတ်သည်။ (၇၅) မီလီမီတာနောက်ပွင့်ရိုင်ဖယ် (လ်) ကြီးကို ရန်သူရှေ့တည့်တည့် ကိုက် (၅၀၀) အကွာအထိ ဆွဲယူလာပြီး တိုက်ရိုက်ချိန်ပစ်ရာ ရန်သူ့ဘန်ကာတွေ ဖွာထွက်ကုန်သည်။ ရန်သူကလည်း အုံ့ကျော်ကုန်းမှ ပြန်ပစ်သည်။ ဘိန်းစခန်းကပစ်သည်။ ကဆာနလီမှပစ်သည်။

စစ်ကြောင်း (၂) နှင့်အတူ ချေမှုန်းရေးအလှည့်ကျသည်မှာ ဗိုလ်ကြီးထွန်းတင့်စိုးဦးစီးသည့် တပ်ခွဲ (၃) နှင့်အတူ ဗိုလ်ကြီးတင်ထွန်းအောင်

ဦးစီးတပ်ခွဲ (၄) မှ ဗိုလ်ကြီး အောင်ကြည်နှင့် ဗိုလ်တင်အောင်တို့သည် လက်ရွေးစင်တပ်စိတ် နှစ်စိတ်စီဖြင့် ရန်သူ့စည်းရိုးနားကပ်သည်။ ရန်သူနှင့် ကိုက် (၅၀) အကွာတွင် တိုက်ပွဲစတင်သည်။

တပ်ခွဲ (၃) ကိုမူ အံ့ကျော်ကုန်းပေါ်မှ ရန်သူ (၆၀) ခန့်နှင့် ကဆာနလီမှဆင်းလာသော ရန်သူ (၁၀၀) ခန့်က နှစ်ဖက် ညှပ်ပစ်သည်။ ဗိုလ်ကြီးတင်ထွန်းအောင်တို့ တပ်ခွဲ (၄) က ရန်သူကို သုံးကြိမ်ကျားတက် ထိုးသည်။ မရ၊ ဗိုလ်ကြီးထွန်းတင့်စိုးလည်း လက်ရွေးစင်တပ်စိတ်တွေ သတ်ကွင်းထဲရောက်သွားလို့ ပြန်ဆွဲထုတ်ရသည်။ တပ်ခွဲ (၄) က ဗိုလ် တင်အောင်နှင့် လက်ရွေးစင်တပ်စိတ်နှစ်စိတ်က (၄) ကြိမ် ကျားတက်ထိုး ကြပြန်သည်။

မိမိ၏ချေမှုန်းရေးတပ်ခွဲများ တိုက်စစ်အဟုန်တန့်သွားပြီး ရှေ့ ဆက်တက်၍ မရတော့သည်ကိုသိသည်နှင့် တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်မောင်သည် ဆက်သွယ်ရေးစက်ဖြင့်–

“ငါကိုယ်တိုင်မင်းတို့နဲ့အတူ တက်တိုက်မယ်”ဟု ပြောလိုက် တော့သည်။ တပ်ရင်းမှူးသည် မွန်းတည့် (၁၂) နာရီတွင် (၈၄) မီလီမီတာ နောက်ပွင့်နှင့်အတူ ရန်သူနှင့် (၇၅) ကိုက်အကွာသို့ ရောက်သွားသည်။ တပ်ရင်းမှူး ရောက်လာသဖြင့် ရဲဘော်များအားတက်ကာ ရင်ပေါင်တန်း ဖြန့်၍တက်သည်။

ခမရ (၇) သည် အပြင်းအထန်တိုက်ခိုက်ပြီးနောက် ညနေ (၄) နာရီအချိန်တွင် အံ့ကျော်ကုန်းအား အောင်မြင်စွာသိမ်းပိုက်ရရှိလေသည်။



## သူ့တပ်တို့တပ်၊ စစ်မြေရပ်ဝယ်

ကျပ်ကျပ်တည်းတည်း၊ စည်းစည်းရုံးရုံး၊
နှလုံးမတွန့်၊ စိတ်လိုလွန့်လျက်၊
သက်စွန့်များမူ၊ နိုင်မြဲဟူလော့…၊
လူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်၊
အားကြိုးတင်းတင်း၊ လူချင်းချင်းကို၊
ဘယ်မင်းဖက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့…၊
သူ့နိုင်ငံသား၊ သံမှုန်စားမှ၊
တို့ခါးတုံးမည်၊ မှတ်တော်တည်လော့……..။

# သွေးကစကားပြောနေသည်

(၁၉၉၄) ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ကို မစန်း ဘယ်တော့မှ မေ့မည်မဟုတ်၊ သမီးကြီး သဲမမအောင်ကလည်း တက္ကသိုလ်တက်မည့် အချိန်ရောက်မှ သူ့နှလုံးရောဂါက သိသိသာသာကြီးပေါ်လာသည်။ တက်ကြွဖွံ့ဖြိုးစအရွယ် အပျိုမလေးသဲမမအောင်မှာ နှလုံးရောဂါက ရှိနေလေတော့ ဒီကောင်မလေးကို ဂရုတစိုက်ပိုလုပ်နေရသည်။ စိတ်မဆင်းရဲရအောင်၊ စိတ်ကြည်လင်အောင် အစစသတိထားနေရသည်။

စိုးကိုကိုကလည်း လူငယ်တူတတ်ကလေး ဖြစ်လာပြီ၊ ဖခင်လို အရာရှိကြီးဖြစ်အောင်၊ ကပ္ပတိန်ကြီးဖြစ်ချင်လို့ အလေးပြုခံချင်လို့၊ နိုင်ငံခြားသွားပြီး ပညာတွေသင်ချင်လို့ ဆိုတာတွေနဲ့ မိခင်ကိုအချွဲပိုလေ့ရှိသည်။ စိုးကိုကိုကို ဂဟေဆက်သင်တန်း ဆက်ပို့ရမည့်အချိန်၊ အငယ်မလေးကလည်း (၆) တန်းတက်ရမည့်ကာလမို့ အမေတစ်ယောက်ဖြစ်တဲ့ မစန်းတစ်ယောက်လည်း ဟိုဟိုသည်သည် ဗျာများနေချိန်၊ တိုက်ဆိုင်လွန်းသည့် ကြမ္မာဆိုးကဝင်လာသည်။

ကိုသန်းအောင်သည် ကျောက်ဖြူမြို့၌ ရောက်နေသည့် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း ဦးနှောက်သွေးကြောပြတ်ကာ ကွယ်လွန်သွားကြောင်း သတင်းရောက်ရှိလာလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကလေး (၃) ယောက်အမေ မုဆိုးမမစန်းတစ်ယောက် အဘယ်မျှ အပူလောင်ခံစားနေရမည်ကို တွေးဆနိုင်ပေသည်။ အပူရုပ်နှင့်လူလုပ်နေရတော့သည်။ သောကတွေ ဖိစီးနေပါတော့သည်။

သင်္ခါရဆိုတာကို မည်သူမျှမလွန်ဆန်နိုင်သော်လည်း မစန်းတစ်ယောက် တရားနှင့်မဖြေနိုင်သေးပေ၊ ကိုသန်းအောင်နာရေးအား ကျောက်ဖြူမြို့တွင်ပင် 7-SAE ကုမ္ပဏီတာဝန်ခံ ဗိုလ်မှူးအောင်လွင်နှင့် အဖွဲ့မှ ခမ်းခမ်းနားနားသင်္ဂြိုဟ်ပေး၍ မစန်း သင်္ဂြိုဟ်ရေးကိစ္စ သိပ်မပူလိုက်ရပေ။

u u u

မစန်းတို့ ခေါင်းပြန်မော့လာသည်။ မမော့လို့လည်း မဖြစ်၊ လင်သားမရှိတော့ပေမယ့်၊ သမီးနှစ်ဦးနှင့် သားတစ်ဦးတာဝန်က မစန်း အပေါ်မှာတည်နေရတော့ မစန်း 'အား' ပြန်မွေးရသည်။ သမီးအလိုကျ၊ သားအလိုကျ ပြည့်စုံအောင်ထားပေးနိုင်ရန် ပို၍ကြိုးစားရသည်။ ရှိထားသည့် အိမ်ပိုလေး တိုက်ခန်းလေးကို အိမ်ငှားချ၊ ဝိုင်းကျူရှင်တွေကို ယခင်ထက်ပိုပြီး လိုက်လံပြသ၊ မိမိသားသမီးများပညာရေးကို တိုးတက်အောင်မြင်အောင် ဂရုပြုပေးနေရသည်။

ကိုသန်းအောင်ဆုံးပါးသွားခဲ့သည်မှာ (၂) နှစ်ကျော်ရှိခဲ့ပြီ၊ ကိုသန်းအောင်ကိုရည်စူး၍ အိမ်ရှေ့လမ်းမဘေးတွင် အုတ်ရေကန် တည်ဆောက်လှူဒါန်းပြီး ရေလိုအေးစေရန် ဆုမွန်ကောင်းတောင်းရင်း အလွမ်းဖြေလာခဲ့ရသည်။

သမီးကြီးသဲမမအောင်ကတော့ တက္ကသိုလ် (တတိယနှစ်)

ကျောင်းသူဖြစ်ပေမယ့် နှလုံးရောက်ဂါရှင်ပီပီ အေးစက်စက်နေတတ်သည်။ သားတော်မောင်က (၁၈) နှစ်သားဆိုတော့ စိတ်ကစားလာပြီ၊ လူပျိုစိတ်ဝင်လာပြီး၊ အလှအပလေးတွေ ကြိုက်လာသည်။

"စာကြိုးစားနော် သား…၊ သားဖြစ်ချင်တဲ့ ကပ္ပတိန်ကြီး၊ အရာရှိကြီးဖြစ်အောင် ကြိုးစားနော်"ဟု မစန်းက မကြာခဏသတိပေးဆုံးမသည်။

"စိတ်ချမေမေ၊ သားကြိုးစားပါတယ် မေမေရ…၊ သားရတဲ့အမှတ်တွေ ကြည့်ပါဦး…၊ ရူပဗေဒ (၉၀) မှတ်၊ ဓာတုဗေဒ (၈၁) မှတ်၊ ပုံဆွဲ (၇၇) မှတ်၊ အင်္ဂလိပ် (၆၃) မှတ်၊ မြန်မာ (၅၉) မှတ်၊ သင်္ချာ (၉၃) မှတ်၊ ဘာသာရပ်ဆိုင်ရာလေ့လာမှု (၉၀) မှတ်တောင် မေမေရ…၊ ငါးဘာသာတောင် ဂုဏ်ထူးရတယ်မေမေရဲ့…"

"ဝမ်းသာစရာကြီးပါလား သားရယ်၊ ဪ… သားကို ဝမ်းသာစရာသတင်း ပြောရဦးမယ်၊ မင်းဖေဖေနဲ့ အလုပ်အတူလုပ်ဖက် မိတ်ဆွေအရင်းအချာဖြစ်တဲ့ အင်ဂျင်နီယာဦးကျော်ဝင်းကို သိတယ်မဟုတ်လား…၊ သူ့ဇနီးက ဒေါ်နုနုလေ၊ သူတို့က သားကိုသိပ်ချစ်တာ၊ သားကို သူတို့က နိုင်ငံခြားမှာပညာသင်နိုင်ဖို့ ပို့ပေးမယ်တဲ့"

"သားသိပါတယ်၊ မနက်ကတောင် သား အန်ကယ်ဦးကျော်ဝင်းအိမ် ရောက်သေးတယ်၊ သား ဂျပန်လိုင်းသွားခွင့်ရဖို့အတွက် စာရွက်စာတမ်းတွေတောင် လက်မှတ်ရေးထိုးခိုင်းလို့ ထိုးပေးခဲ့ရသေးတယ်"

"အမယ်… သားက တယ်လျင်ပါလား"

"မေမေ့သားပဲ မေမေရယ်၊ ဘာမဆို ကြိုတင်ပြင်ဆင်တော့ ခံနိုင်ရည်ရှိတာပေါ့၊ သားမသေခင် ရည်မှန်းချက်ပြည့်အောင်လုပ်ပြမယ်၊



မေမေ့ကို လုပ်ကျွေးမယ်၊ မေမေ ဘာအလုပ်မှ မလုပ်တော့ဘဲ ထိုင်စား"

"အမလေး သားရယ်၊ သေစကားမပြောပါနဲ့…၊ နိမိတ်မရှိ နမာမရှိ"

"သားက မေမေ့ကို အဘွားအိုကြီးဖြစ်တဲ့အထိ မကြောင့်မကျ မတောင့်မတဘဲ စားသွားနေသွားရတဲ့အထိ လုပ်ကျွေးချင်တယ်…၊ သား စာကြိုးစားနေတာ မေမေ့အတွက်"

"အမယ်… ကိုဖိုးချွဲ၊ ပညာတွေတတ်၊ အရာရှိကြီးလည်းဖြစ်ရော မိန်းမယူ၊ အဲဒီတော့မှ ဒီအဘွားကြီး အိမ်ပေါ်ကဆင်းဆို ဒုက္ခ"

"မေမေမပူနဲ့…၊ မေမေ့သားက အလိမ္မာအိမ်ပါတဲ့ မယားချောချောလေးကို ယူမှာဗျ"

"အိမ်ပါလာတဲ့ မယားချောလေးက မေမေ့ကိုမနှစ်သက်ရင် သား ဘယ်လိုလုပ်မလဲ"

"အဲဒီမိန်းမ ဂျောင်း…၊ နောက်တစ်ယောက် ထပ်ယူလိုက်မှာပေါ့"

"မေမေနဲ့ပဲနေတော့မယ် ပြောမလားမှတ်တယ်…၊ နောက်တစ်ယောက်ယူလိုက်မယ်တဲ့ အရပ်ကတို့ရေ…"

"ဟား… ဟား… ဟား…"

"ဟား… ဟား… ဟား…"

"ဟား… ဟား… ဟား…"

သားအမိနှစ်ယောက် ကြည်နူးမှုအပြုံးအရယ်များက ပတ်ဝန်းကျင်ကိုပင် ဂရုမစိုက်မိတော့ချေ။

ပ ပ ပ

စိုးကိုကိုနှင့် မင်းမင်းတို့ကို အံ့သြစရာကလေး (၂) ဦးဟု ပြောရမလို ဖြစ်နေသည်။ တစ်မိဝမ်းထဲက မွေးတာမဟုတ်သော်လည်း ညီအစ်ကိုတစ်မျှ ချစ်ခင်ကြသည်။ မသိသူများက ညီအစ်ကိုဟုထင်ကြသည်။ ထူးခြားသည်ကတော့ စိုးကိုကိုနှင့်မင်းမင်းက တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း၊ အိမ်ကမျက်နှာချင်းဆိုင်၊ တစ်အိမ်နှင့်တစ်အိမ်က ပေ (၂၀) ခန့်လောက်သာဝေးသည်။ လမ်း ဟိုဘက်သည်ဘက် ဆောက်ထားကြသည်။

မင်းမင်းတို့အိမ်ရှေ့လမ်းဘေးတွင် မစန်းက သူ့ရွှေးနဲစာဖြင့်ကိုသန်းအောင်ကိုရည်စူး၍ အုတ်ရေကန်လေး ဆောက်လုပ်လှူဒါန်းထားသဖြင့် အများပြည်သူသုံးစွဲနေကြသည်။

စိုးကိုကိုနှင့်မင်းမင်းက အလွန်ချစ်သည့်သူငယ်ချင်းများ ဖြစ်သော်လည်း မင်းမင်းကစိုးကိုကိုထက် (၂) နှစ်ခန့်ငယ်သလို အတန်းပညာလည်းကွာသည်။ မိဘများကလည်း သူတို့ (၂) ဦး အတူသွားအတူစားသည်ကိုစိတ်ချသည်။

သူတို့နှစ်ဦးကလည်း ဘာလုပ်လုပ်မခွဲ၊ ရုပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေးကအစ အတူတူ၊ ဘုရားသွား ကျောင်းသွားလည်း တတွဲတွဲ၊ တစ်ခါက ကြေးသွန်းဘုရာကြီးရောက်စဉ်–

“ကဲ… သူငယ်ချင်း၊ တို့နှစ်ယောက်သစ္စာဆိုကြမယ်” စိုးကိုကိုက အမှတ်မထင်ဆိုပြီး တစ်ဆက်တည်းပင်–



“မင်းမင်း… ငါတိုင်ပေးတာ လိုက်ဆိုနော်”

“အေးပါကွ”

“တပည့်တော်တို့သည်”

**“တပည့်တော်တို့သည်”**

“ကျေးဇူးရှင် မိဘများအား”

**“ကျေးဇူးရှင် မိဘများအား”**

“သေတဲ့အထိ လုပ်ကျွေးရတဲ့ သားလိမ္မာဖြစ်ရပါလို၏ဘုရား”

**“သေတဲ့အထိ လုပ်ကျွေးရတဲ့ သားလိမ္မာဖြစ်ရပါလို၏ဘုရား”**

အတိုင်အဖောက်ညီလိုက်ကြတာ။ စိုးကိုကိုကတိုင်ပေး၊ မင်းမင်းကလိုက်ဆို၊ အဆုံးသတ်တော့ ကြေးသွန်းဘုရားကြီးအား ဝတ်ပြုကန်တော့ပြီး မိမိတို့အိမ်သို့ ပြန်လာခဲ့ကြသည်။

ပ ပ ပ

လူတွေဟာ ကိုယ့်သောကကိုယ့်အပူနှင့် ဗျာဆိုက်နေလျှင် ကိုယ့်အမှုအရာကို ကိုယ်ပြန်မသိနိုင်ပေ၊ ယခုလည်းကြည့် မစန်းတစ်ယောက် ရွာရိုးကိုးပေါက် လမ်းတွေလျှောက်နေတာ နှံ့နေပြီ၊ လက်ဖက်ရည်ဆိုင်၊ ဟိုဆိုင်၊ ဒီဆိုင် ကဲကြည့်ရတာများနေပြီ၊ ဘေးကကြည့်နေမြင်နေရသူက သူ့ကိုယ်စား ရင်မောနေကြသည်။ မနေနိုင်တဲ့လူတွေက–

“ဟဲ့… မိစန်း၊ နင်ဟာလေ ဟန်ကိုမဆောင်နိုင်ဘူး၊ ဘာလဲ… နင့်သားပျောက်လို့ လိုက်ရှာနေတာလား”ဟု မေးလိုက်မှ ပြုံးစစဖြင့်–

“ကျွန်မမှာ ဒီသားလေးတစ်ယောက်ပဲရှိတာ၊ ခုထမင်းစားချိန်

ပြန်မလာလို့၊ လိုက်ရှာနေတာနဲ့နေပြီ”

“နင်လိုက်ရှာနေတာ ဘေးလူတွေကမြင်ပါတယ်၊ နင်က သည်းကို သည်းတယ်၊ နင့်သားက စည်းမရှိ၊ ကမ်းမရှိ ကလေးမှမဟုတ်ဘဲ၊ လိမ္မာတဲ့ ကလေးပါ၊ နင် အဲသည်လို စိတ်ပူတာများနေရင် သောကများမှာပေါ့၊ ကဲ… ကဲ နင့်သားကို နင်တွေ့ရမှ စိတ်အေးမှာမဟုတ်လား”

“ဒါပေါ့ ဦးသိန်းအောင်ဥက္ကဋ္ဌကြီးရဲ့”ဟု ရပ်ကွက် ဥက္ကဋ္ဌကြီးကို မစန်းက ပြန်ပြောလိုက်သည်။

“မိစန်း… နင့်သား သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အတွက် အပတ်စဉ်သန့်ရှင်းရေးပွဲမှာ ပါသွားတယ်။ ဈေးထဲက ရေနုတ် မြောင်းတွေကို ဆင်းဆယ်နေလေရဲ့၊ နင်လိုက်ကြည့်မလား…၊ နင့်သား ပေတူးနေတာကိုတွေ့ရင် နင်မှတ်မိမှာတောင်မဟုတ်ဘူး”ဟု ပြောသည်နှင့် မစန်းတစ်ယောက် ဈေးဘက်သို့ အပြေးအလွှားသွားကြည့်ဖြစ်တော့သည်။ ရွှံ့တွေ၊ ဗွက်တွေပေကျံနေတဲ့ လူငယ်တစ်ယောက်က–

“မေမေရေ… သား ဒီမှာ၊ မေမေစိတ်ပူလို့လိုက်လာတာ ထင်တယ်…၊ ပြီးခါနီးပါပြီ မေမေရဲ့၊ ပြီးတာနဲ့ သားပြန်လာခဲ့မယ်၊ ဖေ့ဖေ့အတွက် ရည်စူးထားတဲ့အုတ်ကန်မှာ ရေချိုးမယ်၊ ပြီးမှ ထမင်း စားမယ်၊ မေမေပြန်နှင့်နော်”

မစန်းတစ်ယောက် အမောပြေသွားသည်ထင်ပါရဲ့။ သူ့အပြုံးက တုန္နိုင်းမမီသည့်အပြုံး၊ ဘယ်ပန်းချီ ရေးလို့မမီသည့်အပြုံး။

ɯ ɯ ɯ



မင်းမင်းနှင့်စိုးကိုကို သွားအတူလာအတူ ကောင်းမှုကုသိုလ် လုပ်ဖက်အတူတူဖြစ်သည်။ ယနေ့ည မစန်းမိသားစုများ၊ မိတ်ဆွေများပါ စိတ်ပန်းလူပန်းဖြစ်နေကြသည်။ နံနက်မိုးသောက်လျှင် ကန်သာကျောင်း သစ်တွင် (၁၁) ကြိမ်မြောက် မိသားစုဘုံကထိန်ခင်းရန်ရှိသဖြင့် ပြင်ဆင် နေကြရခြင်း ဖြစ်သည်။ စိုးကိုကိုနှင့်မင်းမင်းက ပဒေသာပင်များကို လှသည်ထက်လှအောင် ပြင်နေကြသည်မှာ မစားနိုင်၊ မအိပ်နိုင်ဖြစ်သည်။ အနည်းငယ်အိပ်လိုက်မှ နောက်နေ့အင်အားရှိမှာကို မစန်းတွက်မိလို့လည်း–

“သားနဲ့မင်းမင်း… နည်းနည်းလောက် အိပ်လိုက်ပါလား၊ မနက် ကျတော့ အားရှိသွားအောင်ပေါ့၊ မင်းတို့ အိပ်ရေးသိပ်ပျက်ရင် မကောင်း ဘူး”

“ဟာ… မေမေကလည်း၊ သားတို့နေနိုင်ပါတယ်၊ ကုသိုလ် ဆိုတာ မသေခင်ရှာရတာမေမေရ၊ သားတို့ မအိပ်သေးဘူးနော် မေမေနော်”

“ဟုတ်တယ် အန်တီရဲ့၊ ဒီပဒေသာပင်တွေကို လှအောင်ပြန်ပြင်နေ ရတာ သားတို့ကြည်နူးဝမ်းသာနေမိတယ်”

သားလည်း ပြောမရ၊ မင်းမင်းကလည်း ပြောမရလို့ မစန်းပါ မအိပ်တော့ဘဲ ဝိုင်းကူဖြစ်တော့သည်။

မစန်းတစ်ယောက် ယခုရက်ပိုင်းအတွင်း စိုးကိုကိုကို ပိုပြီးဂရု တစိုက်ဖြစ်နေသလိုရှိသည်။ သမားရိုးကျ အချစ်ကြီးတာအပြင် ခုတလော မစန်းအမူအရာတွေက စိုးကိုကိုအပေါ်ဂရုပြုလွန်းသည်ဟု ထင်သည်။

မှတ်မှတ်ရရ (၁၈.၁၁.၉၆) နေ့ပါပဲ။ မိသားစုကထိန် (၁၁) ကြိမ်မြောက်ကျင်းပသည့်နေ့က အလှူရှင်တွေမှာ မျက်တွင်းဟောက်ပက်၊ ကန်သာကျောင်းသစ်ဆရာတော်က–

"မစန်း… နင်တို့လည်း လှူရေးတန်းရေးနဲ့ အိပ်ပျက်လှထင်ပ၊ မျက်တွင်းတွေကို ဟောက်ပက်ဖြစ်နေပါပေါ့လား"

"မှန်ပါ ဘုန်းဘုန်းဘုရား…၊ တပည့်တော်ရဲ့သား စိုးကိုကိုနဲ့ မင်းမင်းတို့နှစ်ယောက် ပဒေသာပင်တွေလှအောင် ညလုံးပေါက်ပြင်ဆင်နေတာကို တပည့်တော်ပါဝိုင်းကူမိရာက တစ်ရေးမှမအိပ်ရသေးလို့ပါဘုရား၊ လှူရေးတန်းရေးမို့ မအိပ်ချင်တာလည်း ပါပါတယ်ဘုရား"

"ကျန်းမာရေးကိုလည်း မထိခိုက်ကြစေနဲ့ဦး၊ မစန်းသားတစ်ယောက်တည်း မွေးတယ်ဆိုပေမယ့် သားနှစ်ယောက်ရနေသလိုပါပဲလား၊ စိုးကိုကိုနဲ့မင်းမင်းက တကယ့်ကို ညီအစ်ကိုလိုပဲ၊ တစ်တွဲတွဲ တွေ့ရတယ်၊ လှူရေးတန်းရေး၊ ရပ်ရေးရွာရေးတွေမှာ သူတို့မပါတာမရှိဘူး၊ ကူညီဆောင်ရွက်နေတာ ဘုန်းကြီး တွေ့တွေ့နေရတယ်၊ ခု… မတွေ့မိပါလား ဒကာမကြီးရဲ့"

"ဘယ်တွေ့မလဲ ဘုရား…၊ အရှင်ဘုရား ကျောင်းဧည့်ခံဆောင်မှာ ဧည့်သည်တွေကိုကျွေးမွေးနေတဲ့ဆီတောင် သူတို့ (၂) ယောက်မလာဘူး"

"ဘယ်သွားနေကြလို့လည်းကွယ့်"

"ရေကန်မှာ စားပြီးပန်းကန်တွေကို နှစ်ယောက်သား ပယ်ပယ်နယ်နယ်ဆေးကြောနေလေရဲ့ဘုရား၊ သူတို့မှာ ရေစိုနေတဲ့အတူတူ အဲဒီဘက်ကကုသိုလ်ပဲ အပြည့်ယူတော့မယ်တဲ့ဘုရား"

"သာဓု… သာဓု… သာဓု"

ա ա ա



အမေဆိုတာ သားသမီးတွေရဲ့ ကောင်းသတင်း၊ မင်္ဂလာသတင်းကိုသာ ကြားချင်ကြသည်၊ ကြားလိုကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ သို့သော် မစန်းအတွက် သူ့အချစ်ဆုံးသားလေး စိုးကိုကိုတို့သူငယ်ချင်းတစ်သိုက် ကားမှောက်လို့ အတွင်းလူနာအဖြစ်ကုသနေရသူထဲတွင် စိုးကိုကိုပါဝင်နေကြောင်း ကြားသိရသောအခါ အဘယ်မျှပူလောင်နေမည်ကို တွက်ဆ၍ရနိုင်ပါသည်။

သားသမီးအတွက်ဆို ဘာမဆိုလုပ်ရဲ၊ ရင်ဆိုင်ရတာ အမေဖြစ်ပါသည်။ မစန်း စိုးကိုကိုအတွက် အရေးပေါ်လိုအပ်နေသောသွေးကို ကိုယ်တိုင်လှူသည်။ အမေ့သွေး၊ သားသွေး တူညီနေသည်ကလည်း စိုးကိုကိုအတွက် ကံကောင်းသည်၊ ပို၍ကံကောင်းသည်မှာ ရှားပါးသွေးဟု ပြောလေ့ရှိသည့် AB သွေးသည် မစန်းနှင့်စိုးကိုကိုတို့ တူညီနေကြခြင်းဖြစ်ပါသည်။

သေကံမရောက်သက်မပျောက်ဟု ဆိုရမည်ဖြစ်ပါသည်။ စိုးကိုကို ပြန်လည်သတိရလာပြီဖြစ်သည်။ အသိတွေဝင်လာပြီဖြစ်သည်။ မစန်းကို သတိတရကြည့်ပြီး မျက်ရည်တွေတသွင်သွင်ကျနေသည်။

"အမေ့ကို… သား ကျေးဇူးတင်ပါတယ်"

"အမေ့ကို ကျေးဇူးတင်စရာမလိုပါဘူးသားရယ်…၊ ခုလို သား မသေမပျောက်တာကိုပဲ အမေကဝမ်းသာနေတာ၊ သား… ယောကျာ်းဆိုတာ ရဲရင့်ရတယ်၊ ပျော့ညံ့စိတ်မမွေးရဘူး၊ မျက်ရည်မကျနဲ့"

"မဟုတ်သေးဘူးအမေ၊ သားလေ… အမေ့ကို အသက်နဲ့လဲပြီး အမေ့ရဲ့အသက်ကို ကယ်နိုင်တဲ့သား ဖြစ်ချင်တာ၊ ဘုရားရှိခိုးတိုင်းလဲ အမေမကျန်းမာတဲ့အခါ အမေ့ကိုသားက အသက်နဲ့လဲ ကယ်ရတာမျိုးနဲ့

ကျေးဇူးဆပ်ချင်တာ၊ ဥပမာ အမေ့အတွက် မျက်စိလှူဖို့လိုရင်… ကျွန်တော့် မျက်စိ လှူမယ်၊ ကျောက်ကပ်လိုရင် သား ကျောက်ကပ်ပေးမယ်၊ နှလုံး အစားထိုးမလား…၊ သားနှလုံးနဲ့အစားထိုးပြီး အမေ့ကိုကုသပေးချင် တာ…၊ ခုတော့…အမေ့သွေးကို သားအတွက် ဖောက်လှူခဲ့ရတယ်လို့ အမေရယ်… သားရည်မှန်းချက်တွေ ဘာဖြစ်ကုန်တာပါလိမ့်"

"သား… ဘာတွေလျှောက်ပြောနေတာလဲ၊ အမေဟာ သားရဲ့ အမေလေ၊ သားအတွက် အမေကသွေးလှူတာ… ဘာများ အဆန်း တကျယ်ရှိလို့လဲ သားရယ်…၊ ပိုပြီးထူးခြားတာက သားနဲ့အမေက ရှေး ရေစက်ကြောင့်ဖြစ်မယ်သား…၊ ကြိုတောင့်ကြိုခဲ၊ ဆုံတောင့်ဆုံခဲ AB အမျိုးအစားသွေးပါ လာတူနေတော့ အမေဟာအမေ့သားအတွက် ကံကောင်းတဲ့အမေ ထပ်ဖြစ်ရတာ အမေဂုဏ်ယူတယ်သား"

"အမေ… အိမ်ပြန်နားပါ အမေ၊ သား ပြန်ကောင်းနေပါပြီ"

"သားအသက် (၁၉) နှစ် ဆိုပေမယ့် အမေ့စိတ်ထဲမှာ သားဟာ အမေ့ရဲ့နို့စို့ကလေးလိုပဲ ထင်နေတုံးသားရဲ့…၊ အမေ… သားအနားက မခွာဘူး…၊ သား ဆေးရုံးကဆင်းမှ အမေက ဆေးရုံကပြန်မှာ…၊ သား နားလိုက်ပါ၊ အားရှိသွားအောင်ပေါ့…"

စိုးကိုကို ဘာမျှမပြောတော့၊ မျက်လုံးလေးမှိတ်ပြီး နားလိုက်သည်။ မစန်းကတော့ သားမျက်နှာလေးကိုကြည့်ကာ မမောနိုင်ရှာ။

ųųų

ကံကြမ္မာကို ဘယ်သူအနိုင်ယူရဲပါသနည်း။ မျှော်လင့်မထားသော အကြောင်းတရားများက အမှတ်မထင်ပေါ်လာတိုင်း ကံကြမ္မာကြောင့်ဟု



အဆိုရှိကြသည်။ ယခုလည်းကြည့် မစန်းတို့သားအမိအတွက် ကံကြမ္မာက ပေါ်လာပြန်သည်။ သားသမီး (၃) ယောက်အတွက် ပညာရေး၊ လူမှုရေး၊ မိသားစုဘဝရပ်တည်ရေးအတွက် မုဆိုးမတစ်ယောက်အနေနဲ့ နေ့၊ ညမနား နေပူမိုးရွာမရှောင်၊ ရိုးသားစွာရသည့်ဝင်ငွေကို မစန်းရှာသည်။ ကြာတော့ လည်း ပင်ပန်းသည့်ဒဏ်က ဖိစီးနှိပ်စက်လာတော့သည်။ အသက် (၄၀) ကျော် မိန်းမတို့သဘာဝမီးယပ်ရောဂါက စွဲကပ်စပြုမို့ မစန်းလည်း မလွန် ဆန်နိုင်၊ သို့သော် ရောဂါကိုအဓိကမထား၊ သားသမီးဘဝရှေ့ရေးကိုသာ ရှေ့တန်းတင်ထားသည့် မစန်းတစ်ယောက်၊ ပထမတော့ မိန်းမသဘာဝ မီးယပ်၊ ကြာလာတော့ ရောဂါစုံလာသည်။ နှလုံးကမကောင်း၊ ကျောက် ကပ်က အားနည်း၊ သွေးတိုးက ပေါ်၊ ဆီးချိုကရှိနဲ့ ဗုန်းဗုန်းလဲတော့သည်။

ပထမ - ဆေးမီးတို

ဒုတိယ - ဆေးခန်း

တတိယ - ဆေးရုံရောက်တော့သည်။ သားချစ်တဲ့အမေ လဲပြီ ဆိုတော့ အမေချစ်တဲ့သားက-

နှလုံးအစားထိုးလိုလျှင် နှလုံးပေးမည်။

ကျောက်ကပ်အစားထိုးလိုလျှင် ကျောက်ကပ်ပေးမည်။

သွေးလိုလျှင် သွေးလှူရန်အသင့်ရှိနေသည့် သားဖြစ်သူစိုးကိုကို တစ်ယောက် သူ့အမေကျေးဇူး ဆပ်ခွင့်ရတော့မည်မို့ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းတွေက ဝမ်းသာနေကြသည်။

"အမေ… သား အမေ့အတွက် နှလုံးလို့အပ်ရင် သားနှလုံးကို ပေးမယ်၊ ကျောက်ကပ်လိုရင် သား ကျောက်ကပ်ကို ပေးပါရစေအမေ၊ အမေ့အတွက် သွေးလိုရင် သားသွေးကို ပေးပါရစေအမေ…၊ အမေ့

အတွက် ရှားပါးတဲ့သွေး သားမှာရှိတယ်လေ အမေ”

မစန်းက ဗုန်းဗုန်းကျလူနာဖြစ်ပေမယ့် သားကို စိတ်ဆင်းရဲအောင် မနေ၊ သမီးတွေကို သောကမဖြစ်စေပါ။ မစန်းအပြုံးမပျက်၊ စိုးကိုကိုကို စိတ်ဓာတ်မကျစေချင်ပါ၊ ဒါ့ကြောင့်လည်း–

“သား… အမေ့ကို သားရဲ့နှလုံးတွေ၊ ကျောက်ကပ်တွေ၊ သွေးတွေ တကယ်လှူမှာလား”

“လှူမှာပေါ့ အမေရဲ့၊ အမေနဲ့ သားရဲ့သွေးက အလွန်ရှားတဲ့ AB သွေးမို့ အမေ့ကိုသားသွေးနဲ့ အသက်ရှင်စေမယ်အမေ…၊ သား သူငယ်ချင်းတွေနဲ့ အလည်လွန်နေလို့ အမေအခုလို ဖြုန်းစားကြီးနေမကောင်းချိန် အမေ့အနားမှာသားမရှိတာ ခွင့်လွှတ်ပါအမေ၊ အမေ့ကို သားရဲ့ အသွေးအသားနဲ့ အသက်ရှင်အောင် သားလှူမယ်အမေ”

“ကိုယ့်အသွေးအသားနဲ့ တစ်ပါးသူအသက်ရှင်စေတာ မွန်မြတ်တဲ့ ကုသိုလ်ပဲသား…၊ ကျေးဇူးကြီးလှပါတယ်၊ ဒါပေမဲ့ သားရယ်… ကိုယ့်အသွေးအသားနဲ့ တစ်ပါးသူအသက်ရှင်ဖို့ဆိုတာ ကိုယ့်သွေးအသားက ရောဂါကင်းစင်ဖို့လိုတယ် သား…၊ ဒါမှ တစ်ပါးသူအသက်ရှင်တဲ့အခါ ရောဂါကင်းမှာပေါ့၊ သားရဲ့အသွေးအသားနဲ့ အမေ အသက်ရှင်ခွင့်မရရင် နေပါစေ သား…၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူသားမဆို သားရဲ့အသွေး အသားနဲ့ အသက်ရှင်ခွင့်ရမယ်ဆိုရင်တောင် အမေက ရောက်ရာဘဝက သာဓုခေါ်မှာပါ သားရယ်”

“ကျွန်တော့်အသွေးအသားနဲ့ အမေ့ကိုကုလို့မရတော့ဘူးတဲ့လား အမေ”

စိုးကိုကိုမေးရင်း ငိုချလိုက်သည်။ မစန်းက မငို၊ မျက်ရည်မကျ၊



သို့သော်–

“သား… အမေ့ကို တကယ်ချစ်ရဲ့လား”

“ချစ်တယ်အမေ… သား အမေ့ကိုသိပ်ချစ်တယ်”

“အမေယုံပါတယ်သား… သား အမေ့ကို သားရဲ့အသွေး အသားနဲ့လဲပြီး အသက်ရှင်အောင်လုပ်မယ်ဆိုတာလည်း ယုံတယ်သား၊ ခု အမေ့အတွက် လတ်ဆတ်သန့်ရှင်းတဲ့ AB သွေး လိုနေပြီသား…၊ သားဆီက လတ်ဆတ်သန့်ရှင်းတဲ့သွေးနဲ့ အမေအသက်ပြန်ရှင်ချင်တာပေါ့၊ သားရော အမေ့အတွက်… သားရဲ့သွေးကို မလှူချင်ဘူးလား”

“လှူချင်တယ် အမေ… ခုပဲ သားသွေးနဲ့ အမေ အသက်ရှင်စေ ရမယ်”

“အမေ့သား… အမေ့ကို ဘယ်လောက်ချစ်တယ်၊ အမေ့ အသက်ကို ဘယ်လိုကယ်ချင်နေမယ်ဆိုတာ အမေနဲ့သား နှလုံးသွေး ဆက်နေတာမို့ သားစိတ်ဓာတ်ကို အမေကသိပ်သိတာပေါ့…”

“ဒါပေမယ့်… အမေ့အသက်ကိုသားသွေးနဲ့ ကယ်လို့မရတော့ဘူး သား”

“အမေ့သားရဲ့ အမေ့အပေါ်မှာထားတဲ့ စေတနာမေတ္တာကို အမေ ခုလည်းသာဓုခေါ်တယ်…၊ တမလွန်ရောက်လည်း သာဓုခေါ်မယ်၊ အမေ့ကိုကယ်ခွင့်မရလိုက်တဲ့ သားရဲ့အသွေးအသားကို ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေအသက်ရှင်ဖို့အတွက် ရောဂါကင်းကင်းနဲ့ပေးလှူလိုက်ပါ သား…၊ ခုချိန်မှာ သားရဲ့အသွေးအသားနဲ့ အမေ့ကိုအသက်မကယ်ပါနဲ့၊ အခြားသူလည်း မကယ်နဲ့…၊ အမေဆိုတာ သားသမီးတွေရဲ့သဘော မနောကို မသိသူ မရှိဘူးသား…”

“သားကို အမေမျှော်နေတာ သားကိုတွေ့ချင်လို့ပါ၊ သားသွေးကို မျှော်နေတာမဟုတ်ဘူးသား…၊ အမေ တမလွန်ဘဝကိုမကူးခင်သားကို… မှာစရာရှိတာလေး မှာခဲ့ချင်လို့စောင့်နေတာပါ၊ သားကိုအမေတွေ့ရပြီ…၊ အမေသွားလိုတဲ့ခရီး သွားရမယ့်ခရီးကို ဖြောင့်ဖြောင့်သွားလို့ရအောင် သားဆီကကတိတစ်ခု တောင်းပါရစေသားရယ်…”

“သား အပေါင်းအသင်းမှားပြီး မူးယစ်ဆေးဝါးစွဲနေတာ အမေ သိတယ်သား…၊ အဲဒါကြောင့်လည်း သားရဲ့သွေးနဲ့ အမေ့အသက်ကို ကယ်ခွင့်မရှိတော့ဘူး…၊ သားကအမေ့ကို ချစ်လှပါတယ်ဆိုပေမယ့် အမေ့ အသက်ကို သားမကယ်နိုင်တော့ဘူး…၊ သား အမေ့ကိုတကယ်ချစ်ရင်… ကျေးဇူးဆပ်ချင်ရင်၊ သား… မူးယစ်ဆေးဝါးဖြတ်ပါ့မယ်လို့ အမေ့ကို ကတိပေးပါသားရယ်…။”

“သား ကတိပေးပါတယ်အမေ”

“ဝမ်းသာလိုက်တာသားရယ်…”ဟုပြောရင်း မစန်း တစ်ယောက် မျက်ဖြူဆိုက်သွားတော့သည်။

“အမေ… အမေ… အမေ”ဟု စိုးကိုကိုက ဟစ်ကြွေးခေါ်နေ သော်လည်း မစန်းကပြန်ထူးဖော်မရ။

စိုးကိုကိုလည်း သူ့အမေအသက်ကိုကယ်ခွင့်မရရှာတော့၊ အမေ ချစ်တဲ့သားနဲ့၊ သားချစ်တဲ့အမေကို တစ်ဘဝစီချင်းခြားအောင် ကံကြမ္မာက ခွဲသည်မဟုတ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အမေ့အတွက် သားသွေးဖြင့် အသက်ဆက်ခွင့်မပေးလိုက်နိုင်ခြင်းသာဖြစ်သည်။

အသက်သည်သွေး၊ သွေးသည်အသက်ဖြစ်ပါသည်။ သွေးဖြင့် အသက်ကယ်ခွင့်ရကြသူတို့မှာ ကျေးဇူးအနန္တရကြမည်ဖြစ်သလို သွေးဖြင့်



အသက်ရှင်ခွင့်ရကြသူများမှာလည်း ပီတိအနန္တခံစားကြရပေသည်။

ခုတော့ အသက်မကချစ်ရသည့် မိခင်အသက်၊ အမေ့အသက် ကိုပင် စိုးကိုကိုမကယ်နိုင်တော့သည်မို့။

**“သင့်သွေးတစ်စက်ဖြင့် အသက်ကယ်ပါ”**ဟုဆိုသော်လည်း ရောဂါကင်းစင်သည့်သွေးဖြစ်ပါမှ လူ့အသက်ကယ်ခွင့်ရကြောင်း စိုးကိုကို နောင်တရနေတော့သည်။

“သွေးက စကားပြောနေသည်”

a a a a a

# အမေ့ကရုဏာ

## အမေနှင့် အရူးမ (စိတ်ဝေဒနာရှင်) မလှကျင်

အမေမရှိတော့မှ မေတ္တာကြီးမားတဲ့အမေ၊ ကရုဏာတရားပွားများတတ်တဲ့အမေ၊ စိတ်ထားကောင်းလှတဲ့ အမေ့ရဲ့လုပ်ရပ်တွေက အရိပ်လိုပေါ်လာပါတယ်။

သာယာဝတီ၊ သုံးဆယ်မြို့ရှိပန်းဆွဲရွာ၌ အရူးမ (စိတ်ဝေဒနာရှင်) မလှကျင်အား မသိသူမရှိဟုထင်ပါသည်။ မလှကျင်အားသိသလို မလှကျင်နှင့်ဆက်နွယ်ပြီး ကျွန်တော့်အမေကိုလည်း လူသိများတတ်ကြသည်။ အကြောင်းသော်ကား မလှကျင်ကို အမေထိန်းနိုင်သည်။ အမေ့စကားဆို မလှကျင်နားထောင်သည်။

အမေနှင့်မလှကျင်က တစ်ရွာတည်းနေသူတွေဖြစ်သည်။ သူငယ်ချင်းများဖြစ်ကြသလို အမေတို့စီးပွားရေးကောင်းတုန်းကလည်း မလှကျင်က အမေတို့ရဲ့အလုပ်သမားများထဲမှ တစ်ဦးဖြစ်လေတော့ မလှကျင်က အမေ့ကို ရိုသေလေးစားတတ်သည်။



မလှကျင်က ရုပ်ရည်ချောမောသည့်အပြင် တစ်ရွာလုံး၏ ကွမ်းတောင် ပန်းတောင်ကိုင်တစ်ဦးဖြစ်သည်။ သို့သော် သူ့အတိတ်ကံက မကောင်း၍လားမသိ၊ ဦးထွန်းမြိုင်နှင့် အိမ်ထောင်ကျပြီး သားဦးကလေးမွေးသည့်နေ့တွင် သောင်းကျန်းသူများ ကျေးရွာများအားမီးရှို့ လူသတ်ပစ္စည်းလုကြသဖြင့် သွေးလန့်ပြီးစိတ်နောက်သွားခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် မလှကျင်ရောဂါက ဆိုးဆိုးဝါးဝါးမဟုတ်လှသဖြင့် သဘာဝအလျောက် ဦးထွန်းမြိုင်နှင့်ရသောကလေးများ မကြာခဏမွေးဖွားတတ်သည်။

ပြဿနာက မွေးပြီးသည့်ကလေးကို မလှကျင်ထိရောက်စွာမပြုစုတတ်ခြင်း၊ မပြုစုခြင်းက မလှကျင်အကျင့်လိုဖြစ်နေသည်။ ဤသည်ကို အမေက ထိန်းသိမ်းဆုံးမပေးခဲ့သည်ကို မြင်ယောင်နေမိပါသည်။

"ဟဲ့… လှကျင်၊ ဒါ နင့်သားလေ၊ ဒီမှာကြည့်စမ်း ကလေးနို့ဆာနေပြီ၊ နို့တိုက်ပါလား ရော့ ရော့"ဟုဆိုကာ အမေက မလှကျင်ရဲ့မွေးစကလေးကို မလှကျင်အားကမ်းပေးလိုက်ရာ မလှကျင်သည် သူ့ကလေးအားသူကိုယ်တိုင်နို့တိုက်နေသည်မှာ လူကောင်းပမာဖြစ်သည်။ အမေကပင်–

"လှကျင်နော်… ကလေးကို ဟိုဟာ ဒီဟာတွေမကျွေးနဲ့နော်"

"အစ်မလေးအုန်းရီရယ်… လှကျင်များ အရူးထင်သလား၊ ကျုပ်သိပါတယ်"

မလှကျင်အပြောက (အရူးက တစ်မူးသာ) ဆိုသလို ဖြစ်နေတော့သည်။ သားသမီးစိတ်နှင့်ယှဉ်လာတော့ စိတ်ရောဂါသည်ပင် မိခင်စိတ်၊ အမေစိတ်ဆိုသည့် အသိတရားဝင်လာတော့သည်။ အမေသည် မလှကျင်ကိုတွေ့တိုင်း သတိပေးမြဲ၊ ထိန်းပေးမြဲဖြစ်ပါသည်။

"လှကျင်နော်... နင်စိတ်ရှုးပေါက်တိုင်းလျှောက်မသွားနဲ့နော်၊ မီးနေသည်ဆိုတာ အခန်းနဲ့နေ၊ ကိုယ့်ကလေးနဲ့အတူနေနော်၊ ကလေးကို နို့များများတိုက်ရမယ်နော်"

"အစ်မလေးကလည်း ကျုပ်ကိုစိတ်မချလို့လား၊ ကျုပ်ကိုယ်တိုင် လွယ်မွေးထားတဲ့ကလေး၊ ကျုပ်သားကို ကျုပ် နို့ဝအောင်တိုက်မှာ၊ ကျုပ် ဘယ်မှမသွားဘူး၊ အစ်မလေးကသာ ကျုပ်အတွက် နို့များများထွက်မယ့် ဟင်းချိုဟင်း ချက်ပို့"

"မှတ်ကရော"

အမေသည် မလှကျင်အား ဘာမျှမပြောတော့ပေ။ သို့သော် အခြားသူပြောလျှင် မလှကျင်သည် ထော်လော်ကန့်လန့်လုပ်မြဲဖြစ်သည်။ အမေ့ကိုတော့လေးစား၍ ပြောသမျှနားထောင်ခဲ့သည်။ ပန်းဆွဲရွာတွင် မလှကျင်အားမသိသူမရှိဟု ဆိုခဲ့ပြီးပါပြီ၊ မလှကျင်၏ထူးခြားသည့် ဂုဏ်ပုဒ်တစ်ခုမှာ သားဦးကလေးမွေးပြီးကတည်းက စိတ်ဖောက်ခဲ့ သော်လည်း သားကလေးသုံးယောက်အထိ မွေးနိုင်ခဲ့၊ နို့တိုက်နိုင်ခဲ့သည်။ လူဖြစ်အောင် ပြုစုခဲ့သူက ကျွန်တော့်အမေပင်အဓိကဖြစ်ခဲ့သည်ကို သုံးဆယ်တစ်မြို့လုံး မသိသူမရှိခဲ့ပေ။

❦ ❦ ❦ ❦ ❦

"ဟာ"

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံထွက်သွားရလောက်အောင် ကြုံလိုက်ရသည်။ အကြောင်းသော်ကား ကျွန်တော်၏အိမ်ပေါက်ဝတွင် ရပ်ကွက်လူကြီးဦးသိန်းနှင့် ခေတ်လူငယ်အချို့တို့ ရောက်ရှိလာသောကြောင့် ပင် ဖြစ်ပါသည်။



ကျွန်တော်တို့ရပ်ကွက်သည် မြန်မာ့ (၁၂) လရာသီပွဲများကို လစဉ် ခမ်းခမ်းနားနားကျင်းပလေ့ရှိသော မြို့မဆန်သည့် ကျေးလက်စရိုက် ပွဲတော် လေးများကိုကျင်းပမြဲဖြစ်လို့လည်း သက်ဆိုင်ရာအကြီးအကဲများ၏ ဂုဏ်ပြု ချီးမြှင့်မှုကို မကြာခဏခံကြရသည်။

မကြာခင် တန်ဆောင်တိုင်ပွဲတော်ကြီး ကျင်းပတော့မည်မို့ အိမ်ရှေ့ တွင်ရောက်ရှိလာကြသော ရပ်ကွက်လူကြီး ဦးသိန်းနှင့်လူငယ်တို့သည် ပွဲတော်အတွက် တစ်အိမ်တက်ဆင်း အလှူလိုက်ခံနေခြင်းဖြစ်သည်ကို တွက်ဆ၍ရပါသည်။

အလှူခံထွက်လာတာကို လှူလိုက်ပြီးတာပဲဟု ထင်ကောင်း ထင်ကြပါလိမ့်မည်။ မပြီးပါ၊ ကျွန်တော်ကိုယ်တိုင်လည်း မြို့နယ်ပြည်သူ့ ကောင်စီဝင်၊ နယ်မြေ လုံခြုံ/စီမံ တာဝန်ခံဖြစ်နေသဖြင့် ပို၍မပြီးနိုင် ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် တစ်ဆင့်မြင့်တာဝန်ရှိသူပီပီ ဦးသိန်းတို့အဖွဲ့အား သင့်တင့်သောစကား ပြောရမည်။ ထိုက်တန်သည့် ဧည့်ဝတ်ပြုရန် လိုပါ မည်။ အမှန်တော့ ဦးသိန်းသည် ပြည်သူနှင့်သဟဇာတဖြစ်သော ရပ်ကွက် ပြည်သူ့ကောင်စီ (ပြည်သူ့ကိုယ်စားလှယ်) ဖြစ်ပါသည်။ ပြည်သူနှင့် အလိုက်သင့် ပြောတတ်၊ ဆိုတတ်၊ နေထိုင်တတ်သူ ဖြစ်ပါသည်။

ကျွန်တော့်အမေကိုပင် အသက်အရွယ်ကိုထောက်၍"အမေ"ဟု ခေါ်သည်။ အမေကျွေးလျှင်စားသည်၊ ပြောလျှင်နားထောင်သည်၊ ပြုပြင် နိုင်တာ ပြုပြင်သည်။ အမေက ရှေ့မီနောက်မီအရွယ်မို့လည်း အမေဆုံးမ ပြောဆိုသမျှကို နားထောင်လေ့ရှိသည်။

ယနေ့ ဦးသိန်းရောက်လာပြန်သဖြင့် ဦးသိန်းကိုတွေ့လျှင် အမေပြော တော့မည့် စကားကိုလည်း ကျွန်တော့်အနေနဲ့ ကြိုတင် တွက်ဆထားပြီး

ဖြစ်လို့လည်း ကျွန်တော် ဦးသိန်းကိုမြင်မြင်ချင်း အားမေဒိုတ်ဖြစ်ရခြင်း ဖြစ်ပါသည်။

ဒီအချိန်ဒီကာလတွင်ရောက်လာသော ဦးသိန်းသည် ဘာကိစ္စအတွက် လာရောက်အလှူခံခြင်းဖြစ်သည်ကိုလည်း အမေကြိုတင်သိနေပြီး ဖြစ်ပါမည်။

"မောင်သိန်းလာဟေ့… အိမ်ထဲဝင်လေ၊ ဧည့်ခန်းမှာထိုင်ကြ၊ လူငယ်တွေလည်း ပါကြတာကိုး၊ ကဲ ပြောစမ်း… မင်းတို့ဒီနှစ် တန်ဆောင်တိုင်ပွဲတော်မှာ မုခ်ဦးအပြင်အဆင်တွေ ဘယ်လိုဆန်းသစ်ကြမလဲ၊ တို့ရပ်ကွက်က နှစ်တိုင်း ချီးကျူးခံရတာပဲ၊ မင်းတို့လူငယ်တွေတော်ကြလို့၊ ကြိုးစားကြလို့ပါ၊ ဆက်လုပ်ကြပါ၊ အမေတို့ ဘယ်လောက်ထည့်ရမလဲ၊ ခွဲတမ်းလား၊ သဒ္ဓါကြေးလား"

"အမေ့ဆန္ဒအတိုင်းပါ အမေ"

ဦးသိန်းကပါးနပ်စွာဖြင့် အမေ့ဆန္ဒပါဟုဆိုသဖြင့် ဆန္ဒအတိုင်း လှူရန်ဆက်ပြောတော့သည်။

"အေး… ဒါဆို အမေ့ဆန္ဒနဲ့လှူရမယ်ဆို ပြောမယ်၊ မင်းတို့ မုခ်ဦးအပြင်အဆင် စဉ်းစားပြီး ပလား"

"မစဉ်းစားရသေးပါဘူးအမေ"ဟု လူငယ်တစ်ဦးက ဝင်ဖြေသည်။

"ဒါဆိုရင် မင်းတို့ ရပ်မိရပ်ဖတွေနဲ့ လူငယ်တွေတိုင်ပင်ကြပါ။



အမေ့အနေနဲ့ ဒီနှစ်မုခ်ဦးကို မြတ်စွာဘုရားသခင်ကို ပဉ္စဝဂ္ဂီငါးပါးပူဇော်နေတဲ့ ရုပ်ကြွရုပ်လုံးပုံကို ခန့်ခန့်ညားညားပုံဖော်၊ ပြည်သူတွေ စိတ်ဝင်စားအောင် အရောင်ခြယ်၊ မီးမောင်းတွေထိုး၊ ပြီးတော့ မီးထွန်းပွဲတော်လမ်းတစ်လျှောက်မှာ မီးပုံးလေးတွေလုပ်၊ ရယ်ရွှင်ဖွယ်ကာတွန်းလေးတွေ သရုပ်ဖော်ပြ၊ ရယ်ရွှင်ဖွယ်ပုံလေးတွေ (၁၀) ခုလောက်ကြည့်ပြီးတဲ့အခါ မြန်မာ့ရိုးရာဂီတ၊ သဘင်သရုပ်ပြပုံ ပန်းချီတွေခင်းကျင်းပြသဖို့ကြိုးစားပါ၊ အဲဒီပြကွက်တွေ လုပ်ပြီဆိုရင်တော့ မင်းတို့လူငယ်တွေကလည်း သင့်တော်တဲ့ဖြေဖျော်မှုမျိုး၊ ကတာခုန်တာဖြစ်သင့်တယ်၊ အမေ့ဆန္ဒအတိုင်းဆိုလို့ အမေ့ဆန္ဒကို မောင်သိန်းတို့အဖွဲ့ အကောင်အထည်ဖော်ပါ၊ ကုန်ကျစရိတ်အားလုံး အမေတစ်ယောက်တည်း လှူပါ့မယ်၊ အမေ့မှာငွေမရှိရင် အိမ်ရောင်းပြီး လှူမယ်၊ ကဲကဲ… အမေကိုယ်တိုင်ကြော်ထားတဲ့ အကြော်လေးတွေ စားကြပါဦး၊ ကုန်ကျစရိတ်တွက်ချက်ပြီး အမေ့ကိုလာပြောကြ"

သိပါသည်။ အမေ ဒီစကားပြောမည်ကို ဦးသိန်းရောကျွန်တော်ပါ သိနေပါသည်။ အမေက မျိုးချစ်စိတ်ဓာတ်ပြင်းထန်သည်။ ယနေ့လူငယ်အချို့ ဒိုးဒိုးဒန့်ဒန့်ကခုန်နေသည်ကို အမေမလိုလားခဲ့၊ နှစ်စဉ် အမေ့ဆန္ဒသည် အထက်ပါကဲ့သို့ ပညာနှင့်လမ်းညွှန်နေကြဖြစ်သည်။ ရပ်မိရပ်ဖတွေနှင့် လူငယ်များညှိနှိုင်းပြီး အမေ့ဆန္ဒပြည့်စေတတ်ပါသည်။

အမေ့စိတ်ထားသည် မြန်မာ့ရိုးရာယဉ်ကျေးမှုပျောက်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ မြန်မာမိန်းကလေးများ၊ ယောကျ်ားလေးများ အတုခိုးမှားမှာ စိုးရိမ်နေပုံရသည်။ ထူးခြားသည်မှာ အမေ့စကား၊ အမေ့စိတ်ထားဖြစ်ပါသည်။

"ကဲ… အမေ့သားကလည်း မြို့နယ်လူကြီး၊ မောင်သိန်းကလည်း ရပ်ကွက်လူကြီး၊ ပါလာတဲ့ကလေးတွေကလည်း တက်ကြွတဲ့လူငယ်တွေ၊

အနာဂတ်ကိုပိုင်စိုးမယ့်လူငယ်တွေ၊ တိုင်းပြည်ကို အုပ်ချုပ်မယ့်လူငယ်တွေ၊ အမေက အသက် (၇၀) ပြည့်ပြီ၊ နေဝင်ချိန်ရောက်နေပါပြီ၊ ဒီနှစ်မင်းတို့ကို ဒီစကားပြောနိုင်ပေမယ့် နောင်နှစ် အမေရှိချင်မှရှိတော့မယ်၊ ဒါကြောင့် အမေဒီနှစ်တော့ စကားအပိုထပ်ပြောချင်တယ်၊ အဓိက လူငယ်တွေပဲ၊ မင်းတို့လေးတွေ သီဆိုမှုတွေ၊ ကခုန်မှုတွေ၊ မိဘမောင်ဘွား၊ မောင်နှင့်နှမ ပြောဆိုကြတဲ့စကားတွေ အင်မတန်ရိုင်းပြလာကြပြီ၊ အမှတ်တမဲ့ မသိလိုက်ကြပေမယ့် တို့နိုင်ငံယဉ်ကျေးမှုပျောက်တော့မယ်၊ မသေမချင်းမှတ်ထား… ယဉ်ကျေးမှုပျောက်ရင် လူမျိုးပျောက်မယ်၊ လူမျိုးပျောက်ရင် တိုင်းပြည်ပျောက်မယ်၊ တိုင်းပြည်ပျောက်ရင် သူ့ကျွန်ဘဝရောက်ပြီမှတ်''

''တိုင်းတစ်ပါးသားယဉ်ကျေးမှုတွေကို တို့မြန်မာလူငယ်အချို့ အထင်ကြီးအတုခိုးပြီး စင်ပေါ်တင်ကြတယ်၊ မြူးကြပျော်ကြတယ်။ တိုင်းတစ်ပါးကိုအထင်ကြီးပြန်တော့ ကိုယ့်လူမျိုးချင်း အထင်သေးလာတယ်၊ မြန်မာမိန်းကလေးအချို့က တိုင်းတစ်ပါးသားကို ဂုဏ်ယူဝင့်ကြွားစွာနဲ့လက်ထပ်လာတာတွေ့ရတယ်။ အဲဒါ လူမျိုးခံရတာပဲ၊ လူမျိုးခံရရင်လည်း လူမျိုးပြုတ်မှာပဲ၊ အမေတို့ငယ်ငယ်က လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်တဲ့အထဲမှာ တိုင်းတစ်ပါးသားကို လက်မထပ်ဖို့၊ အင်္ဂလိပ်ကို နာကြည်းလို့ လိပ်ခွံဘီးတောင် ရိုက်ချိုးတယ်၊ ပြည်တွင်းဖြစ်ကို အားပေးတယ်၊ ခုတော့ တိုင်းတစ်ပါးသားကို လင်သားတော်ချင်၊ တိုင်းတစ်ပါးသားတွေရဲ့ မလုံ့တလုံအဝတ်အစားတွေနဲ့ ကာမမြူဆွယ်တဲ့ဟန်မျိုးတွေ ဝတ်လာကြပြီ၊ မလုံ့တစ်လုံအဝတ်အစားတွေနဲ့ ဆိုကြ၊ ကကြပြီ''

''အနာဂတ် နိုင်ငံတော်ခေါင်းဆောင်လုပ်ကြမယ့် မင်းတို့လူငယ်တွေကို စနစ်တကျနဲ့ယဉ်ကျေးအောင်၊ ယဉ်ကျေးမှုဆိုတာဘာလဲ သိအောင်၊ မျိုးချစ်စိတ်ဓာတ်တွေနိုးကြားလာအောင် ပြောပြနိုင်တဲ့သင်ပြတဲ့ ကျောင်းတွေ



ဆရာတွေ၊ ဆရာမတွေစုဆောင်းလို့ရရင် အမေလေ… ချက်ချင်းပဲ မင်းတို့လေးတွေ မြန်မာကလေးတွေကို ပို့ပေး၊ သင်ပေးချင်တယ်၊ ဒါဟာ အမေ့ဆန္ဒပါ''

''ယဉ်ကျေးမှုမပျောက်ဖို့ လိုလာပြီ''

''လူမျိုးမခံရဖို့ လိုလာပြီ''

''လူမျိုးမပြုတ်ဖို့ လိုလာပြီ''

''သူ့ကျွန်ဘဝကို ပြန်မရောက်ဖို့ လိုလာပြီ''

''ယဉ်ကျေးမှုတက္ကသိုလ်ကြီးတစ်ခုလောက်ဖွင့်ပြီး မြန်မာ့ယဉ်ကျေးမှုတွေ ဖြန့်ဝေဖို့ လိုလာပြီ''

''မျိုးချစ်စိတ်ဓာတ်တွေထက်သန်စေမယ့် သင်တန်းတွေ ဖွင့်လှစ်ပို့ချဖို့ လိုလာပြီ''

''အမေ့ စကားတွေများတော့ သာတို့နားငြီးနေမလားပဲ၊ အမေအသက်ကြီးလှပါပြီ၊ သက်တမ်းလည်းစေ့ပါပြီ၊ မြန်မာ့ယဉ်ကျေးမှု ဖော်ထုတ်ဖြန့်ဝေနိုင်မယ့် ယဉ်ကျေးမှုတက္ကသိုလ်ကြီးကို မျှော်မှန်းတည်ဆောက်ဖို့ အားလုံးမှာတာဝန်ရှိပါတယ်၊ ဒါဟာ လူတစ်ယောက်အတွက်မဟုတ်ဘူး၊ တို့တိုင်းပြည်အတွက်ပါ၊ ကဲကဲ… စကားတွေ ကောင်းနေလိုက်တာ၊ အကြော်တွေ စားကြ… စားကြပါဦး''

အမေတစ်ယောက် ပြောချင်ရာပြောလိုက်ရ၍လားမသိ၊ နိုးကြားတက်ကြွနေပါသည်။ အသက် (၇၀) အရွယ်ဟုပင် သတိမရဟုထင်ပါသည်။ မောရမှန်း၊ ပင်ပန်းရမှန်း၊ သတိမရရှာပါ၊ ယခုတော့ အမေ မရှိတော့ပြီ၊ သို့သော်-

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဒဂုံမြို့သစ်

တောင်ပိုင်းမြို့နယ်၌ (၁၈··၉· ၉၆) နေ့တွင် ယဉ်ကျေးမှုတက္ကသိုလ်ကြီး ဖွင့်လှစ်လိုက်သည်ကို အမေများ မြင်တွေ့လိုက်ရလျှင် အဘယ်မျှ ဝမ်းသာပီတိတို့ ဖြစ်လိုက်ပါမည်နည်း၊ မျိုးချစ်စိတ်ဓာတ်ထက်သန်စေဖို့ သင်တန်းတွေဖွင့်၊ ပြိုင်ပွဲမျိုးစုံကျင်းပပေးနေတာ အမေများမြင်တွေ့လိုက်ရလျှင် အဘယ်မျှ ပျော်နေလိုက်ပါမည်နည်း။

ကိုယ့်အမေမုဆိုးမမှန်းသိလျက်နှင့်ပင် ကျွန်တော်ကလည်း ပုစွန်တုတ်ကြီးဆီပြန်ချက်၊ မနက်ည ဝအောင်စားချင်တဲ့စိတ်က မွေးကတည်းက အကျင့်ဆိုးပါလာခဲ့သည်။ ကလေး (၅) ယောက်မိခင်၊ မုဆိုးမ တစ်ယောက်ပင်ဖြစ်လင့်ကစား ကျွန်တော့်အမေကတော့ သားထွေးလေး ကျွန်တော့်ကို ပုစွန်တုတ်ကြီးဝအောင်စားနိုင်ဖို့ စီစဉ်ပေးနိုင်စွမ်းရှိခဲ့သည်။ အမေ့ကိုဘယ်တော့မှမမေ့၊ ဒါပေမယ့် (၂၇·၄·၈၇) နေ့က အသက် (၇၀) ပြည့်ပြီးမှ အနိစ္စရောက်သွားတဲ့အမေ့ကို ဓာတ်စာအဖြစ် ပုစွန်တုတ်လေးတစ်ကောင်တောင်မှ ဝယ်မကျွေးလိုက်နိုင်တဲ့ ကျွန်တော်၊ ကမ္ဘာတည်သရွေ့ ပိုမမေ့ဟု ဆိုလိုက်ချင်ပါသည်။

အမေက မိခင်တာဝန်ကျေသည်။ သားသမီးဆန္ဒ လိုက်လျောနိုင်သည်။ ရန်ကုန်မြို့မှာ သူများအိမ်မှာ အိမ်ဖော်မကျ၊ မိတ်ဆွေမကျနဲ့ သူ့ကျွန်ဘဝနေနေရတဲ့ ကျွန်တော်တို့မိသားစုရဲ့အမေက ကျွန်တော့်ကို (၉) နှစ်သားအရွယ်ပေမယ့် ယုံကြည်တဲ့သဘော၊ စိတ်ချတဲ့သဘောနဲ့ သုံးဆယ်မြို့၊ အလယ်ကုန်းရပ်ကနေမြင်းလှည်းစီး၊ ဖိုးခေါင်ရွာဂိတ်ဆုံးမှာ



ဆင်း၊ အဲဒီမှာ ဧရာဝတီမြစ်ဆွယ် ဖိုးခေါင်မြစ်တွေ့လိမ့်မယ်၊ အဲဒီကနေစက်လှေစီး၊ နိဗ္ဗာန်ကုန်းရွာကိုလိုက်၊ ရွာရောက်တဲ့အခါ ဦးစိန်ခိုင်၊ ဒေါ်မရင်လို့မေးပြီး အဲဒီအိမ်ကိုသွား၊ အမေမအုန်းရီက အလည်လွှတ်တာလို့ပြောဆိုပြီး ရှမ်းလက်ဖက်ခြောက်လေး အစိတ်သားလောက် လက်ဆောင်ထည့်ပေးလိုက်တယ်၊ ကားခနဲ့အထွေထွေသုံးဖို့ အမေ့ထဘီလေးကို ရတဲ့ဈေးနဲ့ရောင်းပြီး (၁၀) ကျပ်ပေးလိုက်တယ်၊ ထိုခေတ်က ရန်ကုန်–သာယာဝတီပြေးတဲ့ ခိုင်သစ္စာတို့၊ အာဇီဝတို့ကားတွေက လူကြီး (၂) ကျပ်၊ ကလေး (၁) ကျပ်ပဲ ပေးရသည်။ ကောက်ညှင်းပေါင်း (၁၀) ပြားဖိုး၊ ငါးကြော်၊ ပုစွန်ကြော် ငါးပြားတန်တစ်ချပ်ဆို ထမင်းလွတ်စားလို့ရခဲ့သည်။ အမေက ဘာကြောင့်လွှတ်သည်ကို မူလကမသိ၊ ကျွန်တော်ကိုက တစ်ယောက်တည်း စွန့်စားသွားလာရတာကို သဘောကျ၍လည်း အမေလွှတ်တဲ့အတိုင်း ထွက်လာခဲ့သည်။

ကျွန်တော်ဟုဆိုသော လူစွန့်စားလေး ရန်ကုန်ကနေသုံးဆယ်မြို့သို့ ရောက်တော့ နေ့လယ် (၁၂) နာရီထိုးနေပြီ၊ သုံးဆယ်ကနေ ဖိုးခေါင်ရွာကို ကားပဲစီးစီး၊ မြင်းလှည်းပဲစီးစီး စီးပြီးသွားရမည်။ ကားစီးလျှင် လူ(၄၀) လောက်ပြည့်အောင် စောင့်ရမည်။ တစ်ယောက်လျှင် ငါးမူး၊ မြင်းလှည်းစီးလျှင် လူ (၅) ယောက်နှင့် သွားခွင့်ရမည်။ အချိန်နည်းနည်း ပိုကြာမည်။ လမ်းကြမ်းသဖြင့် ဆောင့်မည်။ ကိုယ်လက်နာနိုင်သည်။ ဈေးနှုန်းကတော့ ငါးမူးပဲပေးရမည်။ တစ်ခါတစ်ရံ မြင်းလှည်းကပင် အရင်ရောက်သေးသည် ဟုသိရသည်။ ကားက လူပြည့်မှထွက်တာဆိုတော့ ဖြစ်နိုင်သည်။ ကျွန်တော် မြင်းလှည်းပဲစီးပြီး လိုက်ခဲ့သည်။ အရေးကြီးတာက ရှေ့ခရီး

ဆက်မည့်လူများ စက်လှေမီဖို့လိုသည်။ စက်လှေက အချိန်နဲ့ဝင်ပြီး အချိန်နဲ့ ထွက်မည်။ ခန့်မှန်းခြေ မြစ်ညာကလာတဲ့ စက်လှေ ဖိုးခေါင်ကို မွန်းလွဲ (၂) နာရီလောက်ဆိုက်မည်။ ကုန်တင်ကုန်ချ၊ လူတင်လူချပြီးတာနဲ့ ညနေ (၃) နာရီလောက် ဆက်ထွက်မြဲဖြစ်ပါသည်။

ကျွန်တော်ကတော့ မြင်းလှည်းစီးလာသူဆိုတော့ လမ်းဘေးဝဲယာ ရွာတွေကို တွေ့ခွင့်မြင်ခွင့်ရသည်။ အလေ့ကျပေါက်နေသော ဆီးချိုသီး၊ ဆီးချဉ်သီး၊ မန်ကျည်းမှည့်တွေ မြေပြင်မှာအဖွေးသား ကြွေကျနေတာကို ကောက်စားနိုင်ဖို့ မြင်းလှည်းဆရာက မကြာခဏရပ်ပေးသည်။ ဒါ အမြတ်ပင်။

ေ ေ ေ ေ ေ

ဖိုးခေါင်ကိုကျွန်တော်ရောက်တော့ မွန်းလွဲ (၂) နာရီရှိနေပြီ၊ စက်လှေကိုမတွေ့၊ မြစ်ကမ်းဆိပ်မှာ ဈေးဆိုင်ကလေးများရှိသည်။ လမ်း (တာ ဟုခေါ်သည်) ပေါ်တွင်မျက်နှာမူပြီး မြစ်ကမ်းတစ်ဝက်လောက်၊ ကုန်းပေါ်တစ်ဝက်လောက်အနေအထားနဲ့ ဆောက်ထားတဲ့အိမ်တွေ၊ ဆိုင်တွေကိုတွေ့ရသည်။ အချို့က ကုန်လှောင်တဲကြီး (ယခုခေတ်အခေါ် ပွဲရုံ)များ ဖြစ်သည်။

ဖိုးခေါင်ရွာရှိမြစ်ဆိပ်မှာတော့ ထမင်းဆိုင်မရှိ၊ သွားရေစာအဆင့်သာ ရှိသည်။ ဆေးလိပ်ဆိုင်ရှိသည်။ (ကွမ်းယာဆိုင်မရှိ)။ ခရီးသွားအတော် များများက ဤပတ်ဝန်းကျင်ရှိ အိမ်များ၊ မိသားစုများနှင့် ဆွေမျိုးနီးစပ် တော်ကြသည်။ မိတ်ဆွေများဖြစ်ကြသည်။ ဘယ်အိမ်တက်တက် ထမင်း ကျွေးကြသည်။ ကွမ်းယာစားဖို့ ကွမ်းအစ်ချပေးသည်။ ရေနွေးသောက်ဖို့ စီစဉ်ပေးကြသည်။ အမြည်းစားဖို့ ကြံသကာအချပ်လိုက်ရှိမည်။ မြေပဲလှော် ချပေးမည်။ ငါးခြောက်ဆီစိမ် ကျွေးနိုင်သူကကျွေးသည်။ လာသမျှလူကို ထမင်းကျွေးချိန်ရောက်လျှင် ထမင်းအိုးမီးမညှိုးစေရ။ ဒိုင်ခံချက်ကျွေးသည်။ ငါး၊ ပုစွန်၊ ရေခဲရိုက်မရှိ၊ လတ်လတ်ဆတ်ဆတ်ကို ချက်ချင်း နောက်ဘက် ရေကပြင်ထွက်၊ ကြိုးတပ်၊ ငါးမျှားတံ (သို့) ပလိုင်းချပြီး မတင်လိုက်တာနဲ့ အိမ်ရှေ့မှာရောက်နေတဲ့ ခရီးသွားဧည့်သည် (၁၀) ယောက်စာလောက်ကို အဝကျွေးနိုင်သည်၊ ကျွေးကြသည်။



ကျွန်တော်ပင် နံနက်စာအတွက် တိုက်ကြီးမြို့တွင် ကားခေတ္တရပ် ပေးစဉ်က ကောက်ညှင်းပေါင်းတစ်ပုံ၊ ငါးကြော်တစ်ချပ်၊ တစ်ဆယ့်ငါးပြား ဖိုးတိတိစားခဲ့ပြီးပေမယ့် စားခဲ့ချိန်က နံနက် (၁၁) နာရီလောက်က၊ ယခုညနေ (၃) နာရီထိုးတော့မည်။ စက်လှေလည်းမတွေ့ရသေး၊ ပြောသံ ကြားတာကတော့ စက်လှေ ယနေ့နောက်ကျမည်ဆိုခြင်းပင်၊ ခက်ပြီ၊ အသိကလည်းမရှိ၊ ဆွေမျိုးစပ်စရာကလည်း ကျွန်တော်ငယ်ငယ် ကတည်းက ရန်ကုန်ရောက်နေသူ၊ သုံးဆယ်ဇာတိဖြစ်သူတိုင်း ဤနယ်မြေ တစ်ခွင် ဆွေမျိုးမကင်းဟုသိရသော်လည်း ကျွန်တော် ဆွေမျိုးဘယ်လို စပ်ရပါ့မလဲ၊ မယောင်မလည်ဖြစ်နေတုန်း အဘွားအိုတစ်ဦးက တဲအိမ် အတွင်းမှနေပြီး–

“ဟဲ့ မြေးကလေး… ယောင်လည်လည်နဲ့၊ လူကြီးမပါဘူး လား”ဟု ကရုဏာသက်စွာဖြင့် မေးလာပါသည်။

“မပါပါဘူး အဘွား၊ နိဗ္ဗာန်ကုန်းရွာက ဦးစိန်ခိုင်–ဒေါ်မရင်တို့ ဆီကိုသွားဖို့ စက်လှေစောင့်နေတာပါ”

“ဘယ်ကလာတာတုန်း၊ ဘယ်သူ့သားလေးတုန်းကွဲ့”

“ရန်ကုန်ကလာတာပါ၊ ဦးထွန်း–ဒေါ်အုန်းရီတို့သားပါ၊ ကျွန်တော့် ဇာတိက သုံးဆယ်မြို့၊ ပန်းဆွဲရွာကပါ”

"ဟယ် စိန်ချစ်မြေးလေးပဲ၊ လာ လာ··· အိမ်ပေါ်တက်ဦး၊ မင်းအဖေမရှိတော့ဘူးမို့လား၊ မင်းအမေ အပုလေးက (အမေ့အစ်ကိုအကြီးဆုံးကလည်း ထိုသို့ခေါ်သံကြားဖူးပါသည်) ဒီအရွယ်ကလေးကို စိတ်ချလက်ချ လွှတ်သလား"

"ကျွန်တော်က ခုလိုသွားလာရတာပျော်လို့၊ တစ်ယောက်တည်းလာခဲ့တာပါ၊ အမေကလည်းစိတ်ချပြီး လွှတ်တာပါအဘွားရဲ့"ဟု ပြောပြောဆိုဆိုနဲ့ အဘွားအိမ်ပေါ် အားကိုးတစ်ခုအနေနဲ့ တက်လိုက်မိပါသည်။ အိမ်ပေါ်မှာလည်း ခရီးသွားဧည့်သည်အချို့ ထမင်းစားနေသည်ကို တွေ့ရပါသည်။

"အဘွားက မငွေမြတဲ့၊ တချို့က ဒေါ်လုံမလို့လည်းခေါ်ကြတယ်၊ တချို့က ဘွားလေးလုံမလို့ခေါ်ကြတယ်၊ မင်းအဘိုး စိန်ချစ်တို့၊ မသိန်းတို့နဲ့က ညီအစ်မ၊ မောင်နှမဝမ်းကွဲတွေ၊ တို့သာယာဝတီသုံးဆယ်နယ် တစ်ခွင်ရှိတဲ့သူတွေအားလုံးက ဆွေမျိုးဘယ်သူမှမကင်းဘူး၊ ဟဲ့···မီးဖိုထဲက သာအေးနဲ့ သာခွေး၊ ဒီကလေးက နင်တို့အမျိုးပဲ၊ ထမင်းခူးစမ်း၊ ကျွေးစမ်း၊ စားနေတဲ့ဧည့်သည်တွေကိုလည်း ဟင်းချပေးဦးလေ"အဘွားက စေတနာအပြည့်နှင့်ကျွေးမွေးနေသည်မှာ အလှူအိမ်သဖွယ်ဖြစ်သည်။

စားလက်စထမင်းဝိုင်းထဲမှ အသားမည်းကြုတ်ကြုတ်၊ ရုပ်မဆိုးသော်လည်း မလှတဲ့ဒေါ်ကြီးတစ်ယောက်က-

"ဘွားလေးလုံမ မတရားဘူး၊ နင်တို့အမျိုး ထမင်းခူးကျွေးစမ်းဆိုတော့ ကျုပ်တို့က အမျိုးမဟုတ်တော့ မျှိမကျတော့ဘူး"ဟု စလိုက်တော့-

"ဟဲ့ ခွေးမ (အမည်ရင်းဟု သိရသည်) နင်မျှိမကျပေလို့ ထင်ရဲ့၊ နင့်ရှေ့က ပုစွန်တုပ်ကြီးဆီပြန် ဘယ်နှခါ လဲပြီးပလဲ"ဟု အဘွားက



ခပ်စွာစွာလေးပြောလိုက်တော့ ထမင်းစားနေတဲ့လူတွေအားလုံး ဝါးခနဲရယ်လိုက်ကြပါသည်။

"ဘွားလေးလုံမ၊ ခွေးမကို မျက်နှာလိုက်တယ်၊ ကျွန်တော်တို့ရှေ့ကျတော့ ငါးအိုက်ဟင်း ရေချိုချိုပြီး ခွေးမရှေ့ကျတော့ ပုစွန်တုပ်ကြီးဆီပြန်ချပေးတော့ ဘယ် တရားမလဲ"ဟု သျှောင်ကြီးဖွေ့တစ်ဦးကထပ်မံ စပြန်တော့သည်။

"လာပြန်ပြီတစ်ကောင်၊ ဖိုးဆိတ် (အမည်ရင်းပါပဲ) နင့်ပါးစပ်ပိတ်ထားစမ်း၊ ငွေမြတို့က သူစိမ်းလည်း အမျိုး၊ အမျိုးလည်း အမျိုးပဲ၊ တို့သာယာဝတီ သုံးဆယ်သားတွေဟာ ဘယ်သူ ဆွေမျိုးကင်းလို့လဲ၊ စားစမ်း၊ မီးဖိုထဲရှိသမျှစားကြစမ်း၊ သာအေး၊ သာခွေး ဒီမြေးဖို့ယူလာကြလေ"ဟု ဆိုသောကြောင့်-

"အဘွားငွေမြကလည်း လောလိုက်တာ၊ လာပါပြီဗျ"ဆိုပြီး ထမင်းပူပူ၊ ဟင်းပူပူတစ်ပန်းကန် ကျွန်တော့်ရှေ့၌ ချပေးပါတော့သည်။ ပန်းကန်ထဲ၌ ထမင်းပင်မမြင်ရတော့၊ ပုစွန်တုပ်ကြီးဆီပြန်က ထမင်းပေါ်တွင် အငွေ့တထောင်းထောင်း၊ အနံ့ တသင်းသင်းရှိလှသည်။

အမေ့ကို စိတ်ထဲက ကန်တော့နေမိသည်။ ကျေးဇူးတင်နေမိပါသည်။ မုဆိုးမဖြစ်တဲ့အမေ၊ ပုစွန်တုပ်ကြီးကြိုက်တဲ့သားကို ပုစွန်တုပ်ကြီးစားရအောင် စီစဉ်ပေးတဲ့စွမ်းအား အမေ့မှာရှိလှပါတကား။

"ဟဲ့ မြေးလေး၊ စားလေ၊ ဝအောင်စား၊ ပုစွန်တုပ်ကြီးကိုစား၊ မင်းတို့ရန်ကုန်က ရှီးတွေများနေတာ၊ အတုတွေများနေတာ၊ ဟန်တွေများနေတာ၊ တကယ်အာဟာရဖြစ်တဲ့ အစားအစာတွေက တို့ကျေးလက်မှာမှရှိတာ၊ စားစမ်း၊ ငါး၊ ပုစွန်လတ်လတ်ဆတ်ဆတ်၊ သစ်သီးလတ်လတ်ဆတ်ဆတ်တွေကြီးပဲ၊ ဒီမှာက ရေခဲစိမ်အနွမ်းအပဲ့တွေ မရှိဘူး

ကွယ့်၊ ဟိုကညွှ့်သည်တွေလည်း စားကြနော်၊ ခွေးမနဲ့ဖိုးဆိတ်ကို ပြောမိလို့ စိတ်မကောင်းမရှိကြနဲ့''

တကယ့်စေတနာရှင် အဘွားပါတကား၊ ကျွန်တော်ကလည်း တဝ စားပစ်လိုက်သည်။ အဆီနင့်အောင်ကို စားပစ်လိုက်သည်။ စားသောက်ပြီးကြတော့ ထမင်းဝိုင်းထဲက ဧည့်သည်တွေကလည်း အဘွားကိုကန်တော့ကြသည်။ ကျွန်တော်လည်းကန်တော့သည်။ ကျွန်တော့်မှာက လက်ဖက်ခြောက် အစိတ်သားထုပ်လေးတစ်ထုပ်တော့ ဒေါ်မရင်တို့ကို လက်ဆောင်ပေးဖို့ပါသည်။ ခုတော့ ရှမ်းလက်ဖက်ခြောက်လေးနဲ့ အဘွားကိုကန်တော့ချင်စိတ်ပေါ်လာလို့လည်း-

''အဘွားကို ဒီလက်ဖက်ခြောက်ထုပ်လေး ကန်တော့ပါတယ်''

''အဘွားအတွက် ပြည့်စုံပါတယ်၊ စိန်ခိုင်တို့ မရင်တို့က မြို့နဲ့ဝေးကြတယ်၊ သူတို့ဖို့ယူသွား၊ ငါ့မြေးကြီး ရှေ့ခရီး ဘေးမသီရန်မခဘဲ မိဘရပ်ထံ ပြန်ရောက်ပါစေ၊ အပြန်ကျတော့လည်း အဘွားဆီဝင်ဦး၊ အပုလေးကို အဘွားပေးလိုက်စရာရှိတယ်၊ ဟဲ့ ခွေးမနဲ့ ဖိုးဆိတ်၊ နင်တို့စီးရမယ့်စက်လှေက ဒီအတိုင်းဆို ဖိုးခေါင်ကနေ မိုးချုပ်မှထွက်ဖြစ်မယ်ထင်တယ်၊ ညဉ့်နက်မှ နိဗ္ဗာန်ကုန်းကိုဆိုက်မယ်။ ဒီကလေးကို နိဗ္ဗာန်ကုန်းကမ်းပေါ်တင်ပေးပြီးမှ နင်တို့ဆက်သွား၊ ငါစိတ်ချနေမယ်''ဟု အဘွားက ကျွန်တော့်ကို ဦးဖိုးဆိတ်နဲ့ဒေါ်ခွေးမထံ အပ်လိုက်ပါသည်။

အမှန်ပင်၊ စက်လှေသည် ဖိုးခေါင်မှ ညဉ့်ဦးမှပင် စထွက်ပါသည်။

ဇ ဇ ဇ ဇ ဇ



နိဗ္ဗာန်ကုန်းဆိပ်ကမ်းကို ရောက်တော့ ည (၁၁) နာရီ ထိုးနေပြီဟုသိရသည်။ စက်လှေပေါ်တွင် နိဗ္ဗာန်ကုန်းသားတစ်ဦးပါ၍ တော်သေးသည်။ ထိုသူ၏အကူအညီဖြင့် ဦးစိန်ခိုင်-ဒေါ်မရင်တို့အိမ်ကို ရောက်ခဲ့ပြီ။ နိဗ္ဗာန်ကုန်းတစ်ရွာလုံး အိပ်မောကျနေချိန်မှ ကျွန်တော်ရောက်သွားတော့ ဦးစိန်ခိုင်-ဒေါ်မရင်တို့ တအံ့တသြဖြစ်သွားကြသည်။

ကျွန်တော်ညစာ မစားရသေးသည်ကို သတိထားမိပုံရသည်။ ထမင်းကြမ်းတစ်ပန်းကန် ယူချလာပြီး ခြင်မကိုက်စေရန် နွားမီးဖိုထားသောမီးဖိုထဲသို့ ''ဖုတ်...ဖုတ်...ဖုတ်...''ဟူသောအသံ သုံးသံ၊ ကျသံကိုကြားလိုက်ရသည်။

မကြာပါ ပုစွန်မီးဖုတ်နဲ့ သင်းခနဲရလိုက်သည်။ မကျက်တကျက် ပုစွန်တုပ်ကြီးကို အခွံခွာ၊ အသားကို တစ်လုတ်စာလောက် အတုံးလေးတွေတုံး၊ ပန်းကန်ပြားကြီးထဲထည့်၊ လှီးထားတဲ့ကြက်သွန်နီကို ပုစွန်တုပ်ကြီးအသားတုံးတွေပေါ်တင်၊ ရှောက်သီးအရည်ကိုဖျန်း၊ ဦးစိန်ခိုင်ရဲ့ သန်မာတဲ့လက်ကြီးနဲ့ နယ်ဖတ်ပြီး ကျွန်တော့်ကိုကျွေးပါတော့သည်။

ပုစွန်တုပ်ကြီးအစိမ်းသုတ်ဟု ခေါ်လေမလား။ စားကောင်းလိုက်သည့်ဖြစ်ခြင်း။ အမေ့ကျေးဇူး၊ မိခင်ကျေးဇူး ဘယ်တော့မှမမေ့။ ကမ္ဘာတည်သရွေ့ မမေ့တော့ပါ။

ဇ ဇ ဇ ဇ ဇ

နိဗ္ဗာန်ကုန်းရွာမှာ တစ်ပတ်လောက်နေနေတုန်း မနက်၊ ည ဝအောင်စားရတာက ပုစွန်တုပ်ကြီးဆီပြန်၊ ပုစွန်တုပ်ကြီးအစိမ်းသုတ် ဖြစ်သည်။ ကျွန်တော်ကြိုက်တတ်မှန်းသိ၍ ဒေါ်မရင်ကလည်း ဟင်းမပြောင်းတော့။

ဖိုးခေါင်မြစ်ရိုးတစ်လျှောက်ရှိ ရွာအားလုံးက လယ်ယာလုပ်ငန်း၊

ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း လုပ်ကြသူတွေဆိုတော့ ငါးဆို အလျှံပယ်၊ ပုစွန်ဆိုအလျှံပယ်၊ သစ်သီးဝလံ၊ ဆန်စပါး ဝမ်းစာထားသူကြီး ဖြစ်သည်။ မြစ်ရိုးတစ်လျှောက် သောင်ကမ်းများတွင် ငါးပိလုပ်ရန်လှန်းထားသော ငါးများ၊ ငါးခြောက်လုပ်ရန် လှန်းထားသောငါးများက မျက်စိတစ်ဆုံးမက ရှိပေသည်။

ဢ ဢ ဢ ဢ ဢ

ကျွန်တော်ကြိုက်တဲ့ ပုစွန်တုပ်ကြီးဆီပြန်ချက်၊ နံနက်-ည ဝအောင် စားနိုင်ဖို့ အမေက သူ့စိတ်ကူးနဲ့ဆောင်ရွက်ပေးနိုင်ပေမယ့် အမေ့ ထွက်သက်မကူးမီ အမေ့ကိုဓာတ်စာအဖြစ် ပုစွန်တုပ်ကြီးတစ်ကောင် ကိုတောင်မှ ကျွန်တော်ဝယ်၍မကျွေးနိုင်ခဲ့။ အကြောင်းသော်ကား ဈေးကြီး၍လည်းဖြစ်ပါသည်။ စာမူခကို မိသားစုစားဝတ်နေရေးအတွက် အသုံးချနေရတဲ့စာပေသမားဖြစ်လို့လည်း ဝယ်မကျွေးနိုင်ခြင်းဖြစ်ပါသည်။

သို့သော် ကျွန်တော်ဝင့်လိုက်ပါပြီ။ ကျွန်တော်မွေးထားတဲ့ သမီးနှင့် သားနှစ်ဦးက ကျွန်တော့်သွေးဖြစ်၍လား၊ အလိုက်မသိ၍လား မပြောတတ်။

“အဖေကြီး….စားတော်ဆက်ကြော်ငြာတွေထဲမှာ ပုစွန်တုပ်ကြီး ဆီပြန်ချက်ထားတဲ့ဟင်းတွေ တွေ့ရတယ်။ သုံးကောင် တစ်ပိဿာ လောက်ရှိမလားပဲ။ စားချင်လိုက်တာ၊ ချက်ကျွေးစမ်းပါ၊ မကျွေးနိုင်ရင်တော့ သမီးတို့၊ သားတို့ကို အဲဒီပုစွန်တုပ်ကြီးတွေ မြန်မာပြည်မှာရှိတဲ့ အကြောင်း တွေ့ဖူးအောင်ပြပေးစမ်းပါ အဖေကြီးရာ”

ကဲ-မှတ်ကရော။ ကျွန်တော့်အမေက ကျွန်တော့ဆန္ဒကို အပြည့်အဝ လိုက်လျောနိုင်သည်။ ကျွန်တော့် သားသမီးတွေရဲ့ဆန္ဒကို ကျွန်တော်



လိုက်လျောနိုင်ဖို့ မလွယ်လှပါတကား။ ဝယ်ကျွေးနိုင်ဖို့ဝေးစွ။ မြင်ဖူးအောင်၊ တွေ့ဖူးအောင်ပင် ပြသဖို့ခက်ခဲနေချေပြီ။

သို့သော် ကံကောင်းချင်တော့ သမဝါယမဈေးပွဲတော် (ရန်ကုန်) ဖွင့်ပွဲမှာ ကျွန်တော် ဧည့်သည်တော်အဖြစ် တက်ခွင့်ရလိုက်သည်။ မုခ်ဦးဝင်လိုက်သည်နှင့် ပေ (၃၀) လောက်ရှိသည့် ပုစွန်တုပ်ကြီးရုပ်တု (၂) ကောင်ကို တွေ့လိုက်ရသည့်အပြင် ရွှေဝါ ငါးပုစွန်မွေးမြူရေး (တွံတေး) ကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ မှန်ကန်ကလေးများဖြင့် ပြသထားသော ပုစွန်တုပ်ကြီးများကို တွေ့လိုက်ရသဖြင့် -

“အမေ့လို သားဖြစ်သူကို ပုစွန်တုပ်ကြီးမကျွေးနိုင်ပေမယ့် သြော်… ငါ့ ကလေးတွေ ပုစွန်တုပ်ကြီးမြင်ဖူးအောင် ပြနိုင်တော့မည်”ဟု ကြိတ်ပြီးဝမ်းသာနေမိသူက ကျွန်တော်ရယ်ပါ။

Q Q Q Q Q

# အမေ့အမွေ

ပြောတော့ပြောနေကြတာပါပဲ၊ ဟုတ်မဟုတ်တော့ မူလက ကျွန်တော် မသိရိုးအမှန်ဖြစ်ပါသည်။

“အမွေဆိုတာ စံထိုက်မှ စံရတယ်၊ ရထိုက်မှ ရတယ်”ဟူ၍ ဖြစ်ပါသည်။ ကျွန်တော် သိတတ်စအရွယ်ရောက်တော့ အဖေမရှိတော့ပြီ၊ အမေမုဆိုးမကြီးက သားသမီး (၅) ယောက်ကို ထမင်းဝအောင် အလူးအလဲ ရုန်းကန်ကျွေးမွေးနေသည်ကိုတွေ့ရသည်။

“အမေ စလူခေါင်းရွက်ပြီး ကျွေးရှာသည်”

“အမေ အကြော်ရောင်းပြီး ကျွေးရှာသည်”

“အမေ အုတ်ဖိုတွင် အုတ်သယ်ပြီးကျွေးပါသည်”

အလုပ်တိုင်း၊ အလုပ်တိုင်း အမေအသက်ထွက်မတတ် ပင်ပန်းစွာ လုပ်နေရကြောင်း ကျွန်တော်မြင်တွေ့နေကျဖြစ်သည်။

နောက်အိမ်ထောင်မထူ။

ကိုယ့်သားသမီး သူများအိမ်မှာ အစေခံမဖြစ်စေရ။

မိခင်တာဝန် ကျေလှသည်။

သို့သော် အမေကြီးစားသမျှ အရာမထင်ဖြစ်သွားရသည်လည်း ရှိပါသည်။



ယာဝတီခရိုင်၊ သုံးဆယ်မြို့ကို သောင်းကျန်းသူတွေ မီးရှို့၊ ပစ္စည်းလု၊ လူသတ်တဲ့အကြိမ်တွေက မနည်းလှ၊ ထိုဒုက္ခတွေကြားမှာ အမေလည်း အပါအဝင် ဒုက္ခရောက်ရစမြဲဖြစ်သည်။

❧ ❧ ❧ ❧ ❧

သုံးဆယ်မြို့ကနေ ရန်ကုန်မြို့ကို ပြောင်းပြေးလာပြီး ရရာအလုပ်လုပ်ကြရာက ရန်ကုန်မြို့၊ သမိုင်း ကုလားကျောင်းဈေး (ယခု အမှတ် ၂ ရပ်ကွက်ဈေး) မှာ ဘဲဥ၊ ပဲပင်ပေါက်၊ ပဲပြား၊ ကြံမဆိုင်၊ ခေါက်ဆွဲရောင်းတဲ့တရုတ်ကြီးဆိုင်မှာ မိသားစု ဘဲဥရွေးဘဝကနေ ဈေးကူရောင်းဘဝ၊ ဈေးကူရောင်းဘဝကနေ တရုတ်အဘိုးကြီးရဲ့ ရန်ကုန်မြို့၊ (၁၈) လမ်းကတိုက်မှာ ကျွန်တော်က အလုပ်သမားမကျ၊ အိမ်ဖော်မကျနှင့် သမိုင်းနဲ့ (၁၈) လမ်း ခေါက်ဆွဲထမ်းအလုပ်သမားဘဝ ရောက်ရတော့သည်။

ထိုထက်ဆိုးသည်က “မိလ္လာဆေးတဲ့သူဒီနေ့မလာလို့ ကောင်လေး ဆေးပေးသွားပါဦး”ဟု သာသာလေးခိုင်းလို့ လုပ်ခဲ့ရတာမျိုး။

“ဒီနေ့ အဝတ်လျှော်သမားမလာလို့ ကောင်လေး အဝတ်လျှော်ပေးသွားပါဦး”ဟု ချိုချိုလေးခိုင်းလို့ လုပ်ခဲ့ရတာမျိုးတွေနဲ့ ကျွန်တော် သူ့ကျွန်ဘဝ ရောက်ခဲ့ရဖူးသည်။ ထိုကိစ္စတွေအတွက် အမေ့ကိုမပြောရက်၊ အမေသိရင် ခံမည်မဟုတ်၊ လောလောဆယ် တရုတ်ကြီးပေးထားသည့် အလုပ်က ကျွန်တော်တို့မိသားစုအတွက် စားဖို့အဆင်ပြေသည်။ နေဖို့ကတော့ အမေ့အစ်ကိုကြီး ဦးလှအုန်းရဲ့အိမ်မှာ ကပ်နေ၍ရခဲ့သည်။

ဆိုးသည်က အိမ်သာဆေးပေးရခြင်းထက် မိန်းကလေးအညစ်

အကြေးများပါ လျှော်ပေးရသည်ကိုတော့ ကျွန်တော့်ဘဝ၌ ဘယ်တော့မှ မေ့မည်မဟုတ်။

ကျွန်တော်တို့မှာ မောင်နှမ ငါးယောက်ဆိုပေမယ့် အကြီးဆုံး အစ်မကြီးနဲ့ အစ်မလေးက သုံးဆယ်မြို့မှာ အိမ်ထောင်ကွဲကျန်နေခဲ့တော့ တတိယမြောက်အစ်ကိုကြီးနဲ့ ကျွန်တော့်အထက်အစ်မငယ်၊ ပြီးတော့ အမေနဲ့ ကျွန်တော်၊ ပေါင်း လေးယောက်ပဲ ရန်ကုန်ကိုရောက်လာကြခြင်းဖြစ်သည်။

ဦးကြီး (အမေ့အစ်ကိုကြီး) က အစ်ကိုကြီးကို “ရွှေကျီးစက်ရုံ” လို့ ခေါ်တဲ့ ဆေးဆိုးပန်းရိုက်စက်ရုံမှာ ပညာသင်ထည့်ပေးထားလို့ ကျွန်တော်တို့ မောင်နှမနှစ်ယောက်နဲ့အမေနဲ့ဘဝကို ဆက်လက်ရုန်းကန်နေရတော့သည်။

အမေက ပါးသည်။ အစ်မငယ်လည်း အပျိုပေါက် စဖြစ်လာပြီ၊ ကျွန်တော့်ကိုလည်း မခိုင်းသင့်တာ ခိုင်းနေသည်ဟုလည်း အမေရိပ်မိပုံ ပေါ်သည်။ အမေဆုံးဖြတ်ချက် မဆိုင်းမတွကြေညာတော့သည်။

“သမိုင်းဘုရားလမ်းမှ ဘုရားပွဲတော်တွင် ဒယ်အိုးတစ်လုံး၊ စားပွဲတစ်ဝိုင်းနဲ့ အကြော်သည်ဘဝ ပြန်သွားကြမယ်”

ဘုရားပွဲတော်က ရက်ရှည်တစ်လခွဲ၊ အကျိုးပေးသည်။ ရောင်းကောင်းသည်။ အမေခြေလှမ်းကျဲလာသည်။ သမိုင်းဘုရားလမ်းပွဲမှ မရမ်းကုန်း-တံတားကလေး ကြံ့ခိုင်ရေးပွဲကို ကူးလာသည်။ ဆိုင်ခန်းမဝယ်နိုင်၊ ပုံကျစျေးတွင် ကျူဖျာလေးချပ်မိုး၊ ဒယ်တစ်လုံး၊ စားပွဲတစ်ဝိုင်းနဲ့ အကြော်ရောင်းကြပြန်သည်။ အောင်မြင်သည်။ ပွဲတော်က ရက်ရှည်၊ လရှည် နှစ်လခန့်ကြာသည်။



ဘူသီးတစ်လုံး တစ်မတ်၊ (ဖွဲနုဆီ) တစ်ပိဿာကို ခုဂဏာန်းပဲ တန်တဲ့အချိန်က ကြံ့ခိုင်ရေးပွဲတော်မှာ အမေ့ကြိုးစားမှုကြောင့် အမေ ငွေ (၃၀၀) ကျော် စုမိသည်။ အမေ့စေတနာ၊ အမေ့မေတ္တာကို ကူညီမယ့်သူ ပေါ်လာသည်။ ဆိုက်ကားဆရာ ဦးမောင်ဟန်၊ ဦးမောင်ရှိန်ဟုခေါ်သော အဘိုးအိုကြီးများက စောင့်ရှောက်သည်။ အရေးပေါ်ရင်းနှီးဖို့ တတ်နိုင်သမျှ ချေးငှားသည်။ တစ်နေ့တာ ချေးခြင်းဖြစ်သည်။ ညနေ ဆိုက်ကားသိမ်းလျှင် ပြန်ပေးရသည်။ သူတို့ကျေးဇူးကိုလည်း ကျွန်တော်တို့မိသားစု ကမ္ဘာတည်သရွေ့ မေ့မရနိုင်ပေ။

ကျွန်တော်တို့သာအမိသုံးယောက်ဘဝကို ကယ်တင်တဲ့သူများ ထဲတွင် ထိုခေတ်က (ဆင်ဖြူ/ဆင်မည်း) တံဆိပ်နှင့် ပြေးဆွဲသော ကားလိုင်း လိုင်းမှူးဦးအောင်သန်းလည်း ပါဝင်သည်။ ဦးအောင်သန်းက သာယာဝတီ သုံးဆယ်သားဖြစ်သည်။ တစ်ချိန်က လူသတ်သမား၊ အရက်သမားဟု သိရသည်။ သုံးဆယ်သားတွေ ဒုက္ခရောက်နေတာကြားလို့ဆိုပြီး လာတွေ့သည်။ အမေ့ကိုအမျိုးစပ်သည်။ အစ်မကြီးဟုခေါ်သည်။

ဦးအောင်သန်းကျေးဇူးကြောင့် တံတားကလေး ကြံ့ခိုင်ရေးကုန်းတွင် ငွေ (၂၀၀) လောက်နဲ့ အိမ်ကလေးတစ်လုံး ကျူးကျော်နေထိုင်ခွင့် ရလိုက်သည်။ မှတ်မိသလောက် ခုနှစ်တွက်ကြည့်သောအခါ ၁၉၆၀ ပြည့်နှစ် ဝန်းကျင်ဖြစ်ပါသည်။ ထိုစဉ်က အစ်ကိုကြီးသည် အမေ့အနား မကပ်၊ ကျွန်တော်တို့မောင်နှမနှင့်ပင် တစ်ရက်လာမအိပ်ခဲ့။

အမေကြိုးစားသည်။ ပို၍ကြိုးစားသည်။ ကျွန်တော်တို့ကို ကျောင်းပြန်ထားသည်။ အမေ့စေတနာ၊ မေတ္တာတွေက ကျယ်ပြန့်လာသည်။

အကြော်လုပ်ငန်းလည်း ကြီးထွားလာသည်။ ငါးသလောက် အကောင်လိုက် ရောင်းတဲ့အထိဖြစ်လာသည်။ ငါးသလောက် အကောင်လိုက် အချိန် (၁၅၀) လောက်ထိ ကြော်ရသည်။ ငါးခုတ်အလုပ်သမားတွေပင် ခေါ်ထားရသည်။ ငါးခုတ်အလုပ်သမများ ခေါင်း၊ အမြီး၊ အတွင်း ကလီစာများ အိမ်စားဖို့ယူသွားခွင့်ရှိသည်။

အိမ်အပြန် ငါးခေါင်းကြော်၊ အမြီးကြော် တန်သလောက် ပေးသေးသည်။ အလုပ်သမားများ၏သားသမီးများ ပညာရေးကို ထောက်ပံ့ပေးသည်။ (မှတ်ချက်။   ။ အမေ စောင့်ရှောက်ပညာသင်ကြားပေးခဲ့သော ကျောင်းသား၊ ကျောင်းသူများ အချို့ နိုင်ငံခြားပညာသင်အဖြစ် သွားခဲ့သူ အများအပြားရှိသလို နိုင်ငံတော်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများတွင် ညွှန်ကြားရေးမှူးအဆင့်အထိပင် ရောက်ရှိနေလေပြီ။)

အမေက သူများဒုက္ခရောက်နေလျှင် ကူညီသည်။ ဆင်းရဲလျှင် ပံ့ပိုးသည်။ လှူသည်။ ပေးကမ်းစွန့်ကြဲသည်။ သို့သော် အမေ့ နားပေါက်ထဲတွင် နားကပ်တစ်ရံ မဝတ်ခဲ့ပေ။

အချို့က အမေ့ကို သူဌေးဟုထင်ကြသည်။ ရွှေတွေ၊ ငွေတွေ အထုပ်လိုက်ရှိသည်ဟု တွေးကြသည်။ ထိုတွေးသူထဲတွင် အစ်ကိုကြီး လည်းပါသည်။ အမေ့ကို မကြာခဏ အမွေတောင်းသည်။

အမေက–

"ဟဲ့… အမွေဆိုတာ စံထိုက်မှစံရတယ်၊ ရထိုက်မှရတယ်၊ ဒါပေမဲ့ ငါ့ဆီကအမွေကို နင်မမျှော်နဲ့၊ နင် ယူတတ်မှရမယ်"ဟု အမြဲပြောလေ့ရှိသည်။ သို့သော် အစ်ကိုကြီး၏ စိတ်ပိုင်းဆိုင်ရာနှိပ်စက်မှုကြောင့် အမေမကြာခဏ မျက်ရည်ကျကျနေသည်ကို ကျွန်တော် စိတ်



မချမ်းမြေ့။ သို့သော် အစ်ကိုကြီးကို ကျွန်တော်ခွန်းတုံ့မပြန်ဖူးခဲ့။

အမေသည် (၂၇-၄-၈၇) နေ့က အသက် ၇၀ ပြည့်ပြီးမှ တမလွန်သို့ကူးသွားခဲ့သည်။ အမေပေးခဲ့သော သော့ကိုယူ၍ သေတ္တာများကို အမေ့အစ်မကြီးရှေ့တွင် ဖွင့်ဖောက်ကြသည်။ ငွေ ၉၀၀ ကျပ်မှလွဲ၍ ဘာမျှမတွေ့၊ ထူးထူးခြားခြား ခဲတံနှင့်ရေးထားသောဘုတ်အုပ် (ဖတ်စာအုပ်) အနွမ်းလေးကိုတွေ့ရသည်။ လက်ရေးမညီမညာ၊ ခဲတံ မထင်မရှားဖြစ်သော်လည်း·········။

"ဥစ္စာဟာ မမြဲဘူး"

"ဒါနကုသိုလ်မှ မြဲမယ်"

"ချမ်းသာဖူးတဲ့ငါ၊ သောင်းကျန်းသူကြောင့် အကြိမ်ကြိမ် ဆင်းရဲခဲ့ဖူးပြီ"

"ရိုးရိုးသားသားနဲ့ ကြိုးစားရှာ"

"သဒ္ဒါပေါက်အောင်တွေး၊ စေတနာပေါ်မှ လှူ"

"လူဖြစ်အောင်လည်း ကြိုးစားရမယ်"ဆိုတဲ့ စာများကို တွေ့ရသည်။

အစ်ကိုကြီးနဲ့အတူ ကျွန်တော်တို့မောင်နှမ ငါးဦး အမွေခွဲရန် စိတ်ကူးကြည့်သည်။

"အစ်မအကြီးဆုံးက ကလေး (၁၂) ယောက်နဲ့ ဆင်းရဲနေတယ်"

"အစ်မလေးလင်မယားက သေဆုံးသွားကြပေမယ့် ကျန်ခဲ့တဲ့ ကလေးနှစ်ယောက်ရှိတယ်"

“အစ်ကိုကြီးက ဝန်ထမ်း၊ သူ့မိန်းမက ကုန်သည်၊ ကလေးက သုံးယောက်”

“အစ်မငယ်က အိမ်ထောင်ကျပေမယ့် အမေနဲ့သေမှခွဲမယ့် အတူနေ ကလေးသုံးယောက်မိခင်”

“ကျွန်တော်ကလည်း အမေနဲ့ သေမှခွဲမယ့်မိသားစု”

အစ်မတွေအားလုံးနဲ့ အစ်ကိုကြီးက တကယ်တမ်း အမေ အသက်ထွက်သွားပြီဆိုတော့ မည်သူမျှ အမွေစကားမပြောတော့ပါ။

အထွေးဆုံးလေးကျွန်တော့်ကို ကြိုက်တာလုပ်ဟု လွှဲပေးပါသည်။ အမေ့အမွေကို ကျွန်တော်ရလိုက်သည်။

ယနေ့အထိ ရဟန်း ၂၀ ပါး၊ သာမဏေ ၂၄၅ ပါး၊ သီလရှင် ၄၅ ပါးတို့အား သာသနာ့ဘောင်သို့ အမေ့ကိုရည်စူးပြီး လှူဒါန်းခဲ့ပြီးပါပြီ၊ အမေရောက်ရာဘဝက အမေသာဓုခေါ်နိုင်ပါစေသော်။

L L L L L

## အမေ့နို့စေတနာ

အမေ...

အမေကွယ်လွန်ခဲ့တာ ၁၀ နှစ်ကျော်ကာလဖြစ်ခဲ့ပြီ။ သို့သော် အမေ့ကို တစ်နေ့မှ မေ့မရခဲ့ပါ။ အနည်းဆုံး တစ်နေ့တစ်ကြိမ်တော့ သတိရစမြဲဖြစ်ပါသည်။ ဘုရားရှိခိုးမေတ္တာပို့ချိန်တွင် အမေ့ကိုသတိမရဘဲ မနေနိုင်ခဲ့ပါ။

ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့ရသည့်အမေသည် သားတွေ၊ သမီးတွေကို ဒုက္ခမျိုးစုံခံပြီး နောက်အိမ်ထောင်မထူဘဲ အသက် ၇၀ ထိအောင် ရှာဖွေကျွေးမွေးခဲ့သူဖြစ်ပါသည်။

ကျွန်တော်ထင်ပါသည်။ အမေ့ကို ကျွန်တော်တစ်ယောက်တည်း သတိရနေခြင်းမဟုတ်တန်ရာ၊ အမေ့သားသမီးတွေလည်း သတိရနေကြမည်။ အမေ့ မြေးမြစ်တွေလည်း သတိရနေပါမည်။ ထိုထက်မက အမေ့ ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေတွေကလည်း သတိရနေမည်ဖြစ်ပါသည်။ သာယာဝတီသုံးဆယ်မှာနေစဉ်က ပန်းဆွဲရွာတစ်ရွာလုံး အမေ့ကို ရင်းနှီးကြသည်။ သို့ဆိုလျှင် အမေ့ကို သတိရနေကြမည်ထင်ပါသည်။

၅ ၅ ၅ ၅ ၅

ကျွန်တော့်ကို မိသားစုထဲမှာ အထွေးဆုံးလို့ အများကထင်ကြသော်လည်း အမှန်တော့ကျွန်တော်သည် နို့ညှာဖြစ်ပါသည်။ မှတ်မှတ်ရရရှိခဲ့သည်မှာ သုံးဆယ်မြို့၊ ပန်းဆွဲရွာ၊ ဥယျာဉ်ကျောင်းဆရာတော် အန္တိမစျာပနသဘင်အား ပန်းဆွဲရွာရှေ့ လယ်ပြင်ကြီးတွင် ခမ်းခမ်းနားနားကျင်းပစဉ်က ဆရာတော်ကြီးအား မီးသင်္ဂြိုဟ်ရာတွင် သျှော်နံ့များ ရှူရှိုက်မိသောလသားအရွယ်ကျွန်တော့်ညီလေး မူလရောဂါခံဖြင့် သျှော်မိ၍ သေဆုံးခဲ့ရသည်။ ထိုစဉ်က ကျွန်တော့်ညီလေးမှာ ရှိလှမှ (၁) လသား (၂) လသားလောက် ဖြစ်မည်ထင်ပါသည်။ ကျွန်တော့်အောက် (၄) နှစ် လောက်ငယ်တဲ့ညီလေး သေဆုံးသွားသည့်အတွက် ကျွန်တော်သည် နမြောမိသည်မှအပ ဘာမျှနားမလည်ခဲ့၊ အမေနှင့်အစ်မများ၊ ဆွေမျိုးမိတ်ဆွေများငိုကြတော့ ကျွန်တော်လိုက်ငိုမိတာမျိုးတော့ ရှိခဲ့သည်။ ဘာဆို ဘာမှတော့နားမလည်ခဲ့ပေ။

မွေးဖွားခြင်း/သေဆုံးခြင်း အကြောင်းတရားကို ကလေးတစ်ယောက်အနေနဲ့ ဘာမှမသိသော်လည်း ကလေးမွေးတာကြားဖူးပါသည်။ လူသေတာလည်း ကြားဖူးပါသည်။ ကျွန်တော်တို့ငယ်ငယ်က လူသေအလောင်းနား မကပ်ရဲ၊ လူသေအိမ် မသွားရဲ၊ လူကြီးတွေကလည်း နာရေး (အသုဘ) အိမ်ကို မလွှတ်ကြပါ။ ထို့ကြောင့် ကျွန်တော်လည်း ကလေးဘဝက နာရေးအိမ်နှင့်သုသာန်များသို့ မရောက်ဖြစ်ခဲ့ပါ။

သို့သော် ကျွန်တော်ချစ်သော ဒေါ်လေးမယ်ခင်တစ်ယောက်ဖြုန်းစားကြီး ကွယ်လွန်သွားကြောင်း တစ်ရပ်ကွက်လုံးသိလိုက်ရတဲ့အချိန်ကျွန်တော်လည်းသိလိုက်ပါသည်။ ကျွန်တော်ချစ်တဲ့ ဒေါ်လေးမယ်ခင်သေတဲ့အိမ်ကိုတော့ ကျွန်တော် သွားချင်ခဲ့သည်။ ဒေါ်လေးမယ်ခင်ရဲ့အသုဘရုပ်အလောင်းကို ကြည့်ချင်သည်။ ဒေါ်လေးမယ်ခင်နှင့်ကျွန်တော်



နေလယ်ပိုင်းက ဆုံသေးသည်။

ကျွန်တော့်ကို ကုန်စုံရောင်းတဲ့ ဒေါ်လေးမယ်ခင်က ပဲကြီးလှော်တွေနှိုက်ကျွေးသည်။ ထန်းလျက်ခဲနဲ့ ကြံသကာကို ဘယ်တစ်ခု ညာတစ်ခုကိုင်စေပြီး စားစေသည်။ ကျွန်တော့်ကို "သား၊ သား"ဟု အခေါ်များသည်။ ကျွန်တော် (လေးဖက်သွား) အရွယ်က ဒူးညိုခဲ့သဖြင့် အရပ်ကဒူးညိုဟု အခေါ်များသော်လည်း ဒေါ်လေးမယ်ခင်က "သား၊ သား"ဟုခေါ်သဖြင့် ပို၍ ပီတိဖြစ်ခဲ့မိသည်။ ကျွန်တော့်အိမ်နှင့် ဒေါ်လေးမယ်ခင်အိမ်အား သုံးဆယ်ချောင်း ခြားနေသည်။ သို့သော် ဒေါ်လေးမယ်ခင်ထံမကြာခဏရောက်သည်။ ကျွန်တော်မရောက်ဖြစ်ခဲ့လျှင်လည်း လူကြုံနဲ့ခေါ်ခိုင်းလေ့ရှိသည်။ ဒေါ်လေးမယ်ခင်က သမီးသုံးယောက်မိခင်ဖြစ်သော်လည်း သားတစ်ယောက်မှမရှိ၍ ကျွန်တော့်ကိုချစ်နေခြင်းလည်းပါမည်ထင်ပါသည်။ နေ့လယ်က ဒေါ်လေးမယ်ခင်နဲ့ဆုံတော့-

"သား... သားညီလေးယူမလား"ဟု သူ့ဗိုက် (ကိုယ်ဝန်)ကိုပြပြီး မေးလာတော့သည်။ ကျွန်တော်ကလည်း ညီလေးသေဆုံးထားတာရက်ပိုင်းပဲရှိလေတော့ ညီလေးလိုချင်နေမိသည်။

"ယူမှာပေါ့ ဒေါ်လေးမယ်ခင်ရ"

"သား... သားအတွက် ညီလေး ဒေါ်လေးမွေးပေးမယ်"ဟုပြောခဲ့သောစကားကို ယနေ့ထက်တိုင် ကြားယောင်နေဆဲဖြစ်ပါသည်။

မိုးချုပ်စပ်မှာ ရွာထဲဆူဆူညံညံနဲ့ ဒေါ်လေးမယ်ခင် ကလေးမွေးပြီးပြီးချင်း သေဆုံးသွားကြောင်း ဆွေမျိုးများ၊ မိတ်ဆွေများထံ လိုက်လံအကြောင်းကြားသဖြင့် အမေနှင့်ကျွန်တော် ချောင်းကိုဖြတ်ကူးပြီး ဒေါ်လေးမယ်ခင်တို့အိမ်သို့ သွားခဲ့ကြသည်။ ဒေါ်လေးမယ်ခင်အိမ်ရောက်တော့

အမေ့မောင် ဦးမြအေးက အမေ့ကိုလည်းမြင်ရော–

“အစ်မလေးညီမတော့ ဆုံးပြီဗျာ၊ ယောကျ်ားလေးမွေးရင် သူ သေချင်သေရပါစေလို့ သားရူး ရူးခဲ့တဲ့ အစ်မလေးညီမမယ်ခင်လေ သားလေးမွေးပြီး ထားခဲ့ပြီဗျာ”ဟု မချိတဲ့အသံနဲ့ ပြောပါတော့သည်။

ခြံထဲမှာ၊ အိမ်ထဲမှာ နာရေးမေးသူတွေ၊ နာရေးကိစ္စလိုအပ်တာ ဆောင်ရွက်နေသူတွေနဲ့ ရှုတ်ရှက်ခတ်နေတဲ့ကြားက အမေက လူတွေကို တိုးဝှေ့ဝင်သွားပြီး၊ စကောလေးထဲ အနှီးများနဲ့ထွေးဖွဲ့ထားတဲ့ ကလေးကို သူ့ရင်ခွင်ထဲ ထည့်လိုက်သည်။ ပြီးတော့ သင့်ရာမှာလှဲလျောင်းပြီး ကလေး ကို အမေ့နို့စတင်တိုက်ကျွေးပါတော့သည်။

ေ ေ ေ ေ ေ

ကျွန်တော် မှတ်မိနေပါသည်။ ကျွန်တော့်အသက် လေးနှစ်၊ ငါးနှစ် အရွယ်ကဖြစ်ရပ်လေးများ ဖြစ်သော်လည်း ထူးဆန်းတဲ့အဖြစ်ကလေးများမို့ မှတ်မိနေခြင်းလည်း ဖြစ်ပါသည်။ “ဒေါ်လေးမယ်ခင် သားလိုချင်တဲ့ ဒေါ်လေးမယ်ခင်” သားယောကျ်ားလေး မွေးပြီးလျှင်မွေးပြီးချင်း သေဆုံး သွားခဲ့သော်လည်း သားစိတ်မွှန်နေ၍လားမသိ၊ မပုပ်မသိုးဖြစ်နေသဖြင့် ခုနစ်ရက်ပြည့်တဲ့နေ့မှပင် သုသာန်သို့ ဂူသွင်းပြီး၊ ဂူကိုပင် အသက်ရှူပေါက် လေဝင်ပေါက်ဖြင့် လုပ်ပေးထားခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

ကလေးဘဝက ဘာမျှနားမလည်သော်လည်း ဒေါ်လေးမယ်ခင် ရုပ်အလောင်း အိမ်မှာရှိစဉ်က ကလေးနို့ဆာလို့ငိုတဲ့အခါမျိုးမှာ ဒေါ်လေး မယ်ခင်ရဲ့နို့အုံမှ နို့များ သက်နေတတ်သဖြင့် အဝတ်အစားလဲပေးရသည်ကို တွေ့ရသည်။ မိခင်မေတ္တာကြီးမားလှကြောင်း ယခုမှ ပြန်စဉ်းစားမိတော့ သည်။



ဒေါ်လေးမယ်ခင်ရဲ့သားလေးကို“လှဝင်းတင်”ဟု အမည်ပေးခဲ့ ကြသည်။ နို့တိုက်မိခင်အဖြစ် အမေက တာဝန်ယူသည်။ အမေ့မောင် ဦးမြအေးကလည်း အမေ့ကိုအားကိုးသည်။ အမေ့အစ်မကြီး ဒေါ်အုန်းကြည် ကလည်း ဦးလေးမြအေးနှင့် ခြံချင်းကပ်လျက်နေတော့ ကလေးရဲ့ဝေယျာ ဝစ္စများကို တာဝန်ယူလုပ်ပေးသည်။ “လှဝင်းတင်”လေးအသက်ကို ကျွန်တော့်အမေနို့ဖြင့်ရှင်သန်ခဲ့ရာက ယနေ့ဆိုလျှင် တက္ကသိုလ် (သစ်တော) ဘွဲ့ပင် ရခဲ့ပြီး နိုင်ငံတာဝန်ကို အရာရှိကြီးအဖြစ် ထမ်းဆောင်နေပြီဖြစ်သည်။

လှဝင်းတင် ယခုလိုဘဝ၊ အဆင့် ရောက်လာခဲ့ခြင်းမှာ အသက်ရှင် နေ၍ဖြစ်ပါသည်။ ကျေးလက်နေပြည်သူတွေအနေနဲ့ ဝမ်းမှကျွတ်ကျွတ်ခြင်း မိခင်သေဆုံးသွားရတဲ့ကလေးအတွက် နို့မှုန့်၊ နို့ဘူးဆိုတာ မရှိနိုင်ပါ။ လူဂုဏ်တန်တို့သာ မိခင်ကိုယ်တိုင်က မိမိကလေးကို မိမိနို့မတိုက်ချင်၍ ကြို့တင်ပြင်ဆင်ထားမှသာ အသင့်ရှိနိုင်ပေမည်။ အများစုသော ကျေးလက် နေ ပြည်သူတို့မှာတော့ နွားနို့၊ ဆိတ်နို့ထက် အခြားနို့မရနိုင်။

“လှဝင်းတင်”ကလေးကို ကျွန်တော့်အမေနို့နဲ့ လူ့ဘဝထဲမှာ ယနေ့တိုင် ကျန်းမာသန်စွမ်းစွာဖြင့် နေခွင့်၊ ထိုင်ခွင့်၊ ဘွဲ့ရခွင့်၊ တိုင်းပြည် တာဝန်ထမ်းဆောင်ခွင့် ရနေခြင်းအတွက် ကျွန်တော် များစွာပီတိဖြစ်မိပါ သည်။

ထိုအတွက်လည်း မိခင်နို့၏အရည်အချင်းများ၊ အကျိုးသက်ရောက် မှုများကို ကျွန်တော်သိလိုလာခဲ့သည်။ ပြန့်ပွားစေလိုလာသည်။ သိလိုသဖြင့် လေ့လာရတော့သည်။

## “မွေးဖွားပြီးပြီးချင်း မိခင်သေဆုံးခြင်း”

**တစ်ခါတစ်ရံ မွေးဖွားပြီး၊ မိခင်သေဆုံးတတ်ပါသည်။ ထိုအခါမျိုးတွင် ကလေးအား နို့တိုက်ကျွေးရန်မှာ ဆေးရုံ၌ “နို့ဘဏ်”ထားရှိခြင်းဖြင့်လည်းကောင်း၊ အိမ်တွင်မွေးဖွားပါက အခြားကျန်းမာသော မိခင်တစ်ဦး၏ နို့ကို စို့စေခြင်းဖြင့်လည်းကောင်း မိခင်နို့ရည် ရရှိနိုင်ပါသည်**ဟု ကျန်းမာရေးလမ်းညွှန်မှုတစ်ရပ်ကို ဖတ်ရှုမိသောအခါ ကျေးလက်နေအသိဉာဏ်မပြည့်စုံသော ကျွန်တော့်အမေ၏ မိခင်မဲ့ကလေးအပေါ်ထားခဲ့သော“အမေ့နို့” စေတနာအလှူအား ကျွန်တော်မေ့၍ မဖြစ်နိုင်ပါ။